မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် | ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၁၁၅)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူနှင့် ဒေါက်တာအောင်သူ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကလေးမြို့နယ်ရှိ ရာဇဂြိုဟ် ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မော်တော်ယာဉ်ဖြင့် ရာဇဂြိုဟ်ရေလှောင်တမံ၏ ပင်မတမံနှင့် ကုန်းကျောတမံတို့ကို လှည့်လည်ကြည့်ရှုရာ ရေယူအဆောက်အအုံ၌ ရေလှောင်တမံအတွင်း ဝင်ရောက်လာသည့် သဲနုန်းများအား နုန်းစုပ်စက်ကြီးများဖြင့် စုပ်ထုတ်ခြင်း၊ Air Compressor နှစ်လုံးဖြင့် နုန်းများကို ဖွစေပြီး ရေတံခါးဖွင့်၍ နုန်းများ ရေစီးနှင့် မျောပါစေခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆည်မြောင်းနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ရာဇဂြိုဟ်ရေလှောင်တမံတွင် ကြည့်ရှုစစ်ဆေးစဉ်။

ဓာတ်ပုံ-သက်အောင်

ရာဇဂြိုဟ် ရေလှောင်တမံသည် အမြင့် ၁၆၅ ပေ၊ အလျားပေ ၁၃၆၀၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး လယ်မြေဧက ၈၅၀၀ ကို ဆည်ရေပေးဝေနိုင်သည့်အပြင် နှစ်စဉ် ရေအားလျှပ်စစ် ၂၁ ကီလိုဝပ်နာရီသန်းပေါင်းကို ထုတ်ပေးနိုင်

KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

လယ်ယာမြေစနစ်အတွက် အထောက်အပံ့ကောင်းများဖြစ်ရေး

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို လွန်ခဲ့သည့် ဒီဇင်ဘာက အစားထိုးဖြည့်စွက်မှုများစွာပြုလုပ်ကာ ဒုတိယအကြိမ် ထပ်မံပြင်ဆင် ပြဋ္ဌာန်းခဲ့သည်။ ယင်းတွင် မူလက စိုက်ပျိုးရေးအတွက် ချေးငွေသာပါသော်လည်း ယခုဥပဒေတွင် မွေးမြူရေးစရိတ် ချေးငွေယူခွင့်ပါဖြည့်စွက်လိုက်ခြင်းက စိုက်ပျိုးရေးသမားများအတွက်သာမက မွေးမြူရေးသမားများအတွက်ပါ မျှော်လင့်ချက်ရှိလာပြီ ဖြစ်သည်။

အရေးကြီးသည်မှာ ထိုချေးငွေ၊ အကူအညီအထောက်အပံ့နှင့် သင့်တင့်သည့် အရင်းအနှီးများကို အမှန်တကယ်လိုအပ်သူများလက်ဝယ်သို့ အပြည့်အဝရောက်ရှိအောင် စီမံဆောင်ရွက်မည်ဟု ဆိုသည့်အတွက် ပိုမိုကောင်းမွန်လာမည်ဟုလည်း မျှော်လင့်ရပါသည်။

ပြည်သူ့အစိုးရခေတ်တွင် လယ်သမားများအတွက် စိုက်ပျိုးရေးစရိတ်ထောက်ပံ့မှုကို ပိုမိုတိုးမြှင့်ပေးနိုင်ရန်၊ ပိုမိုမြန်ဆန်ပြီး ထိရောက်ရေးကို ဦးတည်ဆောင်ရွက်လာခဲ့ရာ ယခုအခါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ယခင် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့သည်ကို တွေ့ရ၏။

မိုးစပါး ချေးငွေ၊ ဆောင်းသီးနှံ ချေးငွေ၊ မိုးကြိုချေးငွေဟူ၍ သုံးမျိုးပေးထားပြီး ချေးငွေနှုန်းထားများကိုလည်း တိုးမြှင့်ပေးထားသည်။ ယင်းကဲ့သို့ လယ်သမားများအဆင်ပြေရေး ကြိုးပမ်းဆောင်ရွက်နေသော်လည်း လက်တွေ့တွင် ချေးငွေအချိန်မီမရရှိသည့် အခက်အခဲများက ရှိနေဆဲဖြစ်သည်။ မိုးစပါးချေးငွေက မိုးရာသီကုန်ဆုံးချိန် စက်တင်ဘာလအထိ နောက်ကျမှ ရနေဆဲဖြစ်သလို ဆောင်းသီးနှံချေးငွေက ဒီဇင်ဘာလကုန် အပြီးဟု ရည်ရွယ်ထားသော်လည်း ဇန်နဝါရီလကုန်အထိ ထုတ်ချေးပေးနေရဆဲ ဖြစ်သည်ကို တွေ့ရပါသည်။

ချေးငွေ စာရင်းပြုစုရာတွင် ကျွမ်းကျင်မှုအားနည်းခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်စိစစ်ရာတွင် ကြန့်ကြာမှုများ ရှိနေ၏။ ချေးငွေ ညွှန်ကြားလွှာများထုတ်ပြန်ရာတွင် အကြိမ်ကြိမ် ပြင်ဆင်ထုတ်ပြန်နေရခြင်းကလည်း ချေးငွေအချိန်မီရရှိရန် နှောင့်နှေးစေသည့် အကြောင်းရင်းဖြစ်ပါမည်။ ချေးငွေကို ကိုယ်စားလှယ်လွှဲဖြင့် ထုတ်ခွင့်မရသည့်အခါ သက်ကြီးရွယ်အိုများအတွက် ခက်ခဲရသည်များလည်း ရှိနေသည်။ အိမ်တိုင်ရာရောက် ထုတ်ပေးမည်ဟု ရည်ရွယ်ထားကြောင်း သိရသော်လည်း ဝန်ထမ်းအင်အားနှင့်မမျှ၍ လက်တွေ့မဖြစ်နိုင်သေး။ ကျေးရွာဘဏ်ကော်မတီများဖွဲ့နိုင်လျှင် အဆင်ပြေမည်ဟု တောင်သူတို့က ပြောကြသည့်အသံကိုလည်း ကြားရပါသည်။

အစိုးရက သတ်မှတ်ခွင့်ပြုသည့် ဘဏ် သို့မဟုတ် တောင်သူလယ်သမားများအကျိုးစီးပွားအလို့ငှာ ချေးငွေ လုပ်ငန်းဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့၊ အဖွဲ့အစည်းတို့က နှစ်စဉ်၊ နှစ်တို နှစ်ရှည် ချေးငွေများ ထုတ်ချေးခြင်း၊ ပြန်လည်ပေးအပ်ခြင်းတို့ လိုအပ်ပါက ဦးဆောင်အဖွဲ့က ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ပေးရမည်ဟု ဥပဒေတွင် နောက်ထပ်အစားထိုးတစ်ခု တွေ့ရပါသည်။ ဤသည်ကိုထောက်၍ တောင်သူလယ်သမားတို့ ပုဂ္ဂလိကချေးငွေများရရှိနိုင်ရန်လည်း မျှော်လင့်ချက်ရှိလာပါသည်။ အစိုးရက ပေးသည့် နှစ်တိုချေးငွေအစား ပုဂ္ဂလိက နှစ်ရှည်ချေးငွေကို ရရှိနိုင်လာမည်ဟု မြင်ပါ၏။ ဦးဆောင်အဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ချေးငွေရယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ ပိုမိုမှန်ကန် လွယ်ကူလာနိုင်ပါသည်။ ချေးငွေအမည်ခံ၍ လယ်သမားများကို လိမ်လည်မည့်သူများ၏ အန္တရာယ်ကိုလည်း ကာကွယ်နိုင်မည်ဟု ယူဆပါသည်။

မြန်မာ တောင်သူလယ်သမားတို့မှာ အရင်းအနှီး လိုအပ်ချက် မြင့်မားနေဆဲဖြစ်ပြီး အထောက်အပံ့ကောင်းများအဖြစ် ချေးငွေစနစ် လွယ်ကူထိရောက်ချောမွေ့ရေး လိုအပ်သကဲ့သို့ လယ်သမားတို့ကလည်း ရရှိသည့်ချေးငွေကို စိုက်ပျိုးရေးအတွက်လိုအပ်သည့် အရင်းအနှီးအဖြစ် စနစ်တကျ စီမံအသုံးပြုခြင်း၊ အချိန်မီ ပြန်လည်ပေးဆပ်ခြင်းတို့ဖြင့် အောင်မြင်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို တည်ဆောက်နိုင်မည်ဟု ရှုမြင်ပါကြောင်း။ ။

၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံး ညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

ရှမ်းစာဆိုတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

သီပေါ ဇန်နဝါရီ ၂၂

ရှမ်းစာဆိုတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲနှင့် ရှမ်းယဉ်ကျေးမှုဇာတ်သဘင်ကို ဦးစွာထူထောင်ပေးခဲ့သူ ဂီတအနုပညာရှင် ဖခင်ကြီး လုံသြဇေယျ၏ (၇၅) နှစ်မြောက် စိန်ရတုသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်း၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၇၅) နှစ်မြောက် စိန်ရတုသဘင်ပွဲတော်ကို ယင်းနေ့မှစ၍ သုံးရက်တိုင် ကျင်းပမည်ဖြစ်ပြီး ရှမ်းစာဆိုပညာရှင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ၎င်းတို့၏ ဓာတ်ပုံများ၊ စာပေနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ခဲ့သည်များကို ပြခန်းဖွင့်လှစ်ပြသထားကြောင်း သိရသည်။

စိုင်း(သီပေါ)

မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းများ ပိုမိုပွင့်လန်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းရရှိစေရန်နှင့် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး မသန်စွမ်းသူများ၏ လုပ်ကိုင်နိုင်စွမ်းအလိုက် အလုပ်အကိုင်များတိုးတက်ရရှိလာရေး၊ ကိုယ်ပိုင်လုပ်ငန်းများလုပ်ကိုင်နိုင်ရန် အားပေးပံ့ပိုးခြင်း၊ အလုပ်ခန့်ထားရာတွင် ခွဲခြားမှုမရှိရေးနှင့် လုပ်ငန်းခွင်အတွင်း လွယ်ကူစွာဝင်ထွက်သွားလာ လုပ်ကိုင်နိုင်ရေးတို့အတွက် အကြံဉာဏ်များပေးနိုင်ရန်နှင့် ကောင်းမွန်သည့် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်ရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု သေချာစေရန် မူဝါဒချမှတ်ခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် မသန်စွမ်းသူများ အကျိုးဝင်တက်ရောက်နိုင်ရေး၊ အလုပ်ခွင် ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရေး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားကော်မတီတွင် မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးနေလင်းစိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက မြန်မာနိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများအတွက် သင့်တင့်လျောက်ပတ်သည့် လုပ်ငန်းခွင်အခြေအနေများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာနိုင်ရေး ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ညောင်လေးပင်မြို့၌ ၂၀၁၉ တိုးမြှင့်ပင်စင်လစာများ စတင်ထုတ်ပေး

ညောင်လေးပင် ဇန်နဝါရီ ၂၂

၂၀၁၉ တိုးမြှင့်ပင်စင်လစာများကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ယမန်နေ့က စတင်ထုတ်ပေးနေသဖြင့် ပင်စင်စားဝန်ထမ်းများ အဆင်ပြေဝမ်းသာလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထုတ်ပေးရာတွင် ညောင်လေးပင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်စန္ဒာမြင့်နှင့် ဘဏ်ဝန်ထမ်းများက ပင်စင်စားဝန်ထမ်းများကို တိုးမြှင့်လစာများ ခံစားနိုင်ရေး လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသည်။ "ကျွန်မတို့ဘဏ်မှာ မြို့ပြပင်စင်၊ ကာကွယ်ရေးပင်စင်၊ နိုင်ငံရေးပင်စင်ဆိုပြီး ပင်စင်စားဦးရေ ၃၀၀၀ ကျော်လောက်ရှိပါတယ်။ အဲဒီထဲကမှ မြို့ပြပင်စင်တိုးမြှင့် ၉၉၂ ဦးနဲ့ ကာကွယ်ရေးပင်စင် ၂၆ ဦး စာရင်းရောက်ရှိလာတဲ့အတွက် ဒီကနေ့ ညနေ ၃ နာရီခွဲအထိ တိုးမြှင့်ပင်စင်လစာ ၈၅ ဦးနဲ့ တိုးမြှင့်စာရင်းထဲမပါသေးတဲ့ ပင်စင်စား ၂၂၀ စုစုပေါင်း ၃၀၀ ကျော်ကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ ပင်စင်စားတွေအနေနဲ့ တိုးမြှင့်ပင်စင်တွေ လာရောက်ထုတ်ယူရာမှာ ပင်စင်စမတ်ကတ်တွေအပြင် အရင်ပင်စင်စာအုပ်မူရင်းတွေကို ယူလာပေးဖို့ လိုအပ်ပါတယ်၊ ဒါမှသာ တိုးမြှင့်ပင်စင်လစာသစ်တွေကို တံဆိပ်တုံးရိုက်နှိပ်ပေးလို့ရပါတယ်။ နောက်ရက်တွေမှာလည်း တိုးမြှင့်ပင်စင်လစာတွေကို လျင်မြန်စွာ ထုတ်ယူနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မန်နေဂျာက ရှင်းပြသည်။

နေလင်း (ညောင်လေးပင်)

❀ *ရှေ့ဖုံးမှ*

ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံအနီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရေအားလျှပ်စစ်ထုတ်လုပ်

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ နေရဥ္စရာချောင်းပေါ်တွင် တည်ရှိသည်။ အဆိုပါရေလှောင်တမံသည် အမြင့် ၁၆၅ ပေ၊ အလျား ပေ ၁၃၆၀၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး လယ်မြေဧက ၅၅၀၀ ကို ဆည်ရေပေးဝေနိုင်သည့်အပြင် နှစ်စဉ် ရေအားလျှပ်စစ် ၂၁ ကီလိုဝပ်နာရီသန်းပေါင်းကို ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

ရိုးရာအကများဖြင့် ကြိုဆို

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ချင်းပြည်နယ် တွန်းဇံမြို့နယ် ဆဲဘောက်ကျေးရွာအုပ်စုရှိ ဟားခါးလေးမြောက်ကျေးရွာသို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကျေးရွာအတွင်း၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် တည်ဆောက်ပေးထားသည့် နေအိမ်များကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံအနီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-သက်အောင်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွန်းဇံမြို့နယ် ဟားခါးလေးမြောက်ကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-သက်အောင်

တတ်နိုင်သလောက်လုပ်ပေးချင်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကြိုဆိုဖို့ရောက်လာတဲ့ ပြည်သူပြည်သားတွေအားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။ ဘုရားသခင်ကောင်းချီးပေးကြပါစေ။ ကျွန်မ ဒီနေရာကို လာချင်တာကြာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဟားခါးလေးရွာမှာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အိမ်လေးတွေ ဆောက်ပေးတဲ့အခြေအနေတွေ ဘယ်လိုရှိသလဲဆိုတာ လာပြီး ကြည့်ချင်တာကြာပါပြီ။ အခုမှပဲ အခွင့်အရေးရှိလို့ လာရပါတယ်။ အိမ်တစ်လုံးကို ကြည့်လိုက်တဲ့အခါမှာ လိုအပ်ချက်နည်းနည်းရှိနေတယ်ဆိုတာ ကျွန်မသတိပြုမိပါတယ်။ အဲဒီ လိုအပ်ချက်တွေကိုလည်း ကျွန်မတို့ တတ်နိုင်သလောက် အမြန်ဆုံး ဖြည့်ဆည်းပေးပါ့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ပြည်သူပြည်သားတွေကို စောင့်ရှောက်တဲ့အခါမှာ တတ်နိုင်သမျှ ပြည့်ပြည့်ဝဝ စောင့်ရှောက်ချင်တယ်။ အကောင်းဆုံးဖြစ်အောင် လုပ်ပေးချင်တယ်။ တစ်ခါတလေ ကျွန်မတို့ တတ်နိုင်တဲ့အခြေအနေက လိုအပ်တာနဲ့တော့ မကိုက်ညီဘူး။ တတ်နိုင်သလောက် ကျွန်မတို့ လုပ်ပေးချင်ပါတယ်။

သစ္စာတရားကိုရောင်ပြန်ဟပ်

"ကျွန်မတို့ရဲ့ ပြည်သူပြည်သားများအားလုံး လုံလုံခြုံခြုံ နေနိုင်ဖို့ပါပဲ။ လုံခြုံတယ်ဆိုတာ ကိုယ်ရော၊ စိတ်ရော လုံခြုံရမယ်။ ကျွန်မ ချင်းပြည်နယ်လာတဲ့အခါမှာ အင်မတန်မှ စိတ်လုံခြုံပါတယ်။ ဘာကြောင့်လဲဆိုတော့ ချင်းတိုင်းရင်းသားများရဲ့ နွေးထွေးတဲ့မေတ္တာကြောင့်လည်း ဖြစ်ပါတယ်။ ဒီလို စိတ်လုံခြုံမှုတွေ တစ်ယောက်နဲ့တစ်ယောက်ကို ပေးနိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးက အင်မတန်မှ သာယာမှာပါ။ ချင်းပြည်နယ်ရဲ့ သင်္ကေတအနေနဲ့ အများက သတ်မှတ်ထားတာ အောက်ချင်းငှက်နဲ့ တောင်ဇလပ်ပန်းဖြစ်ပါတယ်။ အောက်ချင်းငှက်ဆိုတာက သစ္စာတရားကို ရောင်ပြန်ဟပ်ပါတယ်။ သစ္စာတရားရဲ့ သင်္ကေတဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလို

တောင်ဇလပ်ဆိုတာက အင်မတန်မှ ကြမ်းတမ်းခက်ထန်တဲ့ ရာသီဥတုပထဝီအနေအထားမှာ လှပတင့်တယ်စွာ ပွင့်နေနိုင်တဲ့အတွက် သတ္တိကိုလည်း ကိုယ်စားပြုတယ်။ နောက်ပြီး အလှအပကိုလည်း ကိုယ်စားပြုပါတယ်။ ဒီလို သတ္တိရှိပြီးတော့ သစ္စာရှိတဲ့ဒေသမှာ ကျွန်မတို့ဟာ မုချမလွဲ အောင်မြင်မှုကိုရမှာပါ။ အခက်အခဲတွေကိုတော့ ကျော်လွှားရပါမယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလိုပါသေးတယ်။ အထူးသဖြင့် ချင်းပြည်နယ်လို ပထဝီအရ ကြမ်းတမ်းတဲ့နေရာဒေသတွေမှာ ဆိုရင် ဖွံ့ဖြိုးမှုအစီအစဉ်တွေ အထူးလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့အလေးထားပြီး လုပ်ပေးနေပါတယ်။ ချင်းပြည်နယ်အတွက်ဆိုရင် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး အဓိက အခြေခံအားဖြင့် ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်တွေအားလုံးကို အမြန်ဆုံးဖြည့်ဆည်းပေးဖို့ ကြိုးစားပါ့မယ်။ ဒါပေမယ့် တချို့ကိစ္စတွေကျတော့ ကျွန်မတို့ စိတ်ကပါပေမယ့် ကိုယ်က မလိုက်နိုင်ဘူးဆိုတာ ကိုယ်မဟုတ်ပါဘူး။ ပိုက်ဆံက မလိုက်နိုင်တာလို့ ဆိုရပါလိမ့်မယ်။ လိုက်နိုင်တဲ့အထိတော့ တချို့ကိစ္စတွေကို ကျွန်မတို့ စောင့်ပြီးတော့ ဆောင်ရွက်ရမှာပါ။ ဒါပေမယ့် ကျွန်မတို့ရဲ့ ဆန္ဒကပြင်းပြတာကြောင့် အောင်မြင်မယ်လို့ ကျွန်မကတော့ ယုံကြည်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွန်းဇံမြို့နယ် ဟားခါးလေးမြောက်ကျေးရွာနှင့် ဟားခါးလေးတောင်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ဆန်များ ထောက်ပံ့ပေးအပ်စဉ်။ ဓာတ်ပုံ-သက်အောင်

ဆန္ဒလိုအပ်ချက်တွေပြင်းပြ

"ကျွန်မပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ အောင်မြင်ခြင်းတရားလေးပါးကို ပြန်ပြီးသတိပေးရပါတယ်။ ဆန္ဒရှိရမယ်၊ ဝီရိယရှိရမယ်၊ မှန်ကန်တဲ့စိတ်ဓာတ်ရှိရမယ်၊ ပညာရှိရမယ်။ ဒါဟာ ကျွန်မတို့အားလုံး မှတ်သားစရာကိစ္စဖြစ်တာကြောင့် ထပ်တလဲလဲ ပြောရတာပါ။ ဆန္ဒရှိမှ ကိစ္စတစ်ခုကို ကျွန်မတို့ စပြီးဆောင်ရွက်နိုင်မှာပါ။ ဒီနိုင်ငံကြီးကို အင်မတန်မှ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်စေချင်တယ်။ ဒီလိုဖြစ်ဖို့အတွက် ကျွန်မတို့က အင်မတန်မှ ဆန္ဒပြင်းပြပါတယ်။ ကျွန်မတို့နည်းတူ ကျွန်မတို့ရဲ့ပြည်ထောင်စုသားသမီးအားလုံးကလည်း ဆန္ဒလိုအပ်ချက်တွေက ပြင်းပြမယ်လို့ ကျွန်မထင်ပါတယ်။ ဒါပေမယ့် ဆန္ဒရှိရုံနဲ့မကဘူး ဒီဆန္ဒတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လုံ့လဝီရိယနဲ့ အလုပ်လုပ်သွားရမှာဖြစ်ပါတယ်။ ကြိုးစားသွားကြရမှာ ဖြစ်ပါတယ်။ စိတ်ထားလည်း မှန်ဖို့လိုပါတယ်။ စိတ်ဓာတ်မမှန်ရင် ကိုယ်ကြိုးစားမှုတွေက မမှန်တဲ့လမ်းပေါ်ကိုပို့လိုက်ရင် အန္တရာယ်အများကြီးဖြစ်နိုင်ပါတယ်။ နောက်ပြီး ကိုယ်လုပ်ချင်တဲ့ကိစ္စတွေကို ဘယ်လိုပုံစံနဲ့ဖြစ်အောင် လုပ်မလဲဆိုတဲ့ အသိပညာဆိုတာ အင်မတန်အရေးကြီးပါတယ်။

စာမျက်နှာ ၄ သို့

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကလေးမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

ဓာတ်ပုံ-သက်အောင်

စာမျက်နှာ ၃ မှ

"ကျွန်မတို့က ပညာလို့ပြောတဲ့အခါကျရင် အဓိကအားဖြင့် ပညာဆိုတာ အခြေအနေတစ်ခုကို မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်ပြီးတော့ အဲဒီဆင်ခြင်မှုအပေါ်မှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ပဲဖြစ်ပါတယ်။ အဲဒီလုပ်မယ့်သတ္တိကတော့ အောင်မြင်ခြင်းတရားလေးပါးထဲမှာ မပါဘူးဆိုပေမယ့် စိတ်ဓာတ်အောက်မှာ သတ္တိပါတယ်လို့ ကျွန်မတို့ပြောလို့ရပါတယ်။ အသစ်အဆန်းတစ်ခုကို ဖြစ်မြောက်အောင်လုပ်တယ်ဆိုတာ သတ္တိလိုပါတယ်။ ပညာတတ်ရုံနဲ့လည်း မလုံလောက်ဘူး။ လုံ့လ၊ ဝီရိယနဲ့လည်း မလုံလောက်ဘူး။ သတ္တိနဲ့ ကိုယ်ရင်မဆိုင်ဖူးတဲ့အရာတွေကို ကိုယ်ရင်မဆိုင်ဖူးတဲ့ အခြေအနေတွေကို ရင်ဆိုင်ရဲဖို့က အင်မတန်မှ အရေးကြီးပါတယ်။

"ဟားခါးလေးကျေးရွာဆိုရင် ရွာကလေးလို့ပြောပေမယ့် ကျွန်မတို့အတွက် မြို့ကြီးတစ်မြို့လိုပဲ တန်းတူအရေးကြီးပါတယ်။ မြို့ကြီးကို မှီတင်းပြီးတော့ နေထိုင်နေတဲ့ ပြည်သူပြည်သားတွေများလို့ ပိုပြီးတော့ အလေးထားပြီးတော့ လုပ်ဆောင်ပေးရပေမယ့် ရွာကလေးမှာရှိတဲ့ ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေရဲ့ အရေးဟာလည်း တန်းတူညီတူ အရေးပါပါတယ်။ ရွာကလေးက ပုဂ္ဂိုလ်တွေမို့လို့၊ ရွာကလေးက ရွာသူရွာသားတွေမို့လို့ အရေးပါမှု နည်းတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။

"ဟားခါးလေးကျေးရွာကို မဖြစ်မနေရောက်အောင် လာခဲ့တာဟာ ဘယ်လောက်ပဲသေးတဲ့ ရွာကလေးဖြစ်နေပါစေ ကျွန်မတို့အစိုးရအတွက်ကတော့ အရေးကြီးပါတယ်ဆိုတာကို အသိပေးချင်တဲ့ ရည်ရွယ်ချက်ကြောင့်ဖြစ်ပါတယ်။ ဒီလို အရေးကြီးပေမယ့်လည်း အားလုံးလို ချင်တာတွေ ဖြစ်အောင်လုပ်ပေးလိုက်ပါဆိုတာလည်း လက်တွေ့ကျကျမဖြစ်ပါဘူး။ တဖြည်းဖြည်း၊ တဖြည်းဖြည်း၊ တစ်ဆင့်ချင်းတစ်ဆင့်ချင်း ကျွန်မတို့အားလုံးပြည့်စုံအောင်လို့ ဖြည့်ဆည်းပေးပါမယ်။ ဒါပေမယ့် ဒီလိုဖြည့်ဆည်းဖို့ ကြိုးစားတဲ့နေရာမှာတော့ ပြည်သူပြည်သားတွေအားလုံးပါစေချင်တယ်။ ကျွန်မတို့ ရွာသူရွာသားတွေလည်း အားလုံးပါစေချင်တယ်။ ကိုယ့်မှာ ပါဝင်ပြီးတော့ဆောင်ရွက်နိုင်တဲ့ အင်အားတွေရှိတယ်။ အင်အားဆိုတာ ပထမဦးဆုံး စိတ်အင်အားကို တည်ဆောက်ရမယ်။

တန်ဖိုးတွေကို မှန်မှန်ကန်ကန်သုံး

"ကျွန်မတို့ဟာ ပြည်ထောင်စုရဲ့ မိသားစုဝင်တွေပဲ။ ပြည်ထောင်စုရဲ့မိသားစုဝင်တွေဟာ ကျွန်မတို့နိုင်ငံကြီး ကျွန်မတို့ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောဖို့အတွက် တစ်ဦးချင်းတစ်ဦးချင်းရှိသမျှ အစွမ်းအစနဲ့ ကြိုးစားပေးစေချင်တယ်။ လူတိုင်းလူတိုင်းမှာ တန်ဖိုးရှိပါတယ်။ တန်ဖိုးမရှိတဲ့ လူဆိုတာ မရှိပါဘူး။ အင်အားမရှိတဲ့လူဆိုတာ မရှိဘူး။ အဲဒီတော့ ကိုယ့်မှာရှိတဲ့ တန်ဖိုးတွေကို မှန်မှန်ကန်ကန်သုံးမယ်ဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံကြီးဟာ အင်မတန်မှ တိုးတက်မှုမြန်ပါလိမ့်မယ်။ တိုးတက်မှုမြန်ဖို့လည်း လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံရဲ့ပတ်ဝန်းကျင်က အိမ်နီးနားချင်းနိုင်ငံတွေနဲ့ စာရင် ကျွန်မတို့နိုင်ငံဟာ နောက်မှာကျကျန်ရစ်ခဲ့တယ်။ နောက်မှာကျကျန်ခဲ့လို့လည်း ပိုပြီးတော့ ကြိုးစားရမယ်။ နောက်မှာကျကျန်ရစ်ခဲ့ပေမယ့်လည်း ကျွန်မတို့ရဲ့ ပြည်သူပြည်သားများရဲ့ အရည်အချင်းကတော့ မနိမ့်ပါဘူး။ ဒီအရည်အချင်းကို ပြုစုပျိုးထောင်ပြီးတော့ ပိုမိုပြီးတော့ ခိုင်မာလာအောင်လို့ လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့လိုချင်တဲ့ ပန်းတိုင်ကို အမြန်ဆုံးရောက်နိုင်မှာပါ။

အကောင်းဆုံးအဖြစ်နိုင်ဆုံး ဖြည့်ဆည်း

"ကျွန်မ မကြာခဏပြောပါတယ်။ အစိုးရဆိုတာဟာ ပြည်သူ့အတွက်ဖြစ်တယ်။ ပြည်သူက အစိုးရအတွက်မဟုတ်ဘူး။ အစိုးရဆိုတာ ပြည်သူကရွေးကောက်ထားလို့ ပြည်သူထဲက ထွက်ပေါ်လာတာပဲ။ အစိုးရအဖွဲ့ဝင်တွေထဲမှာ ပါတဲ့သူတွေကလည်း ပြည်သူပြည်သားတွေနည်းတူ ဒီနိုင်ငံရဲ့ နိုင်ငံသူနိုင်ငံသားတွေ၊ လူသားတွေပဲဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမို့လို့ ပြည်သူတွေထက်သာတယ်ဆိုတာဟာ လုံးဝမဟုတ်နိုင်ပါဘူး။ အထူးသဖြင့် ဒီမိုကရေစီစနစ်က ပြည်သူတွေရဲ့ အင်အားအပေါ်မှာ အခြေခံတာမို့လို့ အစိုးရဆိုတာ ပြည်သူတင်မြှောက်မှ အစိုးရဖြစ်နိုင်တာပါ။ ပြည်သူ့ရဲ့ ဆန္ဒမပါဘဲနဲ့ အုပ်ချုပ်တဲ့အစိုးရဆိုတာဟာ ဒီမိုကရေစီအစိုးရမဖြစ်နိုင်ပါဘူး။ ပြည်သူ့ရဲ့ဆန္ဒအရ အုပ်ချုပ်ရေးတာဝန်ကို ယူထားတဲ့ အစိုးရဆိုတာဟာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အကောင်းဆုံးအဖြစ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့တာဝန်ဟာ အဓိကဖြစ်ပါတယ်။

"ဒါကြောင့် ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်တွေ၊ ဆန္ဒတွေဟာ ဘာလဲဆိုတာကိုလည်း သိနိုင်အောင် ကျွန်မတို့ အမြဲကြိုးစားပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အခွင့်အရေးကြုံတုန်း ဒီမှာရောက်နေတဲ့ ရွာသူ ရွာသားများထဲကများ တင်ပြချင်တာ၊ မေးမြန်းချင်တာရှိရင် မေးမြန်းပါ၊ တင်ပြပါလို့ ကျွန်မအနေနဲ့ ဆော်သြချင်ပါတယ်။ အဲဒီအတွက်လည်း မေးစရာရှိတဲ့ ပုဂ္ဂိုလ်များ၊ တင်ပြစရာရှိတဲ့ ပုဂ္ဂိုလ်များ မေးမြန်းတင်ပြကြပါလို့ ကျွန်မဖိတ်ခေါ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဟားခါးလေးမြောက်ကျေးရွာနှင့် ဟားခါးလေးတောင်ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် ဆန်နှင့်ဆီတို့ကို ထောက်ပံ့ပေးအပ်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရိုးရာဓလေ့တေးသီချင်းဖြင့် ဂုဏ်ပြုသီဆို

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဟားခါးလေးမြောက်ကျေးရွာမှ ဟားခါးလေးတောင်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး ဟားခါးလေးတောင်ရွာသို့ ရောက်ရှိစဉ် ဒေသခံပြည်သူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ရိုးရာဓလေ့တေးသီချင်းဖြင့် ဂုဏ်ပြုသီဆို ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိပြီး မြို့တော်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

" ပြည်နယ်နဲ့ တိုင်းတွေမှာ အရေးကြီးတာကတော့ ပြည်နယ် / တိုင်း အစိုးရတွေကလွှာ ဖြစ်ပါတယ်။ ပြည်နယ်/ တိုင်းအစိုးရတွေဟာ ပြည်ထောင်စုအစိုးရနဲ့စာရင် ဒေသခံတွေနဲ့ထိတွေ့မှု အင်မတန်မှများပါတယ်။ ပြည်နယ် / တိုင်းတွေ တိုးတက်မှုနဲ့ပတ်သက်ပြီးတော့ ပြည်နယ် / တိုင်း အစိုးရတွေက ပြည်ထောင်စုအစိုးရတွေထက် ပိုပြီးထိထိရောက်ရောက် လုပ်နိုင်မယ်လို့ ပြောရင် မမှားပါဘူး။ ကိုယ်နဲ့ နီးစပ်မှုဝထိတွေ့နေရတဲ့ ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဖို့ တာဝန်ဆိုတာ ပြည်နယ် / တိုင်းအစိုးရတွေအပေါ်မှာ အင်မတန်မှ ကြီးကြီးမားမားရှိနေတာ ဖြစ်ပါတယ် "

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကလေးမြို့ဟာဆိုရင် ကျွန်မတို့နိုင်ငံရဲ့တောင်တန်းတွေနဲ့ မြေပြန့်တွေ ဆက်နေတဲ့နေရာလို့ ပြောရင်လည်း မမှားပါဘူး။ ကျွန်မတို့နိုင်ငံက အင်မတန်ကျယ်ပြန့်တဲ့နိုင်ငံဖြစ်သလို ပထဝီအနေအထားအရလည်း တစ်နေရာနဲ့ တစ်နေရာ မတူပါဘူး။ တိုင်းရင်းသားများ၊ ယဉ်ကျေးမှုများ၊ ကိုးကွယ်တဲ့ ဘာသာများ၊ ပြောဆိုတဲ့ ဘာသာစကားများကလည်းမတူပါဘူး။ ကျွန်မတို့နိုင်ငံက နေရာတိုင်း နေရာတိုင်းမှာ သူ့အလှနဲ့သူ တင့်တယ်ပါတယ်။ ကိုယ့်ဒေသရဲ့အလှ ပိုပြီးတင့်တယ်အောင် ပြည်သူပြည်သားများက လုပ်ဖို့ တာဝန်ရှိပါတယ်။ အုပ်ချုပ်တဲ့၊ တာဝန်ယူထားတဲ့ အစိုးရမှာလည်း တာဝန်ရှိသလို နိုင်ငံသူ နိုင်ငံသားများဟာလည်း နိုင်ငံသူ နိုင်ငံသားများရဲ့ တာဝန်ရှိပါတယ်။ ကျွန်မဘယ်သွားသွား တာဝန်ကိုသတိပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူ့ရဲ့ဘယ်လောက် တာဝန်ကျေပွန်မှုရှိလဲ၊ စွမ်းအားရှိလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။

အများကြီးဖြည့်ဆည်းပေးနိုင်ဖို့လို

"နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းကို တန်ဖိုးရှိစေချင်ပါတယ်။ တွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ ကလေးတွေ လူငယ်တွေကို ဖိတ်ရတဲ့အကြောင်းရင်းက ငယ်ငယ်ကတည်းက ကိုယ့်နိုင်ငံရဲ့အရေးက ကိုယ်နဲ့ဆိုင်တယ်ဆိုတဲ့ စိတ်ဓာတ်မွေးပေးချင်လို့ပါ။ ဒီနိုင်ငံရဲ့ရှေ့ရေးက အထူးသဖြင့် လူငယ်တွေနဲ့ဆိုင်တယ်။ လူငယ်တွေက အကြာကြီးနေသွားရမှာ။ လူကြီးတွေက ကြာလေကြာလေ သက်တမ်းက တိုလာလေ၊ နေရမယ့်အချိန်က တိုလာလေပါပဲ။ ကျွန်မတို့ထက်ပိုပြီး အရေးကြီးတာက လူငယ်တွေရဲ့ အနာဂတ်ပဲဖြစ်တယ်။ လူငယ်တွေကို လူကြီးတွေက အများကြီး ဖြည့်ဆည်းပေးနိုင်ဖို့လိုတယ်။ လူငယ်တွေက တစ်ခါပြန်ပြီး လူကြီးတွေကို ဖြည့်ဆည်းပေးနိုင်ဖို့လိုတယ်။ လူကြီးနဲ့လူငယ်တွေကြားမှာ လူငယ်တွေက နားလည်မှု တည်ဆောက်ပေးနိုင်ဖို့ အင်မတန်အရေးကြီးပါတယ်။ တချို့လူငယ်တွေက လူကြီးနဲ့လူငယ် မတူဘူးလို့ ထင်တတ်ကြတယ်။ လူငယ်တွေက တစ်နေ့ လူကြီးဖြစ်လာမယ်။ ရှောင်လို့ မရပါဘူး။ တစ်နေ့ ဒီလမ်းကို သွားရမှာပဲ။ လူကြီးတွေကလည်း တစ်ချိန်တစ်ခါတုန်းက လူငယ်တွေ ဖြစ်ခဲ့တာပဲ။ အဲဒီဘဝကိုမမေ့ဖို့ အင်မတန်အရေးကြီးပါတယ်။

"တစ်ယောက်နဲ့တစ်ယောက် ကိုယ်ချင်းစာနာမှုရှိမှ တကယ့်နားလည်မှုကို တည်ဆောက်နိုင်မယ်။ ကျွန်မတို့တိုင်းရင်းသားတွေ ကြားထဲမှာလည်း ဒီအတိုင်းပဲ ရှိစေချင်တယ်။ ချင်းပြည်နယ်ဟာ စစ်ကိုင်းတိုင်းနဲ့စာရင် ပထဝီအနေအထားအရ

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

အင်မတန်ကြမ်းတမ်းတယ်။ အင်မတန် ခက်ခက်ခဲခဲနဲ့ နေထိုင်စားသောက် လှုပ်ရှားသွားလာရကြရတယ်။ ဒါပေမယ့် ချင်းတိုင်းရင်းသား ပြည်သူများဟာ မြေပြန့်နဲ့မခြား အလားတူပဲ လူ့သိက္ခာနဲ့ ကိုက်ညီအောင် နေထိုင်ကြတယ်။

အင်မတန်မှကြီးတဲ့ပြဿနာဖြစ်

"လူတိုင်းလူတိုင်းဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် လူ့သိက္ခာနဲ့ ကိုက်ညီစွာ ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနဲ့ နေနေကြတယ်။ ဒါကြောင့် ကျွန်မက ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ နှုတ်ဆက်လိုက်တဲ့အခါ အားလုံးပြည့်စုံသွားတယ်။ ဆုပေးချင်တယ်ဆိုရင်တော့ ကျွန်မက နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ ပြောတယ်။ ကိုယ်စိတ်ချမ်းသာမှုမရှိဘူးဆိုရင် နှလုံးစိတ်ဝမ်း မအေးချမ်းနိုင်ဘူး။ ကလေးတွေက ကလေးအတိုင်းအတာနဲ့၊ လူကြီးတွေက လူကြီးအတိုင်းအတာနဲ့ ပူပန်ရတာတွေ၊ စိုးရိမ်ရတာတွေ ရှိပါတယ်။ လူကြီးက ပိုပြီးပူပန်ရတယ်လို့ ပြောပေမယ့် ကလေးတွေ စာမေးပွဲအတွက် စိုးရိမ်ရတာက ကလေးအတွက် အင်မတန်မှကြီးတဲ့ပြဿနာ ဖြစ်ပါတယ်။ ပညာရေးစနစ်ကိုလည်း အခုဆိုရင် ကျွန်မတို့နိုင်ငံအတွက် အကျိုးဖြစ်မယ့်ပညာရေးစနစ်သာမက ကျွန်မတို့လူငယ်တွေနဲ့ ကိုက်ညီတဲ့ ပညာရေးစနစ်ကို ဦးတည်ပါတယ်။ လူငယ်တွေရဲ့ ခေတ်နဲ့ကိုက်ညီတဲ့ ပညာရေးစနစ်။ ဘယ်လိုပညာရေးစနစ်လဲဆိုရင် လူတစ်ယောက်ကို ဘက်စုံပြည့်ဝဖွံ့ဖြိုးတဲ့၊ လူလိုဖြစ်အောင် ဆောင်ရွက်ပေးနိုင်တဲ့ ပညာရေးစနစ်ပါ။ အဲဒီလိုအပ်ချက်နဲ့ ကိုက်ညီအောင် ကျွန်မတို့က ပညာရေးစနစ်ကို ထူထောင်ရမယ်။

"ကျွန်မတို့ ချင်းပြည်နယ်ကို လှည့်လည်သွားတဲ့အခါ တချို့နေရာတွေမှာ ရေရှားပါးမှုရှိတယ်။ ရေဆိုတာက အဓိက လိုအပ်ချက်ပဲ။ ရေရှားပါးတဲ့နေရာမှာဆိုရင် ရေမရှိခြင်းရဲ့ ဒုက္ခက အင်မတန် ကြီးမားပါတယ်။ ဒုတိယက လမ်းပန်းဆက်သွယ်ရေးပါ။ ရွာတိုင်းရွာတိုင်းက ဆေးခန်းလိုချင်တယ်၊ ကျောင်းလိုချင်တယ်။

"ဘာဖြစ်လို့ ဒီလောက်လိုအပ်နေလဲဆိုရင် လမ်းပန်းဆက်သွယ်ရေးဆိုးလို့ပါ။ လမ်းပန်းဆက်သွယ်ရေးကောင်းတယ်ဆိုရင် တစ်ရွာကနေပြီး နောက်တစ်ရွာမှာရှိတဲ့ ကျောင်းကိုသွားဖို့ လွယ်တယ်။ ဆေးခန်းလည်းထိုနည်းလည်းကောင်းပဲ။ ဆေးခန်းက နီးတယ်ဆိုရင် ကိုယ့်ရွာမှာရှိတာ မရှိတာ အဓိက မဟုတ်တော့ဘူး။ သွားရလာရ လွယ်တယ်။ လမ်းပန်းဆက်သွယ်ရေးဆိုးတဲ့ အခါကျတော့ ကျောင်းသွားရတာလည်း ခက်တယ်၊ အရေးအကြောင်းဆို လူနာကိုဆေးခန်းကို အချိန်မီပို့ရတာလည်း ခက်တယ်။ ဒီတော့ ကိုယ့်ဆေးခန်း ကိုယ်လိုချင်တယ်။ ကိုယ့်ကျောင်း ကိုယ်လိုချင်တဲ့ ဆန္ဒတွေပေါ်လာတယ်။

"အဲဒီတော့ ဆက်သွယ်ရေးက အဓိကပဲ၊ ကျွန်မတို့ အချင်းချင်း ဆက်သွယ်လို့ရအောင် လမ်းတွေဖောက်ရမယ်။ အချင်းချင်း ဆက်သွယ်နိုင်တဲ့ စိတ်ဓာတ်တွေဖြစ်အောင်လို့လည်း ပညာရေးအရ၊ စိတ်ဓာတ်ရေးရာအရ ကျွန်မတို့တည်ဆောက်ပေးဖို့ လိုတယ်။ ကျွန်မတို့ နိုင်ငံက ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုပေမယ့် လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတော့ အပြည့်အဝ မဖြစ်သေးဘူး။ အဲဒါဖြစ်ဖို့ အားလုံးဝိုင်းပြီး ကြိုးစားရမယ်။

"ဒါက နိုင်ငံရေးကိစ္စသက်သက်သာ မဟုတ်ပါဘူး။ လူမှုရေးကိစ္စလည်း ဖြစ်ပါတယ်။ စီးပွားရေးကိစ္စလည်း ဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကလေးမြို့ ဟားခါးလေးမြောက်ရွာသို့ ရောက်ရှိရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုကြစဉ်။ ဓာတ်ပုံ-သက်အောင်

ကလေးမြို့ဟာ တောင်တန်းနဲ့ မြေပြန့်ကို ဆက်သွယ်ထားတဲ့ ဒေသတစ်ခုပါ။ တောင်တန်းက ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ အခြေအနေတွေကိုလည်း သိနိုင်တယ်။ မြေပြန့်က ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေရဲ့ အခြေအနေကိုလည်း သိနိုင်တယ်။ အဲဒီလိုနေရာမျိုးမှာရှိတဲ့ ပြည်သူ ပြည်သားတွေရဲ့ ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဆက်သွယ်ပေးတဲ့ ပေါင်းကူးတံတားအနေနဲ့ ကျွန်မတို့ ကလေးမြို့ကို ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ပြည်ထောင်စုစိတ်ဓာတ်ကို အဓိကမွေးမြူပြီးတော့ ဖွံ့ဖြိုးအောင်လုပ်ပေးတဲ့ နေရာတစ်နေရာ ဖြစ်စေချင်ပါတယ်။ အဲဒီလိုလုပ်ဖို့ဆိုတာ ကလေးတွေကနေစရပါမယ်။ လူငယ်တွေကနေစရပါမယ်။ လူငယ်တွေက ငယ်ငယ်ကတည်းက အများအတွက် စိတ်ထားတွေကို ပြုစုပျိုးထောင်ရမယ်။ ကိုယ်တစ်ယောက်တည်း ကောင်းအောင်နေလို့ ကိုယ့်ပတ်ဝန်းကျင်က မကောင်းရင် ကိုယ်တစ်ယောက်တည်း ဘယ်လိုမှ ဆက်ပြီး ကောင်းမှာ မဟုတ်ပါဘူး။

ဒီနိုင်ငံကြီးကို အကျိုးပြုနိုင်

"ဒါ့ကြောင့် အခု ရှေ့မှာထိုင်နေတဲ့ ကလေးများ သေသေချာချာစဉ်းစားပါ။ ကိုယ့်ကိုယ်ကိုယ် တခြားလူတွေအတွက် တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် ဘယ်လိုနေမလဲဆိုတာ စဉ်းစားစေချင်တယ်။ ကိုယ့်အတွက်ပဲ တန်ဖိုးရှိတယ်ဆိုရင် တကယ်တန်ဖိုးရှိတဲ့သူ မဟုတ်ပါဘူး။ သူများတွေအတွက် တန်ဖိုးရှိမှ တန်ဖိုးရှိတယ်လို့ ပြောနိုင်မှာပါ။ ဒီလိုစိတ်ဓာတ်တွေကို ပြုစုပျိုးထောင်မှသာ နောင်ကြရင် ဒီနိုင်ငံကြီးကို အကျိုးပြုနိုင်မယ့် လူကြီးတွေ ဖြစ်လာမှာပါ။

ပိုပြီးထိထိရောက်ရောက်လုပ်

"ပြည်နယ်နဲ့ တိုင်းတွေမှာ အရေးကြီးတာကတော့ ပြည်နယ်/တိုင်း အစိုးရတွေကဏ္ဍ ဖြစ်ပါတယ်။ ပြည်နယ်/တိုင်းအစိုးရတွေဟာ ပြည်ထောင်စုအစိုးရနဲ့စာရင် ဒေသခံတွေနဲ့ထိတွေ့မှု အင်မတန်မှများပါတယ်။ ပြည်နယ်/တိုင်းတွေ တိုးတက်မှုနဲ့ပတ်သက်ပြီးတော့ ပြည်နယ်/တိုင်း အစိုးရတွေက ပြည်ထောင်စုအစိုးရတွေထက် ပိုပြီးထိထိရောက်ရောက် လုပ်နိုင်မယ်လို့ ပြောရင် မမှားပါဘူး။ ကိုယ်နဲ့ နိစ္စဓူဝထိတွေ့နေရတဲ့ ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဖို့ တာဝန်ဆိုတာ ပြည်နယ်/တိုင်းအစိုးရတွေအပေါ်မှာ အင်မတန်မှ ကြီးကြီးမားမားရှိနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေကလည်း ပြည်နယ်/တိုင်းအစိုးရတွေကို ကိုယ့်ရဲ့မိသားစုသဖွယ် စိတ်ထားပြီးတော့ လိုအပ်တာတွေကို တောင်းဆိုပါ။ မလိုအပ်ဘဲနဲ့တော့ မတောင်းဆိုပါနဲ့။ အဲဒါဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး။

"နောက်ပြီးတော့လည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးပါ။ ဆွေးနွေးစရာရှိရင် ဟိုဘက်ဒီဘက် မျှမျှတတဖြစ်အောင် ဆွေးနွေးပြီးတော့မှ အဖြေရှာကြပါလို့ ကျွန်မတိုက်တွန်းချင်ပါတယ်"ဟု ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးဖြေကြားပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကလေးမြို့ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးပွဲများ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးပွဲများ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး မစ္စတာ ဟိုင်းဒါကီရမ် ဒီဖန်လီယိုဂလူတို့က နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများကိုယ်စား လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်စိတ်ဝင်စားမှုရှိသည့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၂ ဒသမ ၉၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၆ ဒသမ ၂၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၇၉ ဒသမ ၁၉ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၀၂ ဒသမ ၅၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၈၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈၉ ဒသမ ၄၀ သန်းဖြစ်သည်။

သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆၆၈ ဒသမ ၅၉ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၂၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်၏ နေရာတွင် မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန် အား ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်၏ နေရာတွင် မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန်ကို ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် လာအိုနိုင်ငံ၊ ဟွာဖန်း ပြည်နယ်၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဂျာမနီနိုင်ငံ Leipziger တက္ကသိုလ်တွင် ဥပဒေဘာသာရပ်ကို သင်ကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေမဟာဘွဲ့ကို ရရှိခဲ့သည်။

မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန်သည် ၁၉၈၀ ပြည့်နှစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဘွန်းမြို့နှင့် ဂျကာတာမြို့များရှိ လာအိုနိုင်ငံ သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယအမြဲတမ်းအတွင်းဝန်အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ကလေးနှစ်ဦးရှိသည်။

သတင်းစဉ်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ အတွင်းရေးမှူးအဖြစ် ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် အဖွဲ့ဝင် ၁၆ ဦး တို့၏ အမည်စာရင်းကို လည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူပြီး တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာသည်။

ဒုတိယဝန်ကြီး
ဦးကျော်လင်း
ရှင်းလင်းဖြေကြားစဉ်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ
ဦးမင်းသိန်း
မေးမြန်းစဉ်။

ရန်အောင်မြို့နယ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာ ၂၀ ဓာတ်အားရရှိရေးအတွက် မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းမှ စီစဉ်ဆောင်ရွက်လျက်ရှိ

ထို့နောက် ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ပျော်ဘွယ်မြို့အနောက်ဘက် နတ်မောက်မြို့နယ် နယ်စပ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာများ လျှပ်စစ်မီးရရှိနိုင်ရန် သဖန်းချောင်း 33/11 KV 3MVA ဓာတ်အားခွဲရုံမှ တဲကြီးကုန်းကျေးရွာအုပ်စု သီးပင်ကျေးရွာအထိ 33KV ဓာတ်အားလိုင်း (၁၄)မိုင်နှင့် 33/11 KV 3MVA ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပျော်ဘွယ်မြို့အနောက်ဘက် ရန်အောင်မြို့နယ်ရှိ တိုက်နယ်ဆေးရုံနှင့် ကျေးရွာ ၂၀ ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ ပျော်ဘွယ်-သဖန်းချောင်း ဓာတ်အားလိုင်းမှ ၃၃ ကေဗွီ လိုင်း ၂၁ မိုင်၊ သီးပင်ကျေးရွာအနီး ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းနှင့် ၁၁ ကေဗွီ လိုင်း ဖီဒါ သုံးခုအတွက် စုစုပေါင်း ၁၉ မိုင် တည်ဆောက်ပေးရန် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ၃၃ ကေဗွီ သီးပင်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီတို့ ပူးပေါင်းပြီး ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

လမ်းမကြီးများကို ထိခိုက်ပျက်စီးစေသော ကိစ္စရပ်များဖြစ်ပေါ်လာလျှင် ကျူးလွန်သူ မည်သူမဆို အတည်ပြုရေးဆွဲထားသည့် တားမြစ်ချက်များအရ ဥပဒေနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိ

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **ပဲခူးရိုးမကိုဖြတ်၍ ဖောက်လုပ်ထားသော ကတ္တရာကားလမ်းမကြီးများ၏ လမ်းဘေးဝဲယာတွင် ကျေးရွာချင်းဆက်လမ်းမဟုတ်သော မြေသားတစ်ကြောင်းထိုးလမ်းများ ဖောက်လုပ်ထားခြင်း၊ ဖောက်လုပ်နေခြင်းများကို တားဆီးရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနပိုင်လမ်းများ ပျက်စီးမှုမဖြစ်ပေါ်စေရန်အတွက် လမ်းနယ်နိမိတ်အတွင်း ဝန်ကြီးဌာနမှ ခွင့်ပြုချက်မရှိဘဲ တစ်ကြောင်းထိုးမြေသားလမ်းများ ဖောက်လုပ်သွားလာခြင်း၊ လမ်းမကြီးများ၏ ဝဲ/ယာ လမ်းနယ်နိမိတ်အတွင်း၌ လမ်းမကြီးများကို ထိခိုက်ပျက်စီးစေသော ကိစ္စရပ်များဖြစ်ပေါ်လာလျှင် ကျူးလွန်သူ မည်သူမဆို အတည်ပြုရေးဆွဲထားသည့် လမ်းမကြီးများ ဥပဒေ အခန်း(၅) ပုဒ်မ(၇)၊ (၈)၊ (၉) တို့ပါ တားမြစ်ချက်များအရ ဥပဒေနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပွင့်ဖြူ မဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ ဘားအံ မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်နှင့် ကော့သောင်း မဲဆန္ဒနယ်မှ ဦးခင်ဇော်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆို လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ထို့နောက် သထုံ မဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် တင်သွင်းသည့် **နိုင်ငံတွင် တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေး မဲဆန္ဒနယ်မှ ဦးမြင့်ဦးက တစ်နိုင်ငံလုံး၏ စားကျက်မြေစုစုပေါင်း ဧက ၇ သိန်းကျော် ရှိပါကြောင်း၊ မြေလွတ်၊ မြေလပ် ဧကပေါင်း ၄၉ သန်းကျော် ရှိပါကြောင်း၊ နေထိုင်ရန် အခက်အခဲဖြစ်နေသည့် အိုးမဲ့အိမ်မဲ့များကို ဒေသများတွင်ရှိသည့် မြေလွတ်မြေလပ်မြေရိုင်းများတွင် နေရာချထားပေးနိုင်ရန် လိုအပ်နေပါကြောင်း၊ အမှန်တကယ်လိုအပ်နေသည့် အိမ်ရာမဲ့ ပြည်သူများကို မျှမျှတတ မှန်မှန်ကန်ကန် ဖြေရှင်းပေးနိုင်ရေးအတွက် တန်းတူညီမျှမှု၊ တရားမျှတမှုဖြစ်ထွန်းစေပြီး ဆင်းရဲချမ်းသာကွာဟမှုနှင့် လူတန်းစားခွဲခြားမှုများ ဖယ်ရှားနိုင်စေရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မြို့မြေ၊ ရွာမြေများကို ပြန်လည်စိစစ်ဖော်ထုတ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်နိုင်သောနေရာများ၊ ရေရရှိနိုင်သောနေရာ၊ ဝင်ငွေအလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်သောနေရာများဖြစ်ရန် သတိချပ်စေလို

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအောက်၌ မြေယာစီမံခန့်ခွဲမှု၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း ပါရှိသကဲ့သို့ စီမံခန့်ခွဲရေးကဏ္ဍအောက်တွင် ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးများ ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဥပဒေ၏ သတ်မှတ်ချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြရန် အသိပေးတင်ပြလိုပါကြောင်း၊ မြို့မြေ၊ ရွာမြေများကို ပြန်လည်စိစစ်ဖော်ထုတ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်နိုင်သောနေရာများ၊ ရေရရှိနိုင်သောနေရာ၊ ဝင်ငွေအလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်သောနေရာများဖြစ်ရန် သတိချပ်စေလိုပါကြောင်း။

နောင်အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးစီမံကိန်းနေရာများ၊ စက်မှုစီမံကိန်းနေရာများ၊ လယ်ယာစိုက်ပျိုးရေးစီမံကိန်းနေရာများနှင့် စီးပွားရေးအရ အချက်အချာကျသော၊ ဖွံ့ဖြိုးတိုးတက်လာနိုင်သော နေရာများတွင် မြို့ရွာစီမံကိန်းများ ဖော်ထုတ်သင့်ကြောင်းကို အကြံပြုဆွေးနွေးလိုပါကြောင်း၊ စားကျက်မြေများကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ထားရှိသင့်ပါကြောင်း၊ လက်တွေ့မြေယာစီမံခန့်ခွဲနေသူများသည် နိုင်ငံပိုင်မြေနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများကို ခွဲခြားသိရှိထားရန်လိုအပ်ပြီး မှန်ကန်သော မြေယာစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်မှသာလျှင် ပြည်သူလူထု၏ လိုလားချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် နိုင်ငံ၏တိုးတက်မှုနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ညောင်ရွှေ မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ပေါင် မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ကသာ မဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ လင်းခေး မဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ မိုးညို မဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ မော်လိုက် မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ငါန်းဇွန်း မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ မုံရွာ မဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်နှင့် လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်မင်းတို့က ဆွေးနွေးကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် သစ်တောမြေအဖြစ်မှ လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် ပယ်ဖျက်ပေးလျက်ရှိရာ ကျေးရွာများအတွက် လယ်မြေ၊ ယာမြေ၊ သာသနာ၊ အများပိုင် မြေကွက်များအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများကို အခြားနည်းအသုံး ပြုရန်ဖြစ်သော်လည်း စက်မှုဇုန်၊ ကျောင်း၊ ဆေးရုံ၊ လူနေအိမ်ရာတို့အဖြစ် ပြောင်းလဲခြင်းများသည် မြို့ပြဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့်အတွက် လူဦးရေတိုးတက်မှုနှုန်း၊ ဖွံ့ဖြိုးမှုအလားအလာများကို အခြေပြုဆန်းစစ်ပြီးမှသာ မြို့ရွာဖွံ့ဖြိုးရေး စီမံချက်များအား ရေးဆွဲဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်များ ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့သည် မြို့ ရွာ ပြင်ဆင်တိုးချဲ့ခြင်းများ ဆောင်ရွက်လိုပါက ဒေသခံပြည်သူများ၏ သဘောဆန္ဒများကိုရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များမှ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောမြေအဖြစ်မှ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ပယ်ဖျက်ပေးလျက်ရှိရာ ကျေးရွာများအတွက် လယ်မြေ၊ ယာမြေ၊ သာသနာ၊ အများပိုင် မြေကွက်များအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

စားကျက်မြေ၊ မြေလွတ်၊ မြေရိုင်းများကို မြို့ပြဖွံ့ဖြိုးမှုအတွက် စနစ်တကျ သတ်မှတ်ရေးဆွဲထားပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ခြင်းအားဖြင့် တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်မှုများနှင့် ကိုယ်ကျိုးရှာ စီးပွားရေးသမားများက လယ်မြေများကိုဝယ်ယူ၍ ပြန်လည်ရောင်းချခြင်းများ လျော့နည်းပပျောက်သွားနိုင်ပြီး ကျေးရွာများသည်လည်း စနစ်တကျဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အဆိုအား မိမိဝန်ကြီးဌာနမှ ထောက်ခံပါကြောင်းနှင့် အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

✤ *ကျောဖုံးမှ*

ဇန်နဝါရီ ၂၆ ရက်တွင် ယူ-၁၉ လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်အဖြစ်-**ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြများအဖြစ်-**ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြအဖြစ်-**ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-**ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ သန္တာဦး၊ **နောက်တန်း-**ဝေဝေအောင်၊ အိရတနာဖြိုး၊ ဇင်မာထွန်း၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ယမင်းလွင်၊ ခိုင်သဇင်၊ ရူပါခိုင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း-**ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ နန့်မေသဇင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း-**ရီရီဦး၊ ဝင်းသီရိထွန်း၊ ဂျူလိုင်ကျော်နှင့် လှယဉ်ဝင်းတို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIC အသင်း ၁၂ ပွဲဆက်အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၁၈-၂၀၁၉ ရာသီ MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ပွဲဖြစ်သည့် ပွဲစဉ် (၁၂) ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ ထိပ်ဆုံးမှ MIC အသင်း ၁၂ ပွဲဆက် အနိုင်ရခဲ့သည်။

ပွဲစဉ်(၁၂)အဖြစ် VUC အသင်းက AMM အသင်းကို ၂၂ ဂိုး-ဂိုးမရှိ၊ MIC အသင်းက Comrade အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ မြို့မအသင်းက White Colour အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ GV Athletic အသင်းက Titan XII အသင်းကို ၁၀ ဂိုး-လေးဂိုး၊ UPT အသင်းက MFF ယူ-၁၉ အသင်းကို လေးဂိုး-သုံးဂိုး၊ ရွှေမြဝတီအသင်းက PU အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲစဉ်တွင် ဇယားထိပ်ပိုင်းမှ အသင်းများ အမှားအယွင်းမရှိ အနိုင်ရခဲ့ပြီး VUC အသင်းမှာလည်း ထိပ်ဆုံးမှ MIC အသင်းကို သုံးမှတ်အကွာဖြင့် ဆက်လက် ဖိအားပေးလျက်ရှိသည်။ ပွဲစဉ်(၁၂)အပြီးတွင် MIC အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး VUC အသင်းက ၃၃ မှတ်၊ GV Athletic နှင့် မြို့မအသင်းက ၂၄ မှတ်စီ၊ UPT အသင်းက ၁၈ မှတ်၊ ရွှေမြဝတီ အသင်းက ၁၇ မှတ်၊ AMM အသင်းက ၁၅ မှတ်၊ Comrade အသင်းက ၁၄ မှတ်၊ PU အသင်းက ၁၀ မှတ်၊ MFF ယူ-၁၉ အသင်းက ကိုးမှတ်၊ Titan XII အသင်းက ရှစ်မှတ်၊ White Colour အသင်းက လေးမှတ် ရထားသည်။

ရဲရင့်ရှိုင်း

တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း ၏ **ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဆီးလီဒုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်း(လွန်) ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဆီးလီဒုန်း- အခြေခံ ပညာမူလတန်းကျောင်းတွင် မူဆင့်သင် ကျောင်းသား ကျောင်းသူ ၁၁၃ ဦးရှိပြီး အနီးဆုံး အလယ်တန်းဆင့်သင်ကျောင်းဖြစ်သော သေးဆူလဲ- အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နှင့် ၁ ဒသမ ၅ မိုင်သာ ကွာဝေးသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဒီးမော့ဆိုမြို့နယ် ဆီးလီဒုန်း - အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် အဆင့် တိုးမြှင့်ပေးရန် ဦးစားပေးသတ်မှတ်ထားခြင်းမရှိပါကြောင်း ဖြေကြားသည်။

လက်ပံတန်းမြို့နယ် ဖိုးခေါင်စု - အခြေခံ ပညာအထက်တန်းကျောင်း (ခွဲ)ကို ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်ခြင်းများ အမှုတွဲတင်ပြ၍ စိစစ်ဆောင်ရွက်ပေးမည်

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မှော်အင်းကျေးရွာအုပ်စု ဖိုးခေါင်စုအခြေခံပညာအထက်တန်းကျောင်း (ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဖိုးခေါင်စု - အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)တွင်အထက်တန်းဆင့်သင်ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်ရှိပါကြောင်း၊ အနီးဆုံး အထက်တန်းဆင့်သင်ကျောင်းဖြစ်သော လက်ပံတန်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့်လည်း ၁၀ မိုင်ခန့် ကွာဝေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် လက်ပံတန်းမြို့နယ် ဖိုးခေါင်စု - အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ကို ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်ခြင်းများ အမှုတွဲတင်ပြ၍ စိစစ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစောစိန်ထွန်း

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ထို့နောက် **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဒေါက်တာဦးကြွယ်ကြွယ်က အဆိုပါ ဥပဒေကြမ်းအား ပြင်ဆင်ချက်အဆို တင်သွင်းရခြင်း ရည်ရွယ်ချက်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေစွာ အလျင်အမြန် ပြုပြင်ပြောင်းလဲစေရန် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေသည့် စီးပွားရေးလုပ်ငန်းများသည် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများသာ ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည်သာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဓိက မောင်းနှင်အားဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးသည် ပုဂ္ဂလိကကဏ္ဍကို အဓိကထားမဏ္ဍိုင်ပြုရမည် ဖြစ်ပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အစုရှယ်ယာတန်ဖိုးသတ်မှတ် ရောင်းချလိုက်ခြင်းဖြင့် မူလအဆိုပြုဥပဒေကြမ်းပါ ရည်ရွယ်ချက်များအားလုံး ပြည့်မီပြီးမြောက်သွားမည် ဖြစ်ပါကြောင်း၊ အစုရှယ်ရာရောင်းချရသည့် ငွေကြေးများသည်လည်း နိုင်ငံတော်ဘဏ္ဍာအတွင်းဝင်ရောက်လာပြီး လိုငွေပြနေသည့် နိုင်ငံတော်ဘတ်ဂျက်ကိုလည်း တစ်နည်းတစ်လမ်း ဖြည့်သွင်းနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ ငြိမ်သက်နေသည့် စုဆောင်းငွေများသည်လည်း ဆက်သွယ်ရေးလုပ်ငန်းအစုရှယ်ရာ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊အမြတ်ငွေများရရှိခြင်းဖြင့်လည်း တိုင်းပြည်၏ စီးပွားရေးသည် သွက်လက်မြန်ဆန်ရှင်သန်ဖွံ့ဖြိုးလာမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အမှန်တကယ်အကောင်အထည်ဖော်နိုင်မည့် စံပြဥပဒေတစ်ခု ဖြစ်လာရန်အတွက် မိမိ၏ ပြင်ဆင်ချက်များကို ဥပမာအနေဖြင့် တင်ပြရခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့်လည်း အစိုးရအဖွဲ့မှ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မြန်မြန်ဆန်ဆန် ရဲရဲဝံ့ဝံ့ပြုလုပ်ရန် အကြံပြုတိုက်တွန်းစေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးသန်းစိုး (ခ) သန်းစိုး (ဘောဂဗေဒ)နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၂၃ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရခိုင်ပြည်နယ်သို့ရောက်ရှိ

စစ်တွေ ဇန်နဝါရီ ၂၂

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား ပြည်နယ်လှျပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgenerနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အထူးဧည့်ခန်းမဆောင်၌ သွားရောက်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဇန်နဝါရီ ၄ ရက်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်လွှတ်တော်သို့ သွားရောက်ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းနှင့် တွေ့ဆုံကာ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

ဓာတ်ပုံ- မင်းထက်

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် **Ms. Christine Schraner Burgener** နှင့်အဖွဲ့အား တွေ့ဆုံစဉ်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခြင်းနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးကျော်စိုးလင်း၊ ဦးနေဖူးဗဆွေ၊ ဒေါက်တာမြတ်ညဏစိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းနှင့် အဖွဲ့အားလက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ကိုရီးယားသမ္မတနိုင်ငံမှ ရခိုင်ပြည်နယ်အတွက် လှူဒါန်းသည့် ဆန်တန်ချိန် ၂၅၀ လွှဲပြောင်းပေးအပ်

စစ်တွေ ဇန်နဝါရီ ၂၂

အာဆီယံအပေါင်း ၃ အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၂၅၀ အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောင်းလဲအောင်ကြိုးစားနေ

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက “ပြည်ထောင်စုအစိုးရအနေနဲ့ရော၊ ပြည်နယ်အစိုးရအနေနဲ့ရော ရခိုင်ပြည်နယ်ရဲ့ အခြေအနေကို ပြောင်းလဲအောင် ကြိုးစားနေပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုရအောင် ဒီထက်ပိုပြီး ဆောင်ရွက်သွားမှာပါ။ ကိုရီးယားနိုင်ငံအနေနဲ့လည်း ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးပါလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ အနေနဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ပြိုင်တည်းလုပ်တယ် ဆိုတာတောင် ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တည်ငြိမ်အေးချမ်းလာမယ်လို့ ယုံကြည်ပါတယ်။ မတည်မငြိမ်ဖြစ်နေတယ်ဆိုတာကလည်း ရခိုင်ပြည်နယ်ရဲ့ ဒေသအစိတ်အပိုင်း တစ်ခုပါ။ ဒါကိုလည်း ပြောချင်ပါတယ်။ အခုလှူဒါန်းတဲ့ ဆန်တွေကို လိုအပ်တဲ့ နေရာတွေ၊ လိုအပ်တဲ့လူတွေဆီ ရောက်အောင် ပို့ပေးသွားမှာ ဖြစ်ပါတယ်။ မှန်မှန်ကန်ကန် သုံးစွဲနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၂၅၀ အား လက်ခံစဉ်။ သတင်းစဉ်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang Hwa က ဆန်တန်ချိန် ၂၅၀ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အာဆီယံအပေါင်း ၃ အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ ရခိုင်ပြည်နယ်အတွက်ဆန်တန်ချိန် ၂၅၀ လှူဒါန်းနိုင်ရေး ဆောင်ရွက်ပေးခဲ့မှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ကိုရီးယားသံအမတ်ကြီးက ဆန်တန်ချိန် ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်း ဝန်ကြီးဦးကျော်လွင်က ဆန်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွက် ၂၀၁၇ ခုနှစ်တွင် ဆန်တန်ချိန် ၂၆၇ တန်ကို လှူဒါန်းခဲ့ပြီး ယခုဆန်တန်ချိန် ၂၅၀ကို ထပ်မံလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားအပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးMr.Lee Sang Hwa နှင့်အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌တွေ့ဆုံပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မျိုးမြင့်(သတင်းစဉ်)
ဓာတ်ပုံ- မင်းထက်

တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုများကို တစ်နေရာတည်း၌ စုံလင်စွာလေ့လာကြည့်ရှုနိုင်ရန် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုပြခန်း ဖွင့်လှစ်ပြသ

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော်သည် နေရာဒေသအသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပြီး ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ ပွဲတော်များ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများ၊ ရှေးဟောင်းနေရာများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ စသည့် ယဉ်ကျေးမှု အမွေအနှစ်များမှာလည်း နေရာအနှံ့အပြားတွင် ပျံ့နှံ့တည်ရှိလျက်ရှိသည်။

တိုင်းရင်းသား မျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာဓလေ့များ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရိုးရာအစားအသောက်များကို တစ်နေရာတည်း၌ စုံလင်စွာ လေ့လာကြည့်ရှုနိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနက တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုပြခန်းကိုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ဖွင့်လှစ်ပြသလျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုပြခန်းတွင် ပြသထားသည့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

အဆိုပါပြခန်းကို တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုပုံစံများကို ပြည်သူများသိရှိပြီး ဗဟုသုတရရှိစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း သိရသည်။

ပြခန်း ခင်းကျင်းပြသဖြစ်သည့် အခြေအနေနှင့် စပ်လျဉ်း၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က “ပြခန်းဖွင့်လှစ်ပြီး ပြသဖြစ်တာက ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖြစ်တယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးတွေရဲ့အငွေ့အသက်တွေ ရှိနေစေဖို့ ဖွင့်လှစ်တာ ဖြစ်ပါတယ်”ဟု ပြောသည်။

အဆိုပါပြခန်းတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း လူမျိုးတို့၏ တိုင်းရင်းသားမျိုးနွယ်စု ရိုးရာဝတ်စုံများ၊ အသုံးအဆောင်များနှင့် အစားအသောက်များကို ခင်းကျင်းပြသထားသည်။

ပြခန်းဖွင့်လှစ်သည့်အခါတွင် လိုအပ်သည့် တိုင်းရင်းသားရိုးရာဝတ်စုံများ၊ တိုင်းရင်းသားများ၏ အသုံးအဆောင်ပစ္စည်းများ၊ ၎င်းတို့၏ တူရိယာပစ္စည်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ အလှူခံခဲ့ပြီး အချို့ဒေသများ၌ တိုင်းရင်းသားများထံမှတစ်ဆင့် ဝယ်ယူစုဆောင်း၍ ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ပြခန်းကို ရုံးဖွင့်ရက်များတွင် ဖွင့်လှစ်ထားမည်ဖြစ်ပြီး လွတ်လပ်စွာ လာရောက်လေ့လာနိုင်ကာ လာရောက်လေ့လာသူများ အနေဖြင့်လည်း တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် တူရိယာပစ္စည်းများကို တစ်နေရာတည်း၌ စုံလင်စွာ လေ့လာနိုင်မည်ဖြစ်သည်။

“တချို့တိုင်းရင်းသား ဝတ်စုံတွေက မမြင်ဖူးတာတွေရှိတယ်။ ဒီမှာလေ့လာခြင်းအားဖြင့် တစ်စုတစ်စည်းတည်း မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီပြခန်း ဖွင့်ခြင်းအားဖြင့် ရိုးရာဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်ပစ္စည်းတွေကို မြတ်နိုးတန်ဖိုးထားတဲ့စိတ်တွေ ပေါ်ပေါက်စေဖို့ကိုလည်း ရည်ရွယ်ပါတယ်” ဟု ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ပြောသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် ပွဲတော်များစသည့် ထိတွေ့ကိုင်တွယ်၍ မရသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ၎င်းက “ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နဲ့ ပတ်သက်လို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အနေနဲ့လည်း တစ်ဖက်တစ်လမ်းကနေ ပူးပေါင်းကူညီပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ ၃၀၀ ကျော်နဲ့လည်းချိတ်ဆက်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက် ပူးပေါင်းကူညီ ဆောင်ရွက်သွားပါမယ်” ဟု ပြောသည်။

ကျော်မျိုးမော်၊ ဓာတ်ပုံ-ထန်းဖုန်

ပေလီကမ်းခြေတွင်ကျင်းပမည့် ရခိုင်ပြည်နယ်၏ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့် ပတ်သက်၍ ရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် သံတွဲမြို့ ပေလီကမ်းခြေရှိ Jasmine Palace Resort Hotel တွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် ရခိုင်ပြည်နယ်၏ ပထမဆုံးရင်းနှီးမြှုပ်နှံမှုပြပွဲ (Rakhine State Investment Fair 2019) နှင့်ပတ်သက်၍ မီဒီယာ တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Jasmine Palace Hotel ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ Myanmar Survey Research-MSR ဥက္ကဋ္ဌ ဦးကျော်လှိုင် နှင့် Mango Media Group ၏ CEO ဒေါ်အေးနှင်းဆွေတို့က ရခိုင်ပြည်နယ်၏ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ရခိုင်ပြည်နယ်၏ ပထမဆုံးရင်းနှီးမြှုပ်နှံမှုပြပွဲနှင့်ပတ်သက်၍ မီဒီယာတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဆွေးနွေးပြောကြားစဉ်။

အခွင့်အလမ်းကောင်းတဲ့ ဒေသ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ရခိုင်ပြည်နယ်ရဲ့ ပထဝီ၊ ရေမြေအနေအထား၊ သဘာဝသယံဇာတတွေဟာ ပြည့်စုံပြီးတော့ တကယ်ကို တိုးတက်အောင် လုပ်နိုင်တဲ့ အခြေခံကောင်းတွေ ဖြစ်ပါတယ်။ နောက်တစ်ဖက်က ရခိုင်ပြည်နယ်ရဲ့ဘင်္ဂလားပင်လယ်အော်အနေအထားနဲ့ဆိုရင် တကယ့်ကို မဟာဗျူဟာကျတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် အခွင့်အလမ်းကောင်းပါ။ ပထဝီအနေအထားဆိုရင်လည်း မြစ်၊ ချောင်းနဲ့ မြေပြန့်ပေါ်များတယ်။ တောတောင်ရေမြေတွေ ပေါ်များတယ်။ ဒါကြောင့် ဒီအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုများများလုပ်ဖို့ လိုအပ်ပါတယ်။ ရာသီဥတုဆိုရင်လည်း အင်မတန်ကောင်းမွန်တဲ့ အနေအထား၊ သယံဇာတဆိုရင်လည်း ကုန်းပေါ်မှာရော၊ ရေထဲမှာအပြင် အခြားဆက်စပ်နေတဲ့ကဏ္ဍတွေ လုပ်လို့ရပါတယ်။ ဒါကြောင့် အင်မတန် အခွင့်အလမ်းကောင်းတဲ့ ဒေသလို့ ပြောချင်ပါတယ်" ဟု ပြောသည်။

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်၏ မဟာဗျူဟာမြောက် အချက်အချာကျသည့်နေရာတွင် တည်ရှိနေသောကြောင့် တရုတ်၊ အိန္ဒိယနိုင်ငံတို့အပြင် အာဆီယံနိုင်ငံများ၏ ကုန်သွယ်စီးဆင်းရေး တံခါးပေါက်ကို ဖွင့်လှစ်ပေးနိုင်မည့်နေရာဖြစ်သည်။

"ကျွန်တော်တို့ပြည်နယ်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ကို စတင်တာဝန်ယူတဲ့ အချိန်ကစပြီး ရခိုင်ပြည်နယ်အတွင်း ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ရေးဆွဲထားတဲ့ စီမံချက်ကလည်း အဆင်သင့် ရှိပြီးသားပါ။ ဒါကို နိုင်ငံတကာက သံတမန်တွေ ၊ ပညာရှင်တွေ ဖိတ်ကြားပြီး ရေးဆွဲထားတာပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အသိအမှတ်ပြုပြီး ဒါကို အကောင်အထည်ဖော်ဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အဲဒီစီမံချက်ထဲမှာ ကဏ္ဍကြီးခြောက်ခုလောက်ပါပါတယ်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ သားငါး ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နဲ့ ခရီးသွားလာရေးကဏ္ဍ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနဲ့ စက်မှုဖွံ့ဖြိုးရေးကဏ္ဍဆိုတဲ့ အရာတွေဟာ ကျွန်တော်တို့ ပြည်နယ်မှာ အဓိကလုပ်ဆောင်နိုင်တဲ့ ကဏ္ဍကြီးတွေ ဖြစ်ပါတယ်။ ဒါကိုကျယ်ကျယ်ပြန့်ပြန့်နဲ့ အကောင်အထည်ဖော်နိုင်ဖို့ တကယ့်ရင်းနှီးမြှုပ်နှံနိုင်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်နိုင်တဲ့ကဏ္ဍတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အများဆုံးအောင်မြင်မှုရနိုင်မယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က မီဒီယာများကို ပြောကြားသည်။

Rakhine State Investment Fair 2019 သည် ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ်အစိုးရက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ဂျပန်နိုင်ငံရှိ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် JETRO တို့က အဓိကပူးပေါင်းကူညီပေးကြောင်း ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပြောသည်။

ကုမ္ပဏီ ၁၀၀ ကျော် လာမယ်ထင်

ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက "တိုင်းရင်းသားလုပ်ငန်းရှင်တွေကလည်း ဒီပွဲအတွက် လုပ်ဆောင်နေပါတယ်။ အွန်လိုင်းကနေ ဖိတ်ခေါ်သွားပါမယ်။ ကုမ္ပဏီ ၁၀၀ ကျော်လောက် လာမယ်ထင်ပါတယ်။ ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးသွားပါမယ်။ UMFCCI ရဲ့အောက်မှာရှိတဲ့ ရခိုင်ကုန်သည်စက်မှုအသင်း (RFCCI) နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ဆောင်ရန်အတွက် တည်ငြိမ်မှု ရှိ/မရှိ ဆိုသည့်မေးခွန်းကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "တည်ငြိမ်မှုကိုမေးလို့ ဖြေရရင် ရခိုင်တစ်ပြည်နယ်လုံး မတည်မငြိမ်ဖြစ်နေတာ မဟုတ်ပါဘူး။ ရခိုင်လို့ပြောရင် နေရာအားလုံးက မတည်ငြိမ်ဘူးလို့ သဘောပေါက်နေတယ်။ အခုပြောနေတဲ့ ပေလီတို့လို ၊ ရခိုင်တောင်ပိုင်းဆိုရင် အင်မတန်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးမှုအတွက် တကယ့်ကို ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်တဲ့ အခြေအနေရှိပါတယ်။ ဖြစ်နေတာက မောင်တောဒေသလေး တစ်ခုပါ။ မောင်တောဒေသဆိုတာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် နေရာလေးပါ။ ဒီနေရာလေးကို တည်ငြိမ်အေးချမ်းစေချင်တယ်ဆိုရင် ရခိုင်ဒေသကြီးတစ်ခုလုံးကို ပိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ၊ ဖွံ့ဖြိုးမှုတွေ လုပ်နိုင်လာတာနဲ့ အမျှ အဲဒီမတည်ငြိမ်တာတွေက အလိုလို တည်ငြိမ်မှုကို ရလာပြီးတော့ ဖွံ့ဖြိုးမှုဘက်ကို အလိုလိုပါလာမယ်။ နေရာလေးတစ်ခုတည်းကြောင့် မဟုတ်ဘဲ တည်ငြိမ်နေတဲ့ ဒေသကြီးတစ်ခုလုံးကို အသုံးချစေချင်ပါတယ်။ ဒီအတွက်လည်း မျှော်လင့်ပါတယ်" ဟု ဖြေကြားသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အဓိကလုပ်ငန်း

လက်ရှိအစိုးရသက်တမ်းအတွင်း ရခိုင်ပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ စုစုပေါင်း ၁၇ ခုရှိကာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ၁၂ ခု၊ ဆောက်လုပ်ရေးတစ်ခု၊ မွေးမြူရေးလုပ်ငန်းသုံးခု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတစ်ခုရှိကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ အမေရိကန်ဒေါ်လာ သန်း ၉၀၀၀ ကျော်ရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အဓိကရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်၏ ပထမဆုံးရင်းနှီးမြှုပ်နှံမှုပြပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ MSR ဥက္ကဋ္ဌ ဦးကျော်လှိုင်က "ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာစေမယ့် ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာရင် ရခိုင်ပြည်သူ၊ ပြည်သားတွေအလုပ်အကိုင် အခွင့်အလမ်းတိုးလာမယ်။ နောက်တစ်ခါ ရခိုင်ပြည်နယ်မှာ ကုမ္ပဏီတွေအတွက် လိုအပ်တဲ့ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်နဲ့ ပတ်သက်တဲ့ အဆက်အသွယ် စတာတွေကို ရင်းနှီးမြှုပ်နှံမှုတွေက တစ်ဆင့်ရလာမယ်။ ပြည်သူတွေက အလုပ်အကိုင်တွေရမယ်။ ပြည်သူတွေထဲမှာ ရှိတဲ့ကုမ္ပဏီတွေက အင်အားတွေတိုးပွားလာမယ်ဆိုရင် အခု လုပ်မယ့်ရင်းနှီးမြှုပ်နှံမှုပြပွဲက အဓိက ရလာမယ့် မျှော်မှန်းချက် ဖြစ်ပါတယ်" ဟု ပြောသည်။

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနည်းပါးသည့် ဇုန်သုံး တတိယအဆင့်တွင် ပါဝင်၍ တရားဝင် မှတ်ပုံတင်ကာ လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအတွက် အခွန်သက်သာခွင့် ခုနစ်နှစ်ပေးထားသည်။ ရခိုင်ပြည်နယ်အစိုးရသည် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ကုမ္ပဏီများအနေဖြင့် အများဆုံးအခက်အခဲရှိသည့် မြေယာနှင့် ပတ်သက်ပြီးလည်း ယခုပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် MoU ထိုးမည့် ကုမ္ပဏီများအား မြေယာကိစ္စကို တရားဝင်သတ်မှတ်ထားသော တစ်လခွဲအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် ကူညီမည်ဖြစ်ကြောင်း ရှင်းလင်းပွဲမှ သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တာ ကျင်းပမည့် Rakhine State Investment Fair 2019 ပုံစံနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက "ပထမနေ့မှာ ကြိုဆိုမိတ်ဆုံစားပွဲ လုပ်ဖို့ရှိတယ်။ ရခိုင်ရိုးရာ ယဉ်ကျေးမှုအကတွေ လုပ်ပါမယ်။ အလုပ်အကိုင် အခွင့်အလမ်း အတွက် တွေ့ဆုံနိုင်အောင် လမ်းဖွင့်ပေးတဲ့သဘောပါ။ ဒုတိယနေ့မှာတော့ ဖွင့်ပွဲလုပ်မယ်။ ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီတွေက ပြသထားမှုတွေ၊ ရခိုင်ပြည်နယ်ရဲ့ ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေတွေကို ရှင်းလင်းတင်ပြတာပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် အစိုးရနဲ့ Myanmar Survey Research တို့ လုပ်ထားတဲ့ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းသုတေသနဆိုတာကို ရှင်းလင်းတင်ပြပါမယ်။

ပဏာမသဘောတူညီချက်ရထားပြီး ဖြစ်

"နောက်ဆွေးနွေးပွဲ အစီအစဉ်သုံးခုလုပ်ပါမယ်။ အစိုးရပိုင်း ကဏ္ဍနဲ့ ဆိုင်တဲ့ သူတွေလုပ်တဲ့ဆွေးနွေးပွဲ၊ ဂျပန်လုပ်ငန်းရှင်တွေချည်းပဲ လုပ်မယ့် ဆွေးနွေးပွဲ၊ နောက် ရခိုင်ပြည်နယ်အတွင်းမှာ လုပ်ဖို့ လျာထားတဲ့ ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်း၊ ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ အခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍက ဆွေးနွေးတဲ့ ဆွေးနွေးပွဲ လုပ်ပါမယ်။ အဓိက အရေးကြီးဆုံးက ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီတွေနဲ့ MoU ထိုးဖို့ပါ။ ကုမ္ပဏီသုံးခုလောက်နဲ့ ပဏာမသဘောတူညီချက်ရထားပြီး ဖြစ်ပါတယ်။ ဆွေးနွေးရင်းနဲ့ သဘောတူခဲ့လို့ရှိရင် အခြားရင်းနှီးမြှုပ်နှံလိုသူတွေနဲ့လည်း MoU ထိုးနိုင်အောင် စီစဉ်ထားပါတယ်။ တတိယနေ့မှာတော့ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းရှိတဲ့ နေရာတွေကို လိုက်လံပြသပါမယ်" ဟု ပြောကြားသည်။

သတင်း-ညွန့်ကိုကို
ဓာတ်ပုံ-ဖိုးထောင်

ကလေးတွေဟာ အနာဂတ်ရဲ့ကြယ်ပွင့်လေးတွေ ဖြစ်တဲ့အတွက် သူတို့ကို ကျောင်းစာအပြင် ဗဟုသုတလုပ်ပေးတာ အလွန်ကောင်းပါတယ်

မြစ်ကြီးနားမြို့တွင် ကျင်းပသော ကလေးစာပေပွဲတော်တွင် တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေးခဲ့သော Nestle' Myanmar Ltd မှ တာဝန်ရှိသူတစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် -

Ms. Ivy Tan,
Senior Marketing Manager
Nestle' Myanmar Ltd

Ms. Ivy Tan

ကလေးစာပေပွဲတော်ဟာ လူငယ်တွေအတွက် အကျိုးရှိတဲ့ပွဲမျိုးဖြစ်ပါတယ်။ မြန်မာပြည်မှာဆိုရင်လည်း ကလေးငယ်များပြားပါတယ်။ ကလေးတွေအတွက် ဒီလိုကျင်းပတဲ့အတွက် သူတို့ဗဟုသုတလည်း ရတယ်။ အနာဂတ်အတွက် စာပေနဲ့ ပတ်သက်တဲ့ အသိပညာ ဗဟုသုတတွေ ရရှိတော့ သူတို့အတွက် အကျိုးရှိပါတယ်။ ကျွန်မတို့ဆိုရင်လည်း ခန္ဓာကိုယ်ကြံ့ခိုင်သန်မာအောင်လည်း အားကစားတွေ လုပ်ပေးနေပါတယ်။ မိုင်လိုဆိုရင်လည်း ကလေးတွေ ခန္ဓာကိုယ်ကြံ့ခိုင်အောင်ဆိုပြီး ကိုယ်ကာယနဲ့ ပတ်သက်တဲ့ အားကစားတွေလည်း လိုက်လုပ်ပေးနေပါတယ်။

Nestle ဝက်ဝံ malt milk ဆိုရင် ကလေး၊ လူကြီးမရွေး ဦးနှောက်လုပ်ဆောင်ချက်တွေ ထက်မြက်သာလွန်ပြီးတော့ တစ်ဖက်တစ်လမ်းကနေပြီး ပံ့ပိုးပေးနေပါတယ်။အမှန်တကယ်ပြောရရင် ဒီလိုမျိုး ကလေးစာပေပွဲကိုတော့ မတွေ့ဖူးသေးဘူး။ သေးတဲ့ပွဲလေးတွေတော့ တွေ့ဖူးတယ်။ အခုလိုမျိုးတွဲပြီး လုပ်ဆောင်တဲ့ပွဲတွေ တွေ့ရတာ အတော်အံ့သြမိပါတယ်။ ကလေးတွေဟာ အနာဂတ်ရဲ့ ကြယ်ပွင့်လေးတွေ ဖြစ်တဲ့အတွက် သူတို့ကို ကျောင်းစာအပြင် ဗဟုသုတလုပ်ပေးတာ အလွန်ကောင်းပါတယ်။

ကျွန်မလာခဲ့တဲ့ နိုင်ငံမှာဆိုရင်လည်း ကျောင်းစာနဲ့ပတ်သက်ပြီး ဖတ်ခိုင်းတာမျိုးပဲရှိတယ်။ ဒီလိုမျိုးကျင်းပတဲ့ ပွဲမျိုး မကျင်းပခဲ့ဘူး။ ဒါကြောင့် ဒီနေ့ပွဲကို မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မတို့ Nestle မှာဆိုရင် တန်ဖိုးထားရတဲ့ ရည်ရွယ်ချက်တွေရှိပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် ဘဝအရည်အသွေး၊ ပိုမိုကျန်းမာတဲ့ အရည်အသွေး တည်ဆောက်ပေးဖို့ပဲဖြစ်ပါတယ်။ ဒီနေ့ဆိုရင် အလွန်ကို တန်ဖိုးရှိပြီး အဓိပ္ပာယ်ရှိလှတဲ့ ကလေးစာပေပွဲတော်ပြုလုပ်ခဲ့ပါတယ်။ ကလေးတွေဟာ အနာဂတ်တစ်ချိန်မှာ အရေးကြီးတဲ့သူတွေဖြစ်တဲ့အတွက် ကလေးတွေအတွက် အာဟာရရှိပြီး အရသာရှိလှတဲ့ Nestle ပစ္စည်းတွေ ပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်ပါတယ်။

သတင်းအဖွဲ့

ကလေးစာပေပွဲတော် (မြစ်ကြီးနား) နောက်ဆုံးနေ့၌ ပွဲတော်လာပရိသတ်များဖြင့် စည်စည်ကားကား တွေ့ရစဉ်။ **သတင်း-စာ-၁၀** ဓာတ်ပုံ-ထိန်နန်နေ်

ကလေးစာပေပွဲတော် (မြစ်ကြီးနား) နောက်ဆုံးနေ့၌ ပြသထားသည့် ပြခန်းများတွင် ကျောင်းသားများကိုယ်တိုင် ပါဝင်ဆင်နွှဲနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နေ်

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂၂
ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ကလေးစာပေပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ကလေးစာပေပွဲတော်အတွင်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ပြိုင်ပွဲပေါင်းများစွာယှဉ်ပြိုင်

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် ကျောင်းသားကျောင်းသူများအပါအဝင် ပြည်သူတစ်သိန်းကျော် ပါဝင်ဆင်နွှဲခဲ့ကြပါကြောင်း၊ ပွဲတော်နှင့်အတူ ကျောင်းသားကျောင်းသူများသည် ကာယဉာဏ ဖွံ့ဖြိုးတိုးတက်စေသည့် ပြိုင်ပွဲပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ တိုင်းရင်းသားဘာသာစကားဖြင့် ပြုလုပ်သည့် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများကိုလည်း ကျင်းပနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသား ရိုးရာအကများဖြင့် ပါဝင်ဖျော်ဖြေခဲ့ကြသည့်အတွက် အထူးပင်ပျော်ရွှင်စရာကောင်းသည့် ပွဲတော်ကြီးတစ်ခုလည်း ဖြစ်ပါကြောင်း။

ယနေ့ခေတ်တွင် လူငယ်များ စာဖတ်ရန်၊ စာပေနှင့် ထိတွေ့ရင်းနှီးရန်မှာ အနည်းငယ် အလှမ်းကွာနေပါကြောင်း၊ နည်းပညာအသစ်များ၏ နောက်တွင် စာအုပ်စာပေများသည် နောက်ကျကျန်ရစ်သကဲ့သို့ ဖြစ်နေပါကြောင်း၊ အင်တာနက် ယဉ်ကျေးမှုများ၏ ဆွဲဆောင်မှုနောက်တွင် ကလေးများ၊ လူငယ်များသည် စာအုပ်စာပေကို မေ့လျော့နေကြပါကြောင်း၊ စာအုပ်စာပေများ၏ အရသာကို မေ့လျော့နေကြပါကြောင်း၊ ယနေ့ကျင်းပသည့် ပွဲတော်သည် ကလေးများ၊ လူငယ်များ စာအုပ်စာပေများနှင့် ရင်းနှီးထိတွေ့နိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေသည့် ပွဲတော်တစ်ခုဖြစ်သည်ကို မိမိတို့ တွေ့ရပါကြောင်း။

စာဖတ်မှ ဉာဏ်ရည်ဖွံ့ဖြိုး

ကလေးများ၊ လူငယ်များ စာဖတ်ရန် အရေးကိစ္စသည် နိုင်ငံနှင့်ချီပြီး အရေးပါသည့် ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတစ်ခု၊ လူမျိုးတစ်ခု၏ တိုးတက်မှုသည် ဒွန်တွဲနေပါကြောင်း၊ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်လျှင် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို မဏ္ဍိုင်တစ်ရပ်အနေဖြင့် အထူးတလည် ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေပါကြောင်း၊ စာဖတ်မှသာ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ပြီး စဉ်းစားတွေးခေါ်မှုနှင့် စိတ်ခံစားခွင့်အား ရင့်သန်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတစ်ခု တည်ဆောက်ရာတွင် ကာယ၊ ဉာဏ နှစ်မျိုးစလုံး ဖွံ့ဖြိုးတိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ်များ အထူးလိုအပ်ပါကြောင်း၊ စာပေသည် လူတစ်ယောက်၏ စိတ်နှလုံးကို အစွန်းမရောက်ရန် ထိန်းညှိပေးနိုင်ပါကြောင်း၊ ထို့ပြင် လူတစ်ယောက်၏ အတွေးအခေါ်များ လမ်းမှန်ရောက်စေရန်လည်း ထိန်းကျောင်းပေးနိုင်ပါကြောင်း၊ ထို့ကြောင့် စာများများဖတ်ရန် ကလေးငယ်များကို ပံ့ပိုးပေးရမည်ဖြစ်ပြီး စာအုပ်စာပေနှင့် ထိတွေ့နိုင်ရန်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ယနေ့ ကလေးငယ်များသည် ပြင်ပဗဟုသုတစာပေကို ဖတ်ရှုလေ့လာချိန်၊ ကာယလှုပ်ရှား ကစားချိန်များထက် ကျောင်းစာကို လေ့လာသင်ယူချိန်များက ပိုမိုများပြားနေသည်ကို တွေ့ရပါကြောင်း၊ မိဘများကိုယ်တိုင် ကျောင်းစာလေ့လာရန် အထူးတွန်းအားပေး ဆောင်ရွက်ပြီး ပြင်ပဗဟုသုတနှင့် ကာယလှုပ်ရှားမှုများကို အားပေးရန် မေ့လျော့နေသည်ကိုလည်း မျက်မှောက်ယဉ်ကျေးမှု အသစ်ကဲ့သို့ တွေ့နေရပါကြောင်း၊ ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်သည် ကျောင်းစာသာမက အခြားလိုအပ်သည့် အချက်များကို ကလေးများနှင့် မိဘများအား မီးမောင်းထိုးပြပေးနိုင်ခဲ့ပါကြောင်း။

အတွေ့အကြုံများ အသုံးချ

ကလေးစာပေပွဲတော်တွင် ပါဝင်သည့် အစီအစဉ်များ၊ ပြိုင်ပွဲများနှင့် ကစားပွဲများသည် ကာယ၊ ဉာဏ နှစ်မျိုးစလုံး ဖွံ့ဖြိုးတိုးတက်စေပြီး ထူးချွန်အောင်မြင်ရုံသာမက ပျော်ရွှင်သည့် ကလေးငယ်များ ဖြစ်လာစေရန် အထောက်အပံ့ပေးမည် ဖြစ်ပါကြောင်း၊ ကာယ၊ ဉာဏ နှစ်မျိုးစလုံးမှာ ထူးချွန်သူများဖြစ်လာစေရန်အတွက် ကလေးစာပေပွဲတော်မှရရှိသည့် အတွေ့အကြုံများကို အသုံးချပြီး ဘဝကို ဖြတ်သန်းရန်အတွက် ဤနေရာမှ တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ခြင်းဖြစ်သည်။

သတင်းစဉ်

ကလေးစာပေပွဲတော် လာရောက်သူများဖြင့်စည်ကားလျက်ရှိပြီး ပွဲတော်နောက်ဆုံးနေ့သို့လာရောက်သူ ခြောက်သောင်းကျော်ရှိခဲ့

မြစ်ကြီးနား ဇန်နဝါရီ ၂၂

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှ ပွဲတော်ပိတ်သိမ်းချိန် ညနေ ၅ နာရီအထိ ပွဲတော်လာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ယနေ့ပွဲတော် နောက်ဆုံးနေ့သို့ လာရောက်သူ ခြောက်သောင်းကျော်ရှိခဲ့ကြောင်း သိရသည်။

တိုင်းလေ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့က စာပေပွဲတော်လာ ပရိသတ်များအား ကပြဖျော်ဖြေမှုကိုတွေ့ရစဉ်။ ဓာတ်ပုံ- ထိန်နန်နော်

ယနေ့ပွဲတော်တွင် လီဆူ၊ ရဝမ်၊ တိုင်းလိုင်၊ လာချိဒ်၊ တိုင်းလုံ၊ ဇိုင်ဝါးနှင့် တိုင်းလေ တိုင်းရင်းသားများက ရိုးရာအကများဖြင့် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့ရှိ ဖျော်ဖြေရေးစင်မြင့်၌ ကပြဖျော်ဖြေကြရာ ပွဲတော်လာရောက်သူများက စိတ်ဝင်တစားကြည့်ရှုအားပေးကြသည်။

ထို့အတူ ဖျော်ဖြေရေးစင်မြင့်၌ ရုပ်သေးအကနှင့် ကျောက်ဆည်မြို့ရိုးရာဆင်အကအဖွဲ့တို့ကလည်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အပြင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ ကချင်ပြည်နယ်ရှိ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများကလည်း ကပြဖျော်ဖြေကြသည်။

ပွဲတော်သို့ လာရောက်ကြသည့် ကလေးများအတွက် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ဆက်၊ အိမ်တည်ဆောက်မှုပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်း ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့သည်။

ပွဲတော်နောက်ဆုံးနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ မြစ်ငယ်အကျော်အမော်က **"နဘေကဗျာ အထူးဂုဏ်ရတဲ့စလေဆရာဦးပုည"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ အကြီးကိုကို(ကသာ)က **"ကောင်းကင်မှာ စီးချင်းထိုးမယ့်ကြယ်"** ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး စာပေစကားဝိုင်းတွင် **"လူငယ်နှင့်စာပေ"** ခေါင်းစဉ်ဖြင့် မောင်နော်အောင်၊ မသိမ့်နန္ဒာထွန်း၊ မဖြိုးသန္တာကျော်နှင့် မောင်ဇော်မျိုးထိုက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

အလားတူ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကိုပြည့်စုံ၊ ဖြိုးရတနာ(ရက္ခဗေဒ)၊ လင်းဇော်ဦး၊ အကြီးကိုကို(ကသာ)၊ ကိုအောင်ငွေစိုးတို့က **"နှလုံးသားအလှစာအလှ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ကြသည်။

ထို့ပြင် ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် အသိပညာပေးပြခန်းများ ပါဝင်ပြသထားပြီး အဆိုပါပြခန်းများသို့ ပွဲတော်လာရောက်သူများသည် စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

အလားတူ လော်ဝေါ်၊ ရဝမ်၊ လာချိဒ်၊ ဂျိန်းဖော၊ လီဆူ၊ ဇိုင်ဝါး၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများကိုလည်း ဝင်ရောက်လေ့လာသူ အများအပြားရှိကြောင်း သိရှိရသည်။

ပွဲတော်တွင် စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင် ၅၁ ဆိုင် လာရောက်ရောင်းချခဲ့ပြီး ပွဲတော်ကျင်းပသည့် သုံးရက်အတွင်း ငွေကျပ် သိန်း ၃၆၀ ခန့် ရောင်းချခဲ့ရကြောင်း သိရသည်။

ကလေးစာပေပွဲတော် (မြစ်ကြီးနား) သို့ လာရောက်သည့် ကျောင်းသားကျောင်းသူများအတွက် တီရှပ် ၆၀၀၀ ကျော်၊ ဗလာစာအုပ် ၆၀၀၀ ကျော်၊ ကလေးကဗျာ၊ ပုံပြင်နှင့် ကာတွန်းစာအုပ်

စာမျက်နှာ ၁၂ သို့

လာချိဒ် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ထိန်နန်နော်

တိုင်းလိုင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ထိန်နန်နော်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်နှင့် တက်ရောက်လာကြသူများ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသူသင်တန်းသားများ တက်ရောက်ကြသည်။

မူဝါဒ(၄)ရပ် ချမှတ်ဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော် ပေါင်းစည်းနေထိုင်ကြပြီး နိုင်ငံ၏နေရာဒေသအသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိရာ တိုင်းရင်းသားလူမျိုးများ၏ သမိုင်းအရ၊ ယဉ်ကျေးမှု အနုပညာအရပါ တန်ဖိုးကြီးမားသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၊ နေရာ၊ ဝတ္ထုပစ္စည်းစသည့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များသည်လည်းနိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် များစွာတည်ရှိနေပါကြောင်း၊ ယနေ့ကျင်းပသည့် သင်တန်းသည် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် ပွဲတော်များစသည့် ထိတွေ့ကိုင်တွယ်မရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး ပြန်လည်အသုံးချနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ မူဝါဒ(၄)ရပ်တွင် မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစာရင်း ပြုစုဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားအသီးသီး၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို အချင်းချင်း နားလည်သဘောပေါက်ကြပြီး ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး နားလည်ချစ်ကြည်လာပါက မိမိတို့ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာမှု ရှိလာမည်ဖြစ်ပြီး နိုင်ငံတော်က မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သည့်နေရာတွင် များစွာ အထောက်အကူပြုစေမည်လည်း ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တည်ရှိမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုများတွင် အလေးထား တန်ဖိုးထားမှုများနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုများ ရရှိလာစေရန် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းဝင်နိုင်ငံဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် သတ်မှတ်ဖော်ထုတ်ရေး ကိစ္စရပ်များကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းတင်သွင်းဖော်ပြမှုမရှိပါက အိမ်နီးချင်းနိုင်ငံအချို့၏ မွေးစားမှု၊ အသွင်ပြောင်းယူငင်မှုများ ရှိလာနိုင်သည့်အပြင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း မပြုပါက အချိန်ကာလ၏ တိုက်စားမှုအောက်တွင် တဖြည်းဖြည်း မေးမှိန်ပျောက်ကွယ် သွားနိုင်ပါကြောင်း၊ ယဉ်ကျေးမှုပျောက်ကွယ်ပါက လူမျိုးပါ ပျောက်ကွယ်သွားနိုင်သဖြင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ကြွယ်ဝလှသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို သိမြင်နားလည်ပြီး တန်ဖိုးထားစာရင်းပြုစုခြင်း၊ မှတ်တမ်းတင်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သင်တန်းမှရရှိလာသော အသိပညာ၊ ဗဟုသုတများကို ပြည်သူလူထုအတွင်းသို့ လက်ဆင့်ကမ်းမျှဝေရန်နှင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်ရှင်သန်တည်တံ့နိုင်အောင် ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းစဉ်များတွင် လက်တွေ့အသုံးချရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်က ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏အဓိပ္ပာယ်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ဟောပြောပို့ချမည့် အကြောင်းအရာများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးမူဘောင်များနှင့် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တိုးတက်မြှင့်တင်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာသူများသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယခုဖွင့်လှစ်သည့် သင်တန်းသည် ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်ထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သည့် တိုင်းရင်းသားကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များပေးအပ်

မြစ်ကြီးနား ဇန်နဝါရီ ၂၂

ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်က ပွဲတော်ဒုတိယနေ့ ပုံပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် မူလတန်းနှင့် အလယ်တန်းအဆင့် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပုံပြောပြိုင်ပွဲတွင် ဂျိမ်းဖောတိုင်းရင်းသူ မဂျာနောင်ဆိုင်း၊ ရဝမ်တိုင်းရင်းသား ချန်းဒေးဗစ်ဆန်းလွင်၊ တိုင်းဆာတိုင်းရင်းသူ မမြတ်မွန်မြင့်၊ ဂျိမ်းဖောတိုင်းရင်းသူ ဂျာဒိမ်၊ တိုင်းလုံတိုင်းရင်းသား မောင်စိုင်းမြင့်ဦး၊ ဇိုင်ဝါးတိုင်းရင်းသား မောင်ဇော်မြတ်အောင်၊ လီဆူတိုင်းရင်းသူ ခေါင်နော၊ လောဝေါ်တိုင်းရင်းသူ ဟောင်းညွှယ်၊ လီဆူတိုင်းရင်းသူ ရာခေလ၊ လာချိဒ်တိုင်းရင်းသူ ယော်နာမ်၊ တိုင်းလုံတိုင်းရင်းသား စိုင်းထက်ရှားအောင်တို့ ဆုလက်ဆောင်များ ရရှိခဲ့သည်။

အလားတူ ကလေးစာပေပွဲတော် ပထမနေ့ကျင်းပသည့် ကဗျာပြိုင်ပွဲတွင် တိုင်းလုံတိုင်းရင်းသူ စိုင်းမြတ်လင်းနှင့် ဆုရတနာဖြိုး၊ တိုင်းဆာတိုင်းရင်းသူ မနန်းကေသီအေး၊ တိုင်းလိုင်တိုင်းရင်းသူ မနေခြည်ဦးနှင့် နန်းဇင်သူစိုး၊ ဇိုင်ဝါးတိုင်းရင်းသူ မစိုင်းနန်လုံ၊ ဂျိမ်းဖောတိုင်းရင်းသူ မဂျာဆိုင်းနန်နှင့် မထွယ်ဆန်အိန်၊ ရဝမ်တိုင်းရင်းသူ ဝဒမ်နန်ဆား၊ လီဆူတိုင်းရင်းသား မဇီမာဆီး၊ လောဝေါ်တိုင်းရင်းသူ ဟောင်းညွှယ်နှင့် ဟောင်းနော့တို့ ဆုလက်ဆောင်များ ရရှိခဲ့ကြောင်း သိရသည်။

တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေဖြင့် ရေးဖွဲ့ထားသည့် ကဗျာများ၊ ပုံပြင်များကို အခြားတိုင်းရင်းသားများသိရှိပြီး ဂုဏ်ယူမြတ်နိုး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲများကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရှင်မင်း၊ ဓာတ်ပုံ-ထိန်နန်နေ

ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူ ဂျိမ်းဖောတိုင်းရင်းသူ မဂျာနောင်ဆိုင်းအား ဆုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူ ရဝမ်တိုင်းရင်းသား ချန်းဒေးဗစ်ဆန်းလွင်အား ဆုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူ လာချိဒ်တိုင်းရင်းသူ ယော်နာမ်အား ဆုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

“အဓိပတိလမ်းက နဂ္ဂတစ်များ” ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၂၅ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

သရုပ်ဆောင် ပြေတီဦး

စီစဉ်သူ ဦးကျော် (စိတ်ပညာ)

သရုပ်ဆောင် ငှက်ပျောကြော်

သရုပ်ဆောင် ရဲအောင်

ရန်ကုန် ဇန်နဝါရီ ၂၂
“သုခမိန်” ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်) ရိုက်ကူးသည့် “အဓိပတိလမ်းက နဂ္ဂတစ်များ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအဖြစ် ဇန်နဝါရီ ၂၁ ရက် ည ၉ နာရီက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည် ဖြစ်သည်။

သရုပ်ဆောင် ပြေတီဦးက“ဘွဲ့လွန်မာစတာတန်းတက်နေတဲ့ ကျောင်းသားရဲဝင်းအနေနဲ့ ပါဝင်ထားတာပါ။ သူကနည်းနည်းထူပြီး သဘောပေါက်မလွယ်တဲ့ပုံစံပါ။ အဲဒီအပေါ်မှာ အလွဲလွဲ အချော်ချော် ဖြစ်တာမျိုးလေးတွေပါ။ အရင်တုန်းကလည်း ရိုက်ခဲ့ဖူးတာရှိတယ်။ ကိုနီကိုရဲ နဲ့လည်း ညီအစ်ကိုတွေလိုမျိုး အကြာကြီး ရင်းရင်းနှီးနှီးတွေ နေခဲ့ဖူးတာဆိုတော့ ဒီဇာတ်ရုပ်ပိုင်းနဲ့ ပတ်သက်လို့ကတော့ ရင်းနှီးမှု ရှိပြီးသားပါ။ ဒီလိုဟာသမျိုးလေးတွေက ကျွန်တော်နဲ့ လိုက်ဖက်တယ်လို့ ခံစားရတယ်”ဟု ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပြေတီဦး၊ ရဲအောင်၊ ဝတ်မှုန်ရွှေရည်၊ ယွန်းရွှေရည်၊ အရိုင်း၊ ဖိုးဖြူ၊ ညောင်ညောင်၊ ကင်းကောင်၊ ငှက်ပျောကြော်၊ ဇင်မျိုး၊ အောင်ဇော်မင်း၊ နေလင်း၊ နန္ဒကျော်စွာ၊ ဒေါ်လှလှမိုး၊ ဝါဝါအောင်၊ တင်ဇာဝင်းပြည့်၊ ရဲလေးမ၊ အေးအေးခိုင်၊ မျိုးမျိုးခိုင်၊ အေးသီတာ၊ အိတုန်၊ နန်းထိပ်ထားစံနှင့် အနုပညာရှင်များစွာပါဝင်ထားပြီး တက္ကသိုလ်တွင် ပညာသင်ကြားခွင့် ရရှိသော ကျောင်းသား ကျောင်းသူများသည် ပညာရေးတွင်သာမက ပြင်ပဗဟုသုတနှင့် မိတ်ဆွေသင်္ဂဟများတိုးပွားမှုနှင့် ဘဝရပ်တည်ရေး အခြေခံများကို ပိုင်နိုင်ရရှိရေးတို့အတွက် ရည်ရွယ်ရိုက်ကူးထားခြင်းဖြစ်သည်။

စီစဉ်သူ ဦးကျော်(စိတ်ပညာ)က “ပရိသတ်ကြိုက်မယ့် ဟာသကားလေးပါ။ ဆရာနီကိုရဲရဲ့ ကြည်ပြာရောင်နဂ္ဂတစ်ဝတ္ထုပါ။ အရင်တုန်းက ကိုလွင်မိုးနဲ့ မထွန်းအိန္ဒြာဗိုလ်တို့ ရိုက်ဖူးတယ် ဆိုပေမယ့် သူတို့မရိုက်ခဲ့တဲ့ အခန်းတွေ စာအုပ်ထဲမှာ ကျန်နေပါသေးတယ်။ အခုကတော့ မူကွဲသွားအောင်ရိုက်ထားတာပါ” ဟု ပြောသည်။

သရုပ်ဆောင် ငှက်ပျောကြော်က “ဒီဇာတ်လမ်းလေးက နီကိုရဲဆုံးပြီးတော့ ပထမဆုံးအကြိမ် ပိတ်ကားပေါ် ပြန်ရောက်လာတာပါ။ တက္ကသိုလ်ကျောင်းသားဘဝ ဇာတ်လမ်းတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် နီကိုရဲဇာတ်လမ်းတွေကတော့ ပိုပြီးထိပါတယ်။ ဒီဇာတ်ကားလေးကတော့ တက္ကသိုလ်ဆိုတာ ပညာသင်ရုံတစ်ခုတည်းမဟုတ်ဘဲနဲ့ ပေါင်းသင်းဆက်ဆံရေး၊ လူတစ်ယောက်ရဲ့ အချိုးအကွေ့ အဲဒီလို ဗဟုသုတမျိုးစုံရှိတဲ့ နေရာလေးဆိုတာကို အားလုံးသိသွားမှာပါ” ဟု ပြောသည်။

တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဘဝ နောက်ခံဇာတ်လမ်းဖြစ်ပြီး ကူညီတတ်သူတစ်ဦး၏ အလွဲလေးများကို ရိုက်ပြထားကြောင်း၊ တက္ကသိုလ်တွင် သွားရောက်ရိုက်ကူးထားသည့်အတွက် တက္ကသိုလ်ကျောင်းသားဘဝကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကုမ္ပဏီတစ်ခု၏ ဈေးကွက်ဖြန့်ချိရေးခေါင်းဆောင် အနေဖြင့်ပါဝင်ထားကြောင်း သရုပ်ဆောင် ရဲအောင်က ဆိုသည်။

အမြဲတမ်း အလွဲအချော်ဖြစ်နေတတ်သည့် ခပ်နုံနုံ တက္ကသိုလ်ကျောင်းသားတစ်ဦးနှင့် အရာရာကို လေးလေးနက်နက်ထားတတ်သည့် တက္ကသိုလ်ကျောင်းသူတစ်ဦးတို့ တက္ကသိုလ်တွင်ဆုံစည်းခဲ့ကြသည့် ပျော်စရာအချိန်လေးများ၊ ချစ်သူတွေ ဖြစ်ပြီးနောက် အလွဲလွဲအချော်ချော်ဖြစ်ပုံများကို ရယ်မောပျော်ရွှင်ဖွယ်ရာ ရိုက်ကူးထားသော အချစ်ဟာသဇာတ်ကားကြီး ဖြစ်သည်။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂၊ ကော်လံ ၁ ပါ ရေးသူ ဖတ်သူ ဆွေးနွေးပွဲပြုလုပ်သည့် စာအုပ်မှာ ဆရာဝိသဇ္ဇက (ပဲခူး)၏ ရက္ခပူရယဉ်ကျေးမှုအလှ ဖြစ်ပါသည်။ ယင်းစာအုပ်သည် ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရစာအုပ်ဖြစ်ပြီး အဆိုပါ စာအုပ်အမည်ကို သတင်းစာတွင် မှားယွင်းဖော်ပြပါရှိသွားခဲ့သည့်အတွက် တောင်းပန်အပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

စာတည်းအဖွဲ့

စာမျက်နှာ ၁၀ မှ
၉၀၀၀ ကျော်ကို ဝေငှဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၀ ကျင်းပပေးခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ် ၁၁၂ ခုတွင် ပါဝင်ဖျော်ဖြေသူ ကျောင်းသားကျောင်းသူ ၁၅၀၅ ဦးအပါအဝင် ပြိုင်ပွဲများသို့ စုစုပေါင်း ၃၀၀၃၅ ဦး ပြိုင်ပွဲဝင်ခဲ့ကြကာ ဆုပေါင်း ၁၄၆ ဆု ချီးမြှင့်ပေးနိုင်ခဲ့သည်။

ပွဲတော်ပထမနေ့သို့ ပွဲတော်လာရောက်သူ ငါးသောင်းကျော်နှင့် ဒုတိယနေ့သို့ လာရောက်သူ ခြောက်သောင်းကျော်၊ ယနေ့တွင် ခြောက်သောင်းကျော်ရှိသည့်အတွက် ပွဲတော်သုံးရက်တွင် ကျောင်းသား ကျောင်းသူများအပါအဝင် ပြည်သူ တစ်သိန်းကျော် လာရောက်ခဲ့သည်။

ကလေးစာပေပွဲတော်ကို နိုင်ငံ၏အနာဂတ်တွင် ခေါင်းဆောင်များ ဖြစ်လာကြမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်စေရန်နှင့် နှုတ်မှုရေးရာပြောဆိုနိုင်သည့် စွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများစာပေနှင့် ထိတွေ့ရင်းနှီးမှုရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

အောင်မင်းဟန်

အီဂျစ်နိုင်ငံ၌ ကျင်းပမည့် Animation ဖိုရမ်တွင် Animation လက်ရာများ ပါဝင်ပြသနိုင်

နေပြည်တော် ဇန်နဝါရီ ၂၂
အီဂျစ်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအသင်းနှင့် အီဂျစ် Animation ရုပ်ရှင်အသင်းအဖွဲ့တို့ ပူးပေါင်း၍ 12th Cairo International Animation Forum ကို ဖေဖော်ဝါရီ ၂၁ရက် မှ ၂၈ ရက်အထိ အီဂျစ်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ Animation ပညာရှင်များအနေဖြင့် မိမိတို့၏ Animation လက်ရာများကို ပါဝင်ပြသနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဖိုရမ်တွင် နိုင်ငံအသီးသီးမှ Animation ထုတ်လုပ်သူများနှင့် တွေ့ဆုံခွင့်ရရှိမည်ဖြစ်ပြီး ပါဝင်ပြသသည့် Animation လက်ရာကောင်းများကိုလည်း ဆုများပေးအပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ပါဝင်ယှဉ်ပြိုင်လိုသည့် Animation ပညာရှင်များအနေဖြင့် ပါဝင်ပြသနိုင်ရန် လျှောက်လွှာပုံစံများကို www.cdf.gov.eg/rsom1 တွင် ရယူလျှောက်ထားနိုင်ကြောင်း သိရသည်။

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ယန္တရားနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ယန္တရားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမည့် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ Sky Palace Hotel ၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး အဆောက်အအုံ မြေနေရာ သိဒ္ဓိတင်မင်္ဂလာအခမ်းအနား ကျင်းပမည်

မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း၏ ရုံးအဆောက်အအုံ ဆောက်လုပ်ရန်အတွက် မြေနေရာ သိဒ္ဓိတင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနောက်ရပ် အမှတ်(ဒီ-၀၂)ရှိ အဆိုပါ ရုံးအဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် သံဃနာယကအဖွဲ့ရုံး နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပမည်

မွန်ပြည်နယ် သံဃနာယကအဖွဲ့ရုံး နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပရိယတ္တိဓမ္မဗိမ္မာန်တော်ဝင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ မသန်စွမ်းသူများ အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်းဆိုင်ရာ မဟာဗျူဟာ - ၂၀၂၅ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေး ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် ASEAN Enabling Masterplan (2025) Mainstreaming of the Rights of Persons with Disabilities ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ International Business Center (IBC) ခန်းမ၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၈၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီ ဗဟိုကောင်စီ အစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၈၁) ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်ထိ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်မည် ဖြစ်သည်။

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲ နေပြည်တော်၌ ကျင်းပမည်

နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အများပြည်သူများ ကြည့်ရှုအားပေးနိုင်ရန်ရည်ရွယ်၍ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဂုဏ်ပြုဖျော်ဖြေပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယိမ်းအကအလှများကို အခမဲ့ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး အများပြည်သူများ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ တည်ဆောက်လျက်ရှိသည့် ကောင်းကင်ကြိုးစီးနင်းမှု မတ်လကုန်တွင် ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ တည်ဆောက်လျက်ရှိသည့် ကောင်းကင်ကြိုးစီးနင်းမှု (Zip Line Tower) ကို မတ်လကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ကောင်းကင်ကြိုးစီး၍ အပန်းဖြေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဖွင့်လှစ်မည့် အဆိုပါ ကောင်းကင်ကြိုးစီးနင်းမှုသည် ပေ ၆၀အမြင့်ရှိပြီး တာဝါတိုင်နှစ်ခုဖြင့် တစ်ဖက်လျှင် လူနှစ်ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်မျိုး စုစည်းသည်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇန်နဝါရီ ၂၂ - တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

မွန်ပြည်နယ်တွင် ခြောက်ရက်တာအတွင်း စည်းကမ်းမဲ့ယာဉ်အစီးရေ ၂၆၀၀ ကို အရေးယူ

မော်လမြိုင် ဇန်နဝါရီ ၂၂

မွန်ပြည်နယ်အတွင်း စည်းကမ်းမဲ့ယာဉ်များနှင့် စည်းကမ်းမဲ့ယာဉ် မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွား၍ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ လျော့နည်း ကျဆင်းစေရေးအတွက် ရက် ၁၀၀ လင်းယုန်စီမံချက်ဖြင့် ခြောက်ရက်တာအတွင်း စည်းကမ်းမဲ့ယာဉ် ၂၆၂၀ ကို အရေးယူထားကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမတွင် ဇန်နဝါရီ ၂၁ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

လင်းယုန်စီမံချက်စတင်ခဲ့သည့် ဇန်နဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ စည်းကမ်းမဲ့ယာဉ်များကို အရေးယူခဲ့ရာ မော်တော်ယာဉ် ၂၀၉ စီး၊ မော်တော်ဆိုင်ကယ် ၂၃၅၂ စီး၊ ဘေးတွဲဆိုင်ကယ် ၂၇ စီး၊ သုံးဘီးဆိုင်ကယ် ၂၈ စီးနှင့် ထော်လာဂျီလေးစီးတို့ကို အရေးယူခဲ့ကြောင်း မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွန်းဦးက ပြောသည်။

"စီမံချက်ခြောက်ရက်တာကာလမှာ ယာဉ်လမ်းအသုံးပြုသူ ၃၉၀၀ ကို ယာဉ်စည်းကမ်းလမ်းစည်းကမ်းနဲ့ ပတ်သက်တဲ့ အသိပညာပေးဆောင်ရွက်မှုလည်း ၃၂ ကြိမ်လောက် ဆောင်ရွက်ထားတယ်။ စီမံချက်ခြောက်ရက်တာကာလမှာ ယာဉ်မတော်တဆ မှု ၁၄ မှု ဖြစ်ပွားပြီး သေဆုံးသူခြောက်ဦးနဲ့ ဒဏ်ရာရသူ ၁၆ ဦးရှိခဲ့တာကိုတွေ့နေရတယ်။ စီမံချက်စတင်ပြီး တစ်ပတ်နဲ့မစခင်တစ်ပတ်ကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ယာဉ်မတော်တဆမှုနဲ့ ထိခိုက်ဒဏ်ရာရသူဦးရေကအနည်းငယ်လျော့ကျခဲ့ပေမယ့် သေဆုံးမှုက လျော့ကျခြင်းမရှိတာကိုတွေ့နေရတယ်" ဟု ၎င်းက ပြောသည်။

ခရိုင်(ပြန်/ဆက်)

ဖားကန့်မြို့နှင့် မိုးကုတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၂

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် ညနေ ၅ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင်ဘုန်းကြီးကျောင်းလမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသူ ချန်းယော်(ခ) ခွန်အောင်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဆိပ်မူကျေးရွာရှိ ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၉၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု (၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် လယ်ကြီးတံတားရဲကင်း အနီးတွင် ဘရန်ဆိုင်း မောင်းနှင်ပြီး ဇော်ဒွဲ (ခ) မာဒွဲ လိုက်ပါလာသည့် မစ်ဇူဘီရှီပါကဲ့ရိုးအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဆပ်ပြာခွက် ၂၄၉ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂ ဒသမ ၄၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၊ အဆင့်နိမ့်ဘိန်း ၀ ဒသမ ၀၁၆ ကီလို၊ လက်ကိုင်ဖုန်းသုံးလုံးနှင့် ငွေကျပ် ၄ဒသမ ၀၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ချန်းယော်(ခ)ခွန်အောင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ပုသိမ်ကြီး(၁၆)မိုင်စစ်ဆေးရေး စခန်း၌ သစ်နှင့်သစ်တောထွက် ပစ္စည်းများဖမ်းမိ

နေပြည်တော် ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် (၁၆) မိုင် စစ်ဆေးရေးစခန်းတွင် ယမန်နေ့ နံနက်ပိုင်းက ယာဉ်မောင်း (စိစစ်ဆဲ) မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်ကို ရပ်တန့်ရှာဖွေရာ တရားမဝင် တမလန်းသစ်ခွဲသား ၃၃ ချောင်း ၀ ဒသမ ၇၀၉၂ တန်ကို ဖမ်းဆီးရမိခဲ့သည်။

မန္တလေးခရိုင် သစ်တောဦးစီးဌာန အနေဖြင့် ယခု ဘဏ္ဍာနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ကျွန်းသစ် ၆ ဒသမ ၀၇၀၆ တန်၊ သစ်မာ ၁၅၄ ဒသမ ၂၆၀၆ တန်၊ အခြားသား ၂ ဒသမ ၁၇၅၈ တန် စုစုပေါင်းသစ် ၁၆၂ ဒသမ ၅၀၇ တန်နှင့် သမင်ဦးချိုငါးစုံ၊ သမင်ဦးချိုဖြတ်စ ၉၇ ခု၊ လိပ်ရင်ဘတ်ခွံ ငါးခုကိုလည်းကောင်း၊ ဖမ်းဆီးအကြိမ် ၈၅ ကြိမ်မှ ပြစ်မှုကျူးလွန်သူ ၅၆ ဦးနှင့် ယာဉ် ၅၉ စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အလားတူ ကာလအတွင်းကလည်း ကျွန်းသစ် ၆ ဒသမ ၅၂၆ တန်၊ သစ်မာ ၁၀၃ ဒသမ ၁၀၅ တန်၊ အခြားသား ၅ ဒသမ ၇၅၅ တန်၊ စုစုပေါင်းသစ် ၁၁၅ ဒသမ ၃၈၆ တန်၊ ဖမ်းဆီးသည့်အကြိမ်ရေ ၅၉ ကြိမ်မှ ပြစ်မှုကျူးလွန်သူ ၈၀ နှင့် ယာဉ် ၄၄ စီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - "ငြိမ်းချမ်းရေးဂီတပွဲတော် တေးစီးရီးထုတ်လုပ်ရေး အကြိုစကားဝိုင်း"
- ၉း၁၅ - ပညာရေးစကားဝိုင်း "စာကြည့်တိုက်အသုံးပြုမှု စကားဝိုင်းဆွေးနွေးပွဲ" (အပိုင်း-၁)
- ၁၀း၃၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ " (၉၄)
- ၁၃း၃၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်

ညပိုင်း

- ၁၄း၄၅ - ၂၀၁၉ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့်မကွေးတိုင်း ဒေသကြီးအသင်း)
- ၁၇း၂၅ - "မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်လျှော့ချရေး လူထုအသံ" (အပိုင်း-၂)
- ၁၇း၃၀ - MRTV Travelogue
- ၁၈း၂၅ - ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲကဘ၀ "အစိမ်းဖမ်း"
- ၁၉-၁၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁၀) "ယမင်းကုဋေ" (ပထမပိုင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပညာရေးစကားဝိုင်း စာကြည့်တိုက်အသုံးပြုမှု စကားဝိုင်းဆွေးနွေးပွဲ (အပိုင်း-၂)
- - ရိုးရာယဉ်ကျေးမှု ထင်ဟပ်ပေါ်လွင် မြန်မာတို့၏ အနုသုခုမသဘင် (အလင်္ကာအလွမ်းပြေ) (သစ္စာမေတ္တာရွှေမန်းသဘင်) "ငွေသော်တာဆန်း နှစ်ပါးသွား"
- - ဂီတသမား၊ ဂီတစကား "နှောင်းခေတ်ဓမ္မတေး (၃)ပုဒ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

မရမ်းချောင်စစ်ဆေးရေးအဖွဲ့က အထောက်အထားမဲ့ကုန်စည်များဖမ်းမိ

နေပြည်တော် ဇန်နဝါရီ ၂၂

မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတွင် ဇန်နဝါရီ ၂၁ ရက်က တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉ သန်းခန့်တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Sugar (50 Kg) နှင့် Chang Beer (300ml × 24) (130 Pkgs) ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၃ စီး၊ သွင်းကုန် ၈၇၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုပို့ကုန် ၁၆ စီး၊ သွင်းကုန် ၁၇၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

သတင်းစဉ်

မိတ္ထီလာမြို့တွင် ဆိုင်ကယ်ခိုးမှုကျူးလွန်သူအား စစ်ဆေးရာမှ ဆိုင်ကယ်ခြောက်စီးခိုးမှု ထပ်မံဖော်ထုတ်နိုင်

မိတ္ထီလာ ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ဆိုင်ကယ်ခိုးမှုကျူးလွန်သူအား စစ်ဆေးရာမှ ဆိုင်ကယ်ခြောက်စီး ထပ်မံဖော်ထုတ်နိုင်ခဲ့ကြောင်း မိတ္ထီလာမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် ညနေ ၃နာရီခန့်က မိတ္ထီလာမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်လတ်မျိုးနှင့်အဖွဲ့သည် နန်းတော်ကုန်းရပ်ကွက် သာယာကုန်းနယ်မြေ (၁)တွင် ကျော်စွာဦး (ခ) ကတုံးနှင့် ရဲထက်(ခ)တင်ဒွေးအောင်တို့ တွန်းလာသော ရှန်ယန်းဆိုင်ကယ်နှင့်ပတ်သက်ပြီး မသင်္ကာသဖြင့် စစ်ဆေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထား ပြောပြနိုင်ခြင်းမရှိသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။

၎င်းတို့နှစ်ဦးအား ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းတို့နှင့်အတူ ကိုကိုချစ်(ခ)အာချစ်တို့သည် ဇန်နဝါရီလအတွင်း ဆိုင်ကယ်မျိုးစုံငါးစီးခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းများက အမှုဖွင့်ထားကြောင်း မိတ္ထီလာမြို့မရဲစခန်းမှ သိရသည်။

ဘိုဘို(မလှိုင်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဖမ်းဆီးရမိသူအား စစ်ဆေးရာ လုယက်မှု ၂၁ မှု ဖော်ထုတ်နိုင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်းတွင် ဖွင့်လှစ်ထားသော အမှုမှ ပြစ်မှုကျူးလွန်သူ ဝေဖြိုးအောင် (ခ) အောင်ဘု၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်သူများဖြစ်သော ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေသူများ ဖြစ်သည့် ကောင်းထက်ဇော်၊ မျိုးသန့် (ခ)ဟာဇစ်နှင့် ဇော်နိုင်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား စစ်ဆေးခဲ့ရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့အတွင်း လက်ကိုင်ဖုန်းမျိုးစုံ ၂၁ လုံးတို့ကို လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဝေဖြိုးအောင် (ခ) အောင်ဘု ပါလေးဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့မရဲစခန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

မြန်မာ့အလင်း

ဆီဆိုင်၊ ဟိုပုံးနှင့် ကျိုင်းတုံမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများကို ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂၂

ဆီဆိုင်မြို့နယ် လွယ်ဆောင်ကျေးရွာ အနောက်တောင်ဘက် ၁ မိုင်ခန့်အကွာ၌ အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၉ ဧကကို ဇန်နဝါရီ ၂၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန် ဦးစီးပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဟိုပုံးမြို့နယ် ဖက်ရမ်း ကျေးရွာ၌ အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက် ခင်း ၂၈ ဧက၊ ကျိုင်းတုံမြို့နယ်၊ နောင်ဆုန် ၂ ကျေးရွာ၌ အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်း စိုက်ခင်း ၂ ဒသမ ၅ ဧက တို့ကို ရဲတပ်ဖွဲ့ဝင် များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

မောင်တောမြို့ နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ ခွဲ ရှက်ညိုတောင် ရဲစခန်းမှ ယာယီရဲမှူး တင်လှိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု (မောင်တော) မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၄)ပါနှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၂) နယ်ခြားစောင့်တပ် Domdomia ကင်းစခန်းမှ Jeo - 8085 n/s Humayun Kobin ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်း၊ စုစုပေါင်းလေးစင်းတို့သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက မင်္ဂလာကြီးချောင်းဝထိပ် နတ်မြစ်မြစ်လယ်ရှိ နှစ်နိုင်ငံ နယ်နိမိတ်အနီး ရေမိုင် အမှတ်(၈) မှ ဦးစောလုကျွန်း၊ ရေမိုင် အမှတ်(၁၁)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်ခဲ့ပြီး ရေယာဉ် အမှတ် (၀၀၄) ပေါ်၌ နှစ်ဖက်ကင်းလှည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

မိတ္ထီလာတွင် တစ်ရက်တည်းမီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား၊ ကြက်ခြံတစ်ခြံနှင့် လူနေအိမ်နှစ်လုံးဆုံးရှုံး

မိတ္ထီလာ ဇန်နဝါရီ ၂၂

မိတ္ထီလာမြို့နယ်တွင် ဇန်နဝါရီ ၂၂ က တစ်နေ့တည်းမီးလောင်မှု နှစ်ကြိမ်ဖြစ်ပြီး ကြက်ခြံတစ်ခြံနှင့် လူနေအိမ်နှစ်လုံးဆုံးရှုံးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က မင်းတဲကုန်းကျေးရွာ၌ ကြက်ခြံအနီးအမှိုက်မီးရှို့ရာမှ ကြက်များမရှိသည့် ဝါးကြမ်းခင်း၊ သက်ကယ်မိုးကြက်ခြံကို မီးစတင်လောင်ပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကြက်ခြံပိုင်ရှင် ဦးလင်းလင်းအား အမှတ်(၂) ရဲစခန်းက အရေးယူခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားပြီးနောက် မွန်းလွဲ ၁၂ နာရီခွဲတွင် မိတ္ထီလာမြို့နယ် ဝွေးကုန်းကျေးရွာမှ လူနေအိမ်တစ်အိမ်တွင် ဆိုလာပြားဖြင့် ဘက်ထရီအိုးအားသွင်းရာမှ မီးလောင်ပြီး သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းလူနေအိမ် နှစ်လုံးပျက်စီးဆုံးရှုံးခဲ့ကာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ပိုင်ရှင် ဦးဆန်းထွန်းအား အလည်ရွာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း ခရိုင်မီးသတ်ဦးစီးမှူးက ပြောသည်။

မီးလောင်မှုဖြစ်ရာနေရာများသို့ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အာဖဂန်နစ္စတန်ရှိ လုံခြုံရေးစခန်းတစ်ခုကို တာလီဘန်တို့ ဖောက်ခွဲတိုက်ခိုက်

ကဘူးလ် ဇန်နဝါရီ ၂၂

အာဖဂန်နစ္စတန်ရှိစစ်ဘက်လုံခြုံရေးစခန်းတစ်ခုကို တာလီဘန်တို့က ပေါက်ကွဲပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လူ ၁၂ ဦးထက် မနည်းသေဆုံးပြီး ၃၀ ထက်မနည်း သေဆုံးသွားကြောင်း သိရသည်။

တိုက်ခိုက်မှုသည် တနင်္လာနေ့တွင် ကဘူးလ်မြို့အနောက်ပိုင်း မီဒန်ဝါဒက်ပြည်နယ်ရှိ အမျိုးသား လုံခြုံရေးညွှန်ကြားမှုအဖွဲ့၏ လေ့ကျင့်ရေးဌာနတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေ့ကျင့်ရေးစင်တာသို့ စစ်ဘက်ယာဉ်တစ်စီးရောက်ရှိလာပြီး ဖောက်ခွဲခဲ့ချိန်တွင် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများမှာ နံနက်စာစားနေခဲ့ကြောင်း သိရသည်။

တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အာဖဂန်နစ္စတန်ရှိ စစ်ဘက်လုံခြုံရေးစခန်းတစ်ခုကို တွေ့ရစဉ်။

အခင်းဖြစ်ပွားရာနေရာကို ရိုက်ကူးထားသည့် သတင်းဓာတ်ပုံများတွင် ကွန်ကရစ်အဆောက်အအုံ ပြိုလဲပျက်စီးသွားမှုကို တွေ့ရသည်။ တိုက်ခိုက်မှုအတွင်း လူ ၄၀ ထက်မနည်းသေဆုံးခဲ့သည်ဟူသော အတည်မပြုနိုင်သည့် သတင်းများလည်း ထွက်ပေါ်နေကြောင်း အာဖဂန်အစိုးရ အာဏာပိုင်က အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

တာလီဘန် စစ်သွေးကြွအုပ်စုက လေ့ကျင့်ရေးစခန်းကို တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု ဖော်ပြထားသည်။ ပြီးခဲ့သည့်နှစ် နွေရာသီက တာလီဘန်စစ်သွေးကြွအဖွဲ့သည် အမေရိကန်နှင့်အတူ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခဲ့သည်။ စစ်သွေးကြွများက အစိုးရအဆောက်အအုံများကို တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်နေသည့်အတွက် အမေရိကန်က ၎င်း၏ တပ်ဖွဲ့ဝင်များကို အာဖဂန်၌ ဆက်လက်ချထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အမေရိကန်နှင့် တူရကီနိုင်ငံခြားရေး ဝန်ကြီးတို့ ဆီးရီးယားအရေး တယ်လီဖုန်းဖြင့် ဆွေးနွေး

ဝါရှင်တန် ဇန်နဝါရီ ၂၂

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ဆီးရီးယားအရေးကိစ္စအတွက် တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့် တယ်လီဖုန်းဖြင့် တနင်္လာနေ့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မစ္စတာပွန်ပီအိုနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗ်လပ်ကာဗူဆိုဂလူတို့က အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားမှ ထွက်ခွာရာတွင် အမေရိကန်နှင့် တူရကီတို့ ပူးပေါင်း ဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

တူရကီ-ဆီးရီးယား နယ်စပ်လုံခြုံရေးကိစ္စနှင့်ပတ်သက်၍လည်း အမေရိကန်၏ ကတိပြုချက်များကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရန် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ကာ့ဒ်စစ်သွေးကြွတို့ ပူးပေါင်းစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ ယခု အမေရိကန်တပ်များ ဆီးရီးယားမှ ထွက်ခွာတော့မည့် အချိန်တွင် ကာ့ဒ်စစ်သွေးကြွများ၏ အန္တရာယ်ကို စိုးရိမ်ကြခြင်းလည်း ဖြစ်သည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်များနှင့် ပတ်သက်၍ အမေရိကန်နှင့် တူရကီတို့ အချိန်အတော်ကြာ သဘောထားကွဲလွဲခဲ့ကြသည်။ အမေရိကန်တို့သည် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ၃၂ ကီလိုမီတာအကွာတွင် လုံခြုံရေးဇုန်အဖြစ် အဆိုပြုခဲ့ပြီး ယင်းကဲ့သို့ ဆောင်ရွက်မှုကို တူရကီဘက်မှ ကြိုဆိုခဲ့သည်။

တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်ကလည်း အဆိုပါ လုံခြုံရေးဇုန်တွင် တူရကီကို ဆန့်ကျင်သည့် မည်သည့်လုပ်ရှားမှုမျိုးကိုမှ လက်မခံဟု ရှင်းရှင်းလင်းလင်း ကြေညာခဲ့သည်။ အကြမ်းဖက်အဖွဲ့အစည်းများကို တူရကီနယ်စပ်နှင့် အဝေးတွင် ရှိနေစေရန် ရည်ရွယ်၍ ယင်းကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

ဗြိတိန်၌ ရုရှားစပိုင်ဟောင်းကို အဆိပ်ဖြင့် လုပ်ကြံခဲ့မှုအတွက် ကုလသမဂ္ဂက ရုရှားကိုအရေးယူပိတ်ဆို့

မော်စကို ဇန်နဝါရီ ၂၂

ပြီးခဲ့သည့်နှစ်က ဗြိတိန်၌ အဆင့်မြင့်အရာရှိတစ်ဦးကို အဆိပ်ဖြင့် လုပ်ကြံခဲ့မှုနှင့်ပတ်သက်၍ စစ်ဘက်ဆိုင်ရာ ထိပ်တန်းအာဏာပိုင်နှစ်ဦးအပါအဝင် ရုရှားနိုင်ငံသားလေးဦးအပေါ် ကုလသမဂ္ဂက အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ လုပ်ဆောင်လိုက်ကြောင်း သိရသည်။

ရုရှား လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်ဟောင်းတစ်ဦးနှင့် ၎င်း၏သမီးဖြစ်သူတို့သည် ပြီးခဲ့သည့်နှစ် မတ်လက ဆာလစ်ဘာရီမြို့တောင်ပိုင်းတွင် သတိမေ့မြောနေခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ နောက်ပိုင်းတွင် ၎င်းတို့ကို ရုရှားအမျိုးသားနှစ်ဦးက နိုဗစ်ချော့ အဆိပ်ဖြင့်လုပ်ကြံရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သို့သော် ယင်းကိစ္စနှင့်ပတ်သက်၍ ရုရှား၏ ပါဝင်ပတ်သက်မှုမရှိကြောင်း ရုရှားအစိုးရက ငြင်းဆန်ထားသည်။ တနင်္လာနေ့က ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်တွင် ကုလသမဂ္ဂက ရုရှားစစ်ဘက်ထောက်လှမ်းရေးအေဂျင်စီမှ အမျိုးသားနှစ်ဦးကို လူသတ်ရန်ကြိုးပမ်းမှုဖြင့် အရေးယူပိတ်ဆို့မှု ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ကုလသမဂ္ဂသည် အဆိုပါ ထောက်လှမ်းရေးအေဂျင်စီ၏ အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့ကို ယင်းကိစ္စတွင် ပါဝင်ပတ်သက်မှုဖြင့် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ပိတ်ဆို့မှုများတွင် ခရီးသွားလာခွင့်ပိတ်ဆို့မှုနှင့် အခြားပိတ်ဆို့မှုများ ပါဝင်ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်က ကုလသမဂ္ဂသည် ဓာတုလက်နက်များ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မှုနှင့် ယင်းလက်နက်အသုံးပြုမှုတို့တွင် တိုက်ရိုက်ပတ်သက်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ပိတ်ဆို့မှုများချမှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ဥရောပသမဂ္ဂ၏ ကြေညာချက်ကို တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ဖော်ပြချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ ယင်းဖော်ပြချက်၌ ရုရှားတွင် ယင်းအပြုအမူကို ဆန့်ကျင်သည့်အနေဖြင့် တုံ့ပြန်ဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြခဲ့သည်။

ဆင်ဟွာ

၂၀၂၀ ပြည့်နှစ် အမေရိကန် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများ နာမည်ထွက်လာ

၂၀၂၀ ပြည့်နှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှ ဒီမိုကရက်အထက်လွှတ်တော်အမတ် ကာမလာဟားရစ်ကို တွေ့ရစဉ်။

ဝါရှင်တန် ဇန်နဝါရီ ၂၂

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်မှ ဒီမိုကရက်အထက်လွှတ်တော်အမတ် ကာမလာဟားရစ်သည် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယမန်နေ့က ကျရောက်ခဲ့သည့် မာတင်လူသာကင်းနေ့တွင် ပြောကြားလိုက်သည်။

ကာမလာဟားရစ်သည် အထက်လွှတ်တော်အမတ်တစ်ဦးအဖြစ် ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိရသည်။ ဟားရစ်၏ ဖခင်သည် ဂျမေကာနိုင်ငံမှဖြစ်ပြီး မိခင်သည် အိန္ဒိယနိုင်ငံမှဖြစ်ကာ အမေရိကန်ကို ပြောင်းရွှေ့အခြေချလာသူများဖြစ်သည်။

ဟားရစ်သည် တရားမျှတမှု၊ လူမှုကျင့်ဝတ်ကောင်းမွန်ရေးနှင့် တန်းတူညီမျှရေးတို့အတွက် တိုက်ပွဲဝင်နေသူတစ်ဦးအဖြစ် မိမိကိုယ်ကိုကြေညာထားသူဖြစ်သည်။

အမေရိကန် ပြည်ထောင်စု၏ အနာဂတ်သည် အမေရိကန်နိုင်ငံ၏ စံတန်ဖိုးရရှိရေး တိုက်ပွဲဝင်ဖို့ ကြွေးကြော်နေသည့် သန်းနှင့်ချီသော ပြည်သူများအပေါ်တွင် မူတည်နေကြောင်း လာမည့် ၂၀၂၀ပြည့်နှစ်တွင် သမ္မတဝင်အရွေးခံဖို့ ဆုံးဖြတ်ခဲ့သည့် ဒီမိုကရက်ပါတီ အထက်လွှတ်တော်အမတ် ကာမလာ ဟားရစ်က ပြောသည်။

ဟားရစ်သည် ကယ်လီဖိုးနီးယား ပြည်နယ်၏ ရှေ့နေချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် အထက်လွှတ်တော်အမတ် သက်တမ်းခြောက်နှစ်တွင် ဒုတိယမြောက်နှစ်အတွက် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်ပြီး လက်ရှိ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့အား မေးခွန်းတွေ မကြာခဏထုတ်နေသူတစ်ဦးလည်း ဖြစ်သည်။

ဟားရစ်သည် အသက် ၅၄ နှစ်ရှိပြီဖြစ်သည်။ အကယ်၍ လာမည့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပါက သူသည် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာမှာ ဖြစ်သလို ပထမဆုံးအာရှနွယ်ဝင် သမ္မတလည်း ဖြစ်လာမည်ဖြစ်သည်။

ဝင်ရောက်အရွေးခံမည်

ထို့အပြင် ဒီမိုကရက်ပါတီမှ အထက်လွှတ်တော်အမတ်များဖြစ်သည့် မက်ဆာချူးဆက်ပြည်နယ်မှ အဲလိဇဘတ်ဝါရန်နှင့် နယူးယောက်ပြည်နယ်မှ ကာစတန်ဂီလီဘရန့်ဒ်တို့သည်လည်း လာမည့်နှစ်ရွေးကောက်ပွဲတွင် သမ္မတအဖြစ် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၀၁၆ သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်ပါတီ၏ သမ္မတကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အရေးနိမ့်ခဲ့သည့် ဗားမောင့်ပြည်နယ် အထက်လွှတ်တော်အမတ် ဘာနီဆန်ဒါးစ်ကလည်း နောက်တစ်ကြိမ် ဝင်ပြိုင်ရေး စဉ်းစားနေကြောင်း သိရသည်။

သမ္မတ အိုဘားမားလက်ထက် ဒုသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဂျိုးဘိုင်ဒင်သည်လည်း လာမည့်နှစ် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စဉ်းစားနေကြောင်း သိရသည်။

အေအက်ဖ်ပီ

နိုင်ငံတကာ သတင်းတိုထွာ

ဘင်္ဂလားဒေ့ရှ် သစ်ပင်လူသား ဆေးရုံပြန်တက်

ဒါကာ ဇန်နဝါရီ ၂၂

"သစ်ပင်လူသား"ဟု နာမည်ပေးထားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား၏ ကျန်းမာရေးအခြေအနေသည် တစ်ရက်ပြီးတစ်ရက် ပြန်လည်ဆိုးရွားလာသဖြင့် နောက်တစ်ကြိမ် ဆေးရုံတက်ရောက်ကုသမှုခံယူနေရကြောင်း သိရသည်။

"သစ်ပင်လူသား" ဟု နာမည်ရရှိထားသော အသက် ၂၈ နှစ်ရှိ အဘူလ်ဘာဂျန်ဒါသည် အလွန်ဖြစ်ခဲသော အရေပြားရောဂါဝေဒနာကို ခံစားနေရပြီး ၎င်း၏လက်ချောင်းနှင့် ခြေချောင်းများတွင် သစ်ပင်အကိုင်းအခက်သဖွယ် ဖြာထွက်နေကြောင်း သိရသည်။

၎င်း၏ လက်ချောင်းများသည် သစ်ပင်အကိုင်းအခက်ကဲ့သို့ ဖြစ်နေသောကြောင့် မည်သည့်အရာမျှ ဆုပ်ကိုင်နိုင်ခြင်းမရှိပေ။

ဘာဂျန်ဒါသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဒီအမ်စီအိတ်ချ် ဆေးရုံတွင် တက်ရောက်ကုသပြီးနောက် ၂၀၁၈ ခုနှစ် မေလတွင် ၂၆ ကြိမ်မြောက် ခွဲစိတ်မှုမတိုင်ခင် စိတ်မရှည်စွာဖြင့် ဆေးရုံမှ ဆင်းခဲ့ကြောင်း ယခုအခါ ဝေဒနာသည်းနေသော ၎င်းက သတင်းသမားများကို ပြောခဲ့သည်။

၎င်း၏ လက်ချောင်းများနှင့် ခြေချောင်းများသည် သစ်ကိုင်းများသဖွယ် လျင်လျင်မြန်မြန် ဆက်လက်ထိုးထွက်နေကြောင်းနှင့် အလွန်ဖြစ်ခဲသည့် epidermodysplasia verruciformis ရောဂါဝေဒနာကို ခံစားနေရကြောင်း သိရပြီး ၎င်းသည် ကမ္ဘာပေါ်တွင် ယင်းရောဂါကို ခံစားနေရသည့် လေးယောက်မြောက် လူနာဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

အစ္စရေးကို ခြိမ်းခြောက်သည့် အကျိုးဆက် အီရန်ရင်ဆိုင်ရမည် ဟုဆို

တီဟီရန် ဇန်နဝါရီ ၂၂

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အီရန်အနေဖြင့် အစ္စရေးအပေါ် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပါက နောက်ဆက်တွဲ အကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဟု တနင်္လာနေ့က သတိပေးခဲ့သည်။

အစ္စရေးတိုက်လေယာဉ်များသည် ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်ကိုဦးတည်ပြီး တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် ယင်းသို့သတိပေးချက် ထွက်ပေါ်လာခဲ့သည်။ ဆီးရီးယားရှိ အီရန်များက အစ္စရေးတို့သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ကို ဒုံးကျည်များဖြင့် တိုက်ခိုက်ပြီးနောက် ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတို့က ဆီးရီးယားနိုင်ငံရှိ အီရန်အခြေစိုက်နေရာများကို အဓိကပစ်မှတ်ထားကာ တစ်ညလုံးတိုက်ခိုက်ခဲ့သည်။

ဆီးရီးယားတွင် အီရန်တို့ကစစ်ရေးအရ ခြေကုပ်ရယူရန် ကြိုးပမ်းနေသည့်အတွက် ယခုကဲ့သို့ ကျူးကျော်ရန်စမှုများကို ငြိမ်ခံနေမည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။ **ဆင်ဟွာ**

ထရမ့်နှင့် အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒ

ထွန်းသစ်စ

၁၉ ရာစုနှောင်းပိုင်းနဲ့ ၂၀ ရာစုအစောပိုင်းမှာ အမေရိကန်နိုင်ငံရဲ့လွတ်လပ်တဲ့ အရင်းရှင်ဝါဒဟာ စီးပွားရေးဆိုင်ရာ ချဲ့ထွင်မှုတွေကို အလျင်အမြန်ဖြစ်စေခဲ့ပါတယ်။ အဲဒီလိုဖြစ်စေခြင်းက လူတန်းစားကွဲပြားခြားနားမှုတွေ ဖြစ်စေခဲ့ပြီး ဆင်းရဲသားတွေကြား စီးပွားရေးဆိုင်ရာ မလုံခြုံမှုတွေ အကြီးအကျယ်ဖြစ်စေခဲ့ပါတယ်။ ထို့နောက်မှာတော့ စီးပွားရေးပျက်ကပ်ကို ဦးတည်တဲ့ ပုံစံတွေဖြစ်လာပါတော့တယ်။ သို့သော်လည်း အမြဲတမ်းတော့ ဒီလိုချည်းပဲတော့ မဟုတ်ပါဘူး။

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီမီလိုစီ (ဝဲ)၊ ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် သမ္မတ ထရမ့် (ယာ) တို့ အိမ်ဖြူတော်၌ စကားပြောဆိုနေကြစဉ်။

အတိအကျပြောလို့မရ

ပြည့်စုံကြွယ်ဝတဲ့နိုင်ငံဟာ ဒုတိယကမ္ဘာစစ်နှောင်းပိုင်းကာလရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်ကောင်းအောင် လောင်စာထည့်လိုက်သလိုပါပဲ။ အလုပ်သမားနဲ့ အလယ်အလတ်လူတန်းစားတွေလက်ထဲ လုပ်ကိုင်နိုင်မှုတွေ၊ ငွေအရင်းအမြစ်တွေ ရောက်လာပါတယ်။ ထို့အတူပါပဲ ပညာရေးပိုင်းဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာ လုံခြုံတိုးတက်မှုတွေဟာလည်း ဒီရေအလား တရိပ်ရိပ်နဲ့ တက်လာပါတော့တယ်။ သို့သော်လည်း အမေရိကန်နိုင်ငံရဲ့ အနေအထားဟာ ဒီရေလိုပါပဲ။ အမြဲတမ်း တက်လိုက်ကျလိုက် ဖြစ်နေတာပါပဲ။ ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက သက်သာချောင်ချိရေးကွန်ရက်တွေဟာ သိသိသာသာကိုပဲ လျော့နည်းလာပါတယ်။ အလုပ်သမားတွေကို ကာကွယ်ပေးတဲ့ အလုပ်သမားစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေဟာလည်း လျော့ရဲလာပါတယ်။ ပညာရေးနဲ့ ပြည်သူ့အစီအစဉ်တွေအတွက် ထည့်ဝင်ခဲ့တဲ့ ရန်ပုံငွေတွေဟာလည်း တဖြည်းဖြည်း လျော့နည်းကျဆင်းလာပါတယ်။ ဆင်းရဲမှုတွေနဲ့ အလုံးစုံသော အကျပ်အတည်းတွေဟာ အမေရိကန် ပြည်ထောင်စုကြီးဆီသို့ နောက်တစ်ဖန် ရောက်ရှိလို့လာခဲ့ပြီလားဆိုတာတော့ အတိအကျပြောလို့တော့ မရသေးပါဘူး။

ဦးတည်လာပြီ

၁၉၉၆ ခုနှစ် သက်သာချောင်ချိရေး ပြုပြင်ပြောင်းလဲမှုအရ ကလေးရှိတဲ့ ခင်ပွန်းသည်မရှိ၊ ဇနီးမရှိတဲ့ တစ်ဦးတည်း မိဘတွေဟာ အရင်လိုမဟုတ်ဘဲ အကူအညီ ငါးနှစ်သာရရှိတော့မှာဖြစ်ပြီး စည်းမျဉ်း၊ စည်းကမ်းပြဋ္ဌာန်းချက်အရ အလုပ်မဖြစ်မနေလုပ်ရတော့မှာ ဖြစ်ပါတယ်။ သက်သာချောင်ချိရေးအကျိုးခံစားတဲ့ မိသားစုတွေဟာ ၁၉၉၆ ခုနှစ်မှာ ၄ ဒသမ ၆ သန်းရှိခဲ့ပြီး ယခုနှစ်မှာတော့ ၁ ဒသမ ၁ သန်းသာ ရှိတော့ပါတယ်။ သက်သာချောင်ချိရေး အကျိုးခံစားရတဲ့ မိသားစုဝင်အရေအတွက် ကျဆင်းလာခြင်းဟာ ဆင်းရဲမွဲတေမှုတွေ လျော့နည်းသွားတယ်လို့တော့ မဆိုလိုပါဘူး။ ခိုင်မာမှုမရှိတော့တဲ့ သက်သာချောင်ချိရေးကွန်ရက်တွေဟာ နောက်တစ်ဖန် ဆင်းရဲနွမ်းမြင့်တက်မှုဆီကို ဦးတည်လို့လာခဲ့ပါပြီ။

စိန်ခေါ်မှုတွေ

အမေရိကန် သန်း ၄၀ ဟာ ဆင်းရဲမွဲတေမှုတွေနဲ့ နေနေရပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကလေးဆင်းရဲမှုနှုန်း အမြင့်ဆုံးဖြစ်တယ်လို့ ကုလသမဂ္ဂစစ်တမ်းကောက်ယူသူတွေက ဆိုပါတယ်။ ထို့အတူ အလွန်အမင်းဆင်းရဲတဲ့ တစ်နေ့ အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ ထက်နည်းပြီးရတဲ့ လူတွေလည်း ရှိပြီးတော့ အခြေခံလူနေထိုင်မှုအဆင့်အတန်းတွေဖြစ်တဲ့ ရေဆိုးနုတ်စနစ်၊ နေရာထိုင်ခင်း၊ ပညာရေးနဲ့ ကျန်းမာရေး အစီအမံ စတာတွေကို ရရှိခံစားမှုလည်း မရှိကြပါဘူး။

နောက်အဆက်ဆက် တက်လာတဲ့ အမေရိကန်သမ္မတလက်ထက်မှာ အမေရိကန်နိုင်ငံကြီးဟာ အထူးသဖြင့် အမေရိကန်နိုင်ငံရဲ့၄၅ ယောက်မြောက် သမ္မတဒေါ်နယ်ထရမ့်ရဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံဟာ အတက်အကျတွေ လျင်လျင်မြန်မြန်ဖြစ်ပေါ်လို့လာခဲ့တယ်လို့ပဲ ပြောရမလား မသိတော့ပါဘူး။ အခုဆိုရင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တာဝန်ယူလာတဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒတွေဟာ နိုင်ငံတကာအသိုင်းအဝိုင်းအား အံ့အားသင့်စေခဲ့ပါတယ်။ ထို့အတူပဲ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွေကို အဆက်မပြတ်ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေ ဖြစ်စေခဲ့ပါတယ်။

နိုင်ငံတကာသတိပြုမိ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ချမှတ်ထားတဲ့ အမေရိကန်သည်သာ ပထမဆိုတဲ့ မူဝါဒဟာ တဖြည်းဖြည်း အရှိန်မြင့်တက်လာပြီး ရုပ်လုံးပေါ်လာပြီဖြစ်ရကား အဆိုပါမူဝါဒကြောင့် အမေရိကန်အစိုးရရဲ့ ဆောင်ရွက်မှုတွေဟာ မတည်ငြိမ်မှုတွေ၊ မသေချာမှုတွေနဲ့ ရင်ဆိုင်လာရပါတော့တယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ လွတ်လပ်တဲ့ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်တဲ့ ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှုသဘောတူညီချက်က အမေရိကန်ပြည်ထောင်စုကို ဆွဲထုတ်ခဲ့ပါတယ်။ ပြီးတော့လည်း ပါရီရာသီဥတုပြောင်းလဲရေးဆိုင်ရာ သဘောတူညီချက်မှလည်း နောက်ပြန်ဆုတ်ခဲ့ပါတယ်။ ထို့အတူ အီရန်နဲ့ အနောက်နိုင်ငံကြား သဘောတူခဲ့တဲ့ အီရန်ရဲ့နျူကလီးယားအစီအစဉ်အပေါ် ပြောင်းလဲလိုက်တဲ့မူဝါဒ၊ ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယား ကင်းစင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် ကျင့်သုံးနေတဲ့ မူဝါဒ၊ တရုတ်နိုင်ငံရဲ့ကုန်သွယ်ရေး ကဏ္ဍအခင်းအကျင်း စတဲ့အကြောင်းတရားတွေဟာ အမေရိကန်သည်သာ ပထမဆိုတဲ့ မူဝါဒကို အလေးပေးနေသလို နိုင်ငံတကာက သတိပြုမိလာတဲ့ အကြောင်းတရားတွေလည်း ဖြစ်ပါတယ်။

"အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ လွတ်လပ်တဲ့ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်တဲ့ ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှုသဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုကို ဆွဲထုတ်ခဲ့ပါတယ်။ ပြီးတော့လည်း ပါရီရာသီဥတုပြောင်းလဲရေးဆိုင်ရာ သဘောတူညီချက်မှလည်း နောက်ပြန်ဆုတ်ခဲ့ပါတယ်။ ထို့အတူ အီရန်နဲ့ အနောက်နိုင်ငံကြား သဘောတူခဲ့တဲ့ အီရန်ရဲ့ နျူကလီးယားအစီအစဉ်အပေါ် ပြောင်းလဲလိုက်တဲ့မူဝါဒ၊ ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် ကျင့်သုံးနေတဲ့ မူဝါဒ၊ တရုတ်နိုင်ငံရဲ့ ကုန်သွယ်ရေးကဏ္ဍအခင်းအကျင်း စတဲ့အကြောင်းတရားတွေဟာ အမေရိကန်သည်သာပထမဆိုတဲ့ မူဝါဒကို အလေးပေးနေသလို နိုင်ငံတကာက သတိပြုမိလာတဲ့ အကြောင်းတရားတွေလည်းဖြစ်"

ငြင်းလို့မရ

ထို့အပြင် အမေရိကန်နိုင်ငံရဲ့ လူဝင်မှုကန့်သတ်တာတွေ၊ အမေရိကန်-ကျူးဘားဆက်ဆံရေးကို ပြောင်းလဲခြင်းတွေ၊ ဂျေရုဆလင်အား အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် လက်ခံကြောင်း ကြေညာတာတွေ၊ ပါကစ္စတန်နိုင်ငံရဲ့ အကြမ်းဖက် နှိမ်နင်းရေးအပေါ် စကားလုံးတွေနဲ့ တိုက်ခိုက်မှုတွေ အပါအဝင် အီရန်နိုင်ငံရေးအသိုင်းအဝိုင်းအား ဝင်ရောက်စွက်ဖက်တဲ့၊ တင်းမာတဲ့ အပြောအဆိုမှတစ်ဆင့် ပါကစ္စတန်နိုင်ငံအပေါ် ငွေကြေးထောက်ပံ့မှုရပ်ဆိုင်းခြင်းတွေ စတာတွေကို လုပ်ကိုင်ဆောင်ရွက်လာတာကို ကြည့်ခြင်းအားဖြင့် အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ အရှိန်ကောင်းကောင်းနဲ့ ဆက်လက် ပေါ်ပေါက်လာတယ်ဆိုတာကို ငြင်းလို့ မရပါဘူး။ ကျိန်းသေတာတစ်ခုကတော့ ကမ္ဘာ့အသိုင်းအဝိုင်းမှ ကျောခိုင်းလာပြီး အမေရိကန်သည်သာ ပထမဆိုတဲ့အချက်ကို ရှေးရှုလုပ်ဆောင်နေတယ်ဆိုတာကိုတော့ ငြင်းလို့ မရပါဘူး။

ဒါတင်မကပါဘူး။ ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်မှ နုတ်ထွက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်မှ နုတ်ထွက်ခြင်း၊ ကုလသမဂ္ဂယူနက်စကိုအဖွဲ့မှ နုတ်ထွက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ လူဝင်မှုကြီးကြပ်ရေး သဘောတူညီချက်မှ နုတ်ထွက်ခြင်း စတဲ့အချက်တွေကိုကြည့်ရင် အမေရိကန်နိုင်ငံဟာ သူ့နိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်လိုတဲ့အပြင် သီးခြားနေထိုင်လိုတဲ့ သဘောကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို အခြေအနေတွေက ကာလရှည်ကြာ မဟာမိတ်ဖြစ်ခဲ့တဲ့ နိုင်ငံတွေကို ဆောက်တည်ရာမရဖြစ်စေခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အမေရိကန်နိုင်ငံအပေါ် သူ့ရဲ့ ဦးဆောင်နိုင်မှုနဲ့ ပတ်သက်ပြီး ပြန်လည်မေးခွန်းထုတ်စရာတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

ပိုမိုအလေးပေး

ဒေါ်နယ်ထရမ့်ရဲ့ သမ္မတရွေးကောက်ပွဲ ကြွေးကြော်သံအတိုင်း နိုင်ငံတစ်နိုင်ငံဟာ ပုံမှန်လမ်းရိုးမှ ခွဲထွက်ပြီး တစ်မူထူးခြားသော ဆောင်ရွက်ချက်များကို ဆောင်ရွက်နိုင်ခဲ့တဲ့ အနေအထားကို တွေ့မြင်ရသော်လည်း ဒါဟာ နိုင်ငံတကာနဲ့ ဆက်ဆံရေးမှာ ထိုးထိုးကြီးဖြစ်စေပါတယ်။ ခေတ်အဆက်ဆက် အမေရိကန်အစိုးရတွေနဲ့ ဒေါ်နယ်ထရမ့်ရဲ့ ကွာခြားချက်က ဒေါ်နယ်ထရမ့်ဟာ နိုင်ငံတကာစည်းကမ်းတွေကို သတ်မှတ်ထိန်းသိမ်းတဲ့နေရာမှာ ချိန်ညှိမှုအားနည်းပြီး အများအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်တွေမျှဝေခြင်းနဲ့ ဒေသတွင်းမူဝါဒလမ်းစဉ်တွေအပေါ် ဗဟုဝါဒနဲ့ မချဉ်းကပ်နိုင်ခြင်း စတဲ့အချက်တွေကိုတွေ့ရပြီး ထရမ့်ရဲ့ကျင့်သုံးနေကျ နိုင်ငံခြားရေးရာ ဆောင်ရွက်ချက်တွေကို ဆောင်ရွက်ပြီး အမေရိကန်သည်သာ ပထမဆိုတဲ့ မူဝါဒကို နိုင်ငံတကာ မူဘောင်တွေထက် ပိုမိုအလေးပေးထားကြောင်း တွေ့ရပါတယ်။ ။

ကိုးကား- သည်ဝါရှင်တန်ပို့စ်

တိုင်းရင်းသားတွေ တစ်နေရာတည်းမှာ ဆုံစည်းပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ ချစ်ခင်ရင်းနှီးမှုတွေ ဖော်ဆောင်ဖို့အတွက် လုပ်တဲ့ပွဲဖြစ်ပါတယ်

ဦးလဖိုင်ခွန်ဆာ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ဦးလဖိုင်ခွန်ဆာ

ဒေါ်စောခင်တင့်

ဦးအောင်ကြီး

ဒေါ်ကေဂျာနူး

မိုင်ထွန်းကျော်

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား သွေးချင်းညီအစ်ကို ၊ မောင်နှမများ၏ ရိုးရာယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပသည့်"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းတွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ခြောက်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားများ၏ အကအလှများ၊ တိုင်းရင်းသားလူမျိုးစု တစ်စုချင်းစီ၏ ရိုးရာ ယဉ်ကျေးမှုဓလေ့နေထိုင်မှုပုံစံများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရိုးရာအစားအစာများကို တစ်စုတစ်စည်းတည်း ဖော်ပြထားသည့်ပြခန်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့ကုန်ပစ္စည်းများကို တစ်စုတစ်ဝေးတည်း၊ တစ်နေရာတည်းတွင် ပြသရောင်းချနိုင်သည့် ပြခန်းများကို တစ်နေရာတည်းတွင် ပြသထားမည်ဖြစ်ပြီး ပွဲတော်သို့ လာရောက်လေ့လာသူများအနေဖြင့်လည်း တစ်နေရာတည်းတွင် တွေ့မြင်ခံစားနိုင်မည်ဖြစ်သည်။

ပွဲတော်ကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားပြခန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်း တင်ပြလိုက်ရပါသည် -

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (နာယက၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း)

ဒီအသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့နိုင်ငံမှာ အစိုးရသစ်က ငြိမ်းချမ်းရေးကို ဦးစားပေးတယ်။ ငြိမ်းချမ်းရေးကို ဦးစားပေးတဲ့အခါမှာ ငြိမ်းချမ်းရေးရဲ့အခြေခံက စီးပွားရေးပဲ။ နိုင်ငံမှာ စီးပွားရေးနဲ့ ငြိမ်းချမ်းရေးက ဆက်စပ်နေတာ။ နိုင်ငံမှာ ဘောဂဗေဒရှုထောင့်အရ မငြိမ်းချမ်းလို့ မတိုးတက်၊ မတိုးတက်လို့ မငြိမ်းချမ်း၊ အဲဒီသံသရာကြီးက လည်နေတယ်။ အဲဒါနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ခွင့်တောင်းတာပေါ့၊ ခွင့်တောင်းတာက ဘာလဲဆိုရင် Business for Peace ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ခွင့်ပေးပါ။ ငြိမ်းချမ်းရေးရဖို့ (၂၁)ရာစုပင်လုံကို ဆွေးနွေးတာကတစ်ပိုင်း၊ တစ်ဖက်ကလည်း စီးပွားရေးတွေ တိုးတက်အောင် ဘယ်လိုလုပ်မလဲ၊ လာမယ့် ၂၅ ရက်ကနေ ခြောက်ရက်တိတိလုပ်မယ့်ပွဲဟာ တိုင်းရင်းသားလုပ်ငန်းရှင်တွေ စုစည်းတဲ့ပွဲ။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားဒေသတွေ တိုင်းရင်းသားလို့ပြောရင် ၁၃၅ မျိုးရှိတယ်။ ကျွန်တော်တို့အနေနဲ့ ဖြစ်စေချင်တာက တိုင်းရင်းသားလုပ်ငန်းရှင်တွေကို တစ်စုတစ်စည်းတည်း တကယ့်ကို စီးပွားရေးကို ထဲထဲဝင်ဝင် လုပ်စေချင်တယ်။

ကျွန်တော်တို့ဆီမှာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေနဲ့ မွန်ဆိုလည်း မွန်၊ ပအိုဝ်းဆိုလည်း ပအိုဝ်း၊ 'ဝ'ဆိုလည်း 'ဝ'၊ သူတို့ဆီမှာ ထူးခြားတဲ့ဝိသေသရှိတယ်။ ဝန်ဆောင်မှုတွေ ပေးနိုင်တယ်။ ဒါတွေကို ထူးထူးခြားခြားထုတ်နိုင်ရင်၊ ဒါတွေအားလုံးသာ ကမ္ဘာ့ဈေးကွက်ထဲ ဖောက်နိုင်ရင် စီးပွားရေးဖွံ့ဖြိုးလာမယ်။ ကျေးဇူးတင်ဖို့ကောင်းတာက အစိုးရသစ်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ဦးစီးမှုအောက်ကနေ ဒီအသင်းကြီးက လှုပ်ရှားနေတာ၊ ဖြစ်စေချင်တာကတော့ ဒီတိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒီနေ့လုပ်ရတဲ့ပွဲသည် တိုင်းရင်းသားလုပ်ငန်းရှင်တွေအားလုံး စုစည်းတယ်။ သူတို့ကို အားပေးတာပေါ့။ နိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့လည်း လိုတယ်။ ပြီးတော့မှ အခုလုပ်မယ့်ပွဲကလည်း ဟောဒီကျိုက္ကဆံကွင်းကြီးဟာ ဟိုးယခင်က ပြည်ထောင်စုနေ့ပွဲလုပ်ရင် ဒီမှာပဲလုပ်တာ။ ဒါ့ကြောင့် ဒီလိုပြန်လုပ်တာ ဝမ်းသာတယ်။

ဒီပွဲတော်ကြီးမှာ မနောပွဲလည်းလုပ်မယ်။ မနောအကလည်း ပါမယ်။ လက်ဝှေ့ပွဲလည်းရှိမယ်။ မယ်ရွေးပွဲတွေပါမယ်။ နောက်တစ်ခုက အစားအသောက်တွေ၊ အစားအသောက်ကလည်း အလွန်အရေးကြီးတယ်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ အစားအသောက်တွေက တစ်ခုနဲ့တစ်ခု မတူဘူး။ ဖြစ်စေချင်တာက မြန်မာနိုင်ငံက တိုင်းရင်းသားတွေရဲ့အစားအသောက်တွေ ကမ္ဘာ့ဈေးကွက်ထဲ ရောက်စေချင်တာ။ တိုင်းရင်းသားတွေဆီက အစားအသောက်တွေဟာ ထူးခြားတဲ့ အစားအသောက်တွေရှိတယ်၊ အဝတ်အထည်တွေရှိတယ်၊ လက်မှုပညာတွေရှိတယ်။ ဒါတွေအားလုံးကို ကမ္ဘာ့ဈေးကွက်ထဲ ဖောက်ဖို့ဆို ဒီပွဲနဲ့ စရမှာဖြစ်ပါတယ်။ ဒီပွဲဟာ နိုင်ငံတော်အစိုးရရဲ့အားပေးမှု၊ လုပ်ငန်းရှင်တွေက တစ်ယောက်အကြောင်းတစ်ယောက် တစ်ဦးချင်းလုပ်ရရင် ပင်ပန်းတယ်။ အခုလိုဝိုင်းဆွေးနွေးပြီး တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံးအတွက် အဖွဲ့အစည်းရှိတာဟာ ကျွန်တော်တို့အတွက် အင်မတန်မှ ဂုဏ်ယူစရာလည်းဖြစ်တယ်။

"သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ကျင်းပမည့် အခမ်းအနား ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ကိုယ့်နိုင်ငံ တိုးတက်စေချင်တယ်၊ အောင်မြင်စေချင်တယ်၊ ငြိမ်းချမ်းစေချင်တယ်၊ ဒီအောင်မြင်မှုတွေကို ဒီပွဲကနေတစ်ဆင့် ငြိမ်းချမ်းရေးပွဲလို့လည်းပြောလို့ရတယ်။ ယဉ်ကျေးမှုပွဲလို့လည်း ပြောလို့ရတယ်။ စီးပွားရေးပွဲလို့လည်း ပြောလို့ရတယ်။ လူမှုရေးပွဲလို့လည်း ပြောလို့ရတယ်။ အခု ပြခန်းတွေ လိုက်ကြည့်တဲ့အခါမှာ သမိုင်းအမွေအနှစ်တွေကို ဖော်ထုတ်ထားတာရှိတယ်။ သမိုင်းအမွေအနှစ်တွေများတဲ့ တိုင်းရင်းသားတွေ စုစည်းထားတဲ့ ပြည်ထောင်စုကြီးတိုးတက်အောင် ဒီပွဲကနေတစ်ဆင့်ပေါ့။ ကျွန်တော်တစ်ခုပဲ သတိပေးချင်တာက ပွဲပြီးမီးသေဆိုတဲ့ စကားလို ပွဲလုပ်တုန်းကတော့ အကုန်လုံးအားထည့်တာပဲ၊ ပွဲလည်းပြီးသွားရော ပြီးသွားရော အဲဒီလိုမျိုးမဖြစ်အောင် အားထုတ်ကြဖို့ လိုတယ်။

ဒီနေ့ ဖြစ်စေချင်တာတော့ နိုင်ငံခြားဧည့်သည်တွေလည်း ဖိတ်ဖို့ အစီအစဉ်တွေရှိတယ်။ သံရုံးတွေ သိဖို့လိုတယ်၊ မြန်မာပြည်နဲ့ ပတ်သက်လာရင် ပြဿနာဖြစ်တာကိုပဲ သိတယ်။ အေးချမ်းတာကို မသိဘူး၊ တိုးတက်တာကို မသိဘူး၊ အဲဒီတော့ ဒီပွဲကနေတစ်ဆင့် ကမ္ဘာကိုကြေညာချင်တာ၊ မင်းတို့ပြောသလို မဟုတ်ဘူး၊ ရခိုင်တစ်ခုတည်းမှာတင် အနောက်ဘက်မှာပဲ ပြဿနာဖြစ်တာ၊ ရခိုင်မှာ အေးချမ်းတဲ့နေရာတွေ အများကြီး။ ကချင်မှာလည်း ပဋိပက္ခရှိတယ်ဆိုပေမယ့် အေးချမ်းတဲ့နေရာအများကြီး၊ ရှမ်းလည်း ဒီအတိုင်းပဲ၊ မွန်လည်း ဒီအတိုင်းပဲ အေးချမ်းတဲ့နိုင်ငံ၊ တိုးတက်တဲ့နိုင်ငံဖြစ်ဖို့ စီးပွားရေးအခွင့်အရေးတစ်ခုပါ။

ဒီပွဲတွေ လုပ်ထားတာကြည့်ပြီး ကျွန်တော်မျှော်လင့်တာကတော့ ယုံကြည်မှုတည်ဆောက်တာ၊ တိုင်းရင်းသားတွေအားလုံး တစ်ယောက်နဲ့ တစ်ယောက်က ဥမကွဲသိုက်မပျက် အပေးအယူရှိဖို့လိုတယ်။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ဖို့လိုတယ်။ ဒီပွဲကနေတစ်ဆင့် ကျွန်တော်တို့ရလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဦးလဖိုင်ခွန်ဆာ (ဒုတိယဥက္ကဋ္ဌ - ၁ ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်အသင်း)

ဒီပွဲကို မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်အသင်းက ဦးဆောင်ပြီးတော့ လုပ်တဲ့ပွဲဖြစ်ပါတယ်။ ပွဲလုပ်ရခြင်း ရည်ရွယ်ချက်ကတော့ တိုင်းရင်းသားတွေ တစ်နေရာတည်းမှာ စုစည်းပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ ချစ်ခင်ရင်းနှီးမှုတွေ ဖော်ဆောင်ဖို့အတွက် လုပ်တဲ့ပွဲဖြစ်ပါတယ်။ ဒီနိုင်ငံမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့ ပထမဆုံးလုပ်တဲ့ပွဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဖွဲ့ဖြစ်တာက တိုင်းရင်းသားတွေရဲ့ စီးပွားရေးအခွင့်အလမ်း တိုင်းရင်းသားလုပ်ငန်းရှင်များ များများပေါ်ပေါက်ရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့ အသင်းဖြစ်ပါတယ်။

တိုင်းရင်းသားလုပ်ငန်းရှင် များများပေါ်ထွန်းရေးဆိုတဲ့ ရည်ရွယ်ချက်ကတော့ စီးပွားရေးနဲ့ ငြိမ်းချမ်းရေး၊ စီးပွားရေးကို အရင်လုပ်မလား၊ ငြိမ်းချမ်းရေးကို အရင်လုပ်မလားဆိုတဲ့အပေါ် စီးပွားရေးနဲ့ ငြိမ်းချမ်းရေး ဒွန်တွဲလုပ်ရမယ်ဆိုတာလည်း ရည်ရွယ်ချက်ထဲမှာ ပါပါတယ်။ စီးပွားရေးနဲ့ ပညာရေးဆိုတာကလည်း ဒွန်တွဲပြီးတော့ စီးပွားရေးကောင်းမှ ပညာရေးလည်း ကောင်းလာမယ်။ ပညာရေးကောင်းလာမှ နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်ကလည်း မြင့်မားလာမယ်။ နိုင်ငံရဲ့အရင်းအမြစ် အသိဉာဏ်တွေ ဖွံ့ဖြိုးလာလေလေ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အားဖြင့် ပိုပြီးမြင့်တက်လာမယ်။ ဖွံ့ဖြိုးလာမယ်။ ပွဲတော်မှာ တစ်ယောက်နဲ့တစ်ယောက် ဆုံစည်းကြမယ်။ မိတ်ဆက်ကြမယ်၊ ကူးလူးဆက်ဆံကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲလုပ်ရခြင်း ဖြစ်ပါတယ်။

ဒီနှစ်ကတော့ တိုင်းရင်းသားတွေ အက္ခရာစဉ်အလိုက် ကချင်ကစပြီး လုပ်တဲ့ပွဲ။ နောင်နှစ်တွေမှာလည်း အက္ခရာစဉ်အလိုက် တခြားတိုင်းရင်းသားတွေဦးစီးပြီးတော့ ဒီလိုပွဲမျိုးတွေ ကျင်းပဖို့ ရည်ရွယ်ထားတယ်။ နှစ်စဉ်နှစ်တိုင်း ဘယ်လမှာရယ်လို့တော့ သတ်မှတ်ထားတာမရှိဘူး။ အဆင်ပြေတဲ့ ရာသီမှာ၊ အဆင်ပြေတဲ့အချိန်မှာ ကျင်းပဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ များများပေါင်းသင်း ကူးလူးဆက်ဆံမယ်ဆိုရင် ပိုပြီးတော့ တစ်ဦးနဲ့တစ်ဦး ရင်းနှီးချစ်ခင်ကြမယ်။ စီးပွားရေး အခွင့်အလမ်းပိုပြီး မြင်လာကြမယ်။ စီးပွားရေးသတင်းအချက်အလက်တွေ များများဖလှယ်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲလုပ်ရတာဖြစ်ပါတယ်။

ဒေါ်စောခင်တင့် (ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့.ဥက္ကဋ္ဌ)

ဒီပွဲမှာ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း အနေနဲ့ ပါဝင်တာဖြစ်ပါတယ်။ ဆင်ယင်ထုံးဖွဲ့မှုအပိုင်းမှာ ယဉ်ကျေးမှုအပိုင်းမှာလည်း ပါတယ်၊ ခရီးသွားလုပ်ငန်းအပိုင်းမှာလည်း ပါတယ်။ ခရီးသွားအနေနဲ့ ရခိုင်ဆိုရင် SEZ လိုမျိုး၊ နေပူတောင်လို သိပ်ထင်ရှားတဲ့ နိုင်ငံတကာခရီးသွားတွေ စိတ်ဝင်စားအောင် တင်ပြထားတဲ့ နေရာတွေပါမယ်။ တကယ်ထင်ရှားတဲ့ ရခိုင်သင်္ကြန်ရဲ့ သရုပ်ဖော်ပုံလေးတွေ ထည့်ထားတယ်။ ဘုရားရေသပ္ပာယ်ပွဲ၊ အထူးသဖြင့် တစ်ခါမှမပြရသေးတဲ့ ရခိုင်ဆံထုံးထုံးဖွဲ့မှု၊ ရခိုင်တွေရဲ့ဆံထုံးထုံးဖွဲ့မှုဟာ ရခိုင်တွေရဲ့သမိုင်းအစဉ်အဆက်ရေးထားတဲ့အထဲမှာ ရခိုင်ဆံထုံး ၆၄ မျိုးရှိတဲ့အထဲက ၃၃ မျိုးလောက်ကို ဆရာမကြီး ဒေါ်စောမုံညှင်းတို့ မှတ်တမ်းတင်ထားတယ်။ ရခိုင်မှတ်တမ်းတင်ဆရာတွေလည်း မှတ်တမ်းတင်ထားတယ်။ ဒါကို နှစ်ပေါင်း ၂၀ လောက်ရှာဖွေထားတာကို ဒီနေ့ ၆၄ မျိုးစလုံး အကုန်ထုတ်ပြီး ပြသသွားမှာ။ ဓညဝတီခေတ်ကနေ မြောက်ဦးထိ ဖောင်းတော် ၄၀ ကိုလည်း စုံအောင်ပြထားတယ်။ ရခိုင်ကျင်ကိုင်ပွဲတွေပါမယ်။ ရိုးရာအဝတ်အစားဒီဇိုင်း၊ ရခိုင်မျိုးနွယ်စုတွေရဲ့အခန်းကဏ္ဍတွေ ဒါတွေကိုပြမယ်။ နောက်တစ်ခုက ရခိုင်မင်္ဂလာဆောင်ပေါ့။ အဲဒါကိုတော့ ရခိုင်အိမ်ထဲမှာပဲ ခင်းကျင်းပြသထားမယ်။ ယနေ့အထိ သာမန်အရပ်သားပြည်သူတွေ သုံးစွဲတဲ့ အသုံးအဆောင် ခမောက်လေးတွေ တန်ဖိုးလည်း သိပ်မများဘူး။ တစ်ခုကို ၂၀၀၀ - ၂၅၀၀ ပဲပေးရတယ်။ ရခိုင်တိုင်းရင်းသားတွေ ဒီနေ့အထိ ဒါကိုသုံးစွဲနေတယ်။ ဒါလေးတွေကို အပေါ်မှာအလှချိတ်ပြီး သရုပ်ဖော်ပုံလေးနဲ့ သရုပ်ဖော်ထားတာပါ။

စာမျက်နှာ ၁၇ သို့

ယာဉ်လိုင်းကိုးလိုင်း ရပ်နားသည့် ဆူးလေကားမှတ်တိုင်၌ ယာဉ်ကြောဆိုင်ရာစီမံခန့်ခွဲမှု ဒုတိယအသေးစားစီမံကိန်းစတင်

ရန်ကုန် ဇန်နဝါရီ ၂၂

အများပြည်သူ သယ်ယူပို့ဆောင်ရေး ဘတ်စ်ကားဝန်ဆောင်မှုအဆင့်မြှင့်တင်သည့် စီမံကိန်းအပိုင်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည့် ယာဉ်ကြောဆိုင်ရာစီမံခန့်ခွဲမှု ဒုတိယအသေးစား စီမံကိန်းကို မြို့တော်ခန်းမအနီးရှိ ဆူးလေကားမှတ်တိုင်များတွင် ယမန်နေ့က စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ယာဉ်များချောမွေ့စွာ သွားလာနိုင်ရန်နှင့် ပြည်သူများ ဘေးကင်းမှုရှိစေရန် ရည်ရွယ်ပြုလုပ်သည့် အဆိုပါစီမံကိန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "အခုလုပ်တာက မြို့တော်ခန်းမဘေးမှာ ဆူးလေဘုရားလမ်းအတွင်း လမ်းရှိပါတယ်။ အဲဒီအတွင်းလမ်းမှာ ကျွန်တော်တို့ ဘတ်စ်ကားကြီးတွေကို စနစ်တကျ အသုံးချမယ်။ နောက်တစ်ခုက ဆူးလေဘုရားလမ်းပေါ်မှာရှိတဲ့ ဇင်ယော်မုန့်တိုက်ရှေ့မှတ်တိုင်ပေ့ါ။ အဲဒီ မှတ်တိုင်တွေမှာ ကားတွေရပ်တန့်မှုရှယ်၊ ဒီဘက်ယာဉ်တွေ ရပ်တန့်မှုကို စနစ်တကျ ရပ်ခြင်းအားဖြင့် ဒီနားမှာ ခရီးသွားတွေ သွားလာမှု အဆင်ပြေမယ်။ ယာဉ်ကြောကျပ်တည်းမှု အဆင်ပြေမယ်။ ဘတ်စ်ကားတွေရဲ့ သွားလာမှုစနစ် ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်တဲ့ အသေးစားစီမံကိန်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆူးလေကားမှတ်တိုင်၌ ယာဉ်လိုင်းအလိုက် ကြပ်မတ်ကွပ်ကဲမှုများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလတတိယပတ်တွင် စတင်သော ယခုအသေးစား စီမံကိန်းပြုလုပ်ရာ နေရာသည် ယာဉ်လိုင်း ကိုးလိုင်းမှ တစ်နာရီလျှင် ယာဉ်အစီးရေ ၁၀၀ ခန့်ရပ်နားသော နေရာတစ်ခုဖြစ်သည်။ ယနေ့စတင်ပြုလုပ်သည့် ယာဉ်ကြောဆိုင်ရာစီမံမှုတွင် ခရီးသွားပြည်သူများအတွက် တက်ရမည့်နေရာကို ဘတ်စ်ကားလမ်းကြောင်းအလိုက် ခွဲထားပြီး မိမိစီးနင်းမည့် ဘတ်စ်ကားလိုင်းကို အတည်ပြုကာ သတ်မှတ်နေရာတွင် စောင့်ဆိုင်းပေးရမည်ဖြစ်သည်။ အဆိုပါ မှတ်တိုင်ဧရိယာအတွင်း ပါဝင်သည့် ယာဉ်လိုင်းအမှတ်များမှာ ဝိုင်ဘီအက်စ်- ၃၊ ၂၉၊ ၇၈၊ ၁၂၊ ၃၆၊ ၈၇၊ ၂၈၊ ၆၁ နှင့် Airport Shuttle Bus များ ပါဝင်သည်။ အဆိုပါစီမံကိန်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာနမှ မြို့ပြဆိုင်ရာ လုပ်ငန်းများဖြစ်သည့် လမ်းအမှတ်အသားများ ရေးဆွဲခြင်း၊ ဘတ်စ်ကား မှတ်တိုင် ဆိုင်းဘုတ်များ တပ်ဆင်ခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများက ယာဉ်နှင့်လူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ယာဉ်လိုင်းအသီးသီးမှ တာဝန်ရှိသူများကလည်း ယာဉ်လိုင်းအလိုက် ကြပ်မတ်ကွပ်ကဲမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ - အာကာစိုး

စာမျက်နှာ ၁၆ မှ

ဦးအောင်ကြီး (စစ်ကိုင်းတိုင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း-ဥက္ကဋ္ဌ)

ကျွန်တော် အသက် ၆၀ တန်းမှာ ပထမဆုံးမြင်ကွင်းပေ့ါ။ တိုင်းရင်းသားတွေ တစ်နေရာတည်းမှာ စုစည်းပြီးတော့ ရင်းနှီးချစ်ခင်မှုကိုလည်း ပေါ်လွင်စေတယ်။ တစ်ဦးနဲ့ တစ်ဦး ကူးသန်းရောင်းဝယ်မှုဖလှယ်မှုတွေ စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော တစ်ဦးနဲ့တစ်ဦး ဖလှယ်တဲ့ပွဲလို့ မြင်မိပါတယ်။ ဒီပွဲကို လာခြင်းအားဖြင့် တိုင်းရင်းသားတွေရဲ့စည်းလုံးညီညွတ်မှုကို သွားတွေ့တယ်။ တွေ့ခြင်းအားဖြင့် အခုသွားနေတဲ့ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးဟာလည်း ဒွန်တွဲနေတယ်။ စီးပွားရေးကောင်းမှလည်း ငြိမ်းချမ်းရေးကောင်းမယ်။ ငြိမ်းချမ်းရေးကောင်းမှ စီးပွားရေးကောင်းမယ်ဆိုတဲ့အတွက် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မိတ်ဆွေသင်္ဂဟအားလုံး လာကြဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကေဂျာနူး(ဖျော်ဖြေရေးဆပ်ကော်မတီ)

တိုင်းရင်းသားယဉ်ကျေးမှုပွဲတော်လည်း ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် လုပ်တဲ့ပွဲကြီးမှာ ကျွန်မတို့က ဖျော်ဖြေရေးအနေနဲ့ပါတယ်။ အနုပညာဖျော်ဖြေမှု စင်တင်တေးဂီတတွေ၊ တိုင်းရင်းသားရိုးရာအကတွေ၊ ရိုးရာအဆိုတွေ အကုန်လုံးပါပါတယ်။ ညစဉ်တင်ဆက်မှာ ဖြစ်ပါတယ်။ ထူးထူးခြားခြားအနေနဲ့ Miss Ethnic Myanmar 2019 ဆိုပြီးတော့ တိုင်းရင်းသူလေးတွေ၊ မျိုးနွယ်စုတွေအကုန်လုံး ၄၁ ဦးကို ရွေးထားပါတယ်။ မျိုးနွယ်စုတစ်ခုမှာ အနည်းဆုံး သုံးယောက်ကို ရွေးမယ်။ ၂၉ ရက်နေ့မှာ နောက်ဆုံးရွေးချယ်မှာဖြစ်ပါတယ်။ ၂၈ ရက်နေ့မှာတော့ ကရင်ဒုံးယိမ်းအကပါမယ်။ မနောအကလည်း ရှိပါတယ်။ မနောအက ဘာ့ကြောင့်လုပ်သလဲဆိုတော့ တိုင်းရင်းသားအားလုံး လူအများကြီး တစ်ခါတည်း ဝင်ကလို့ရတယ်။

တိုင်းရင်းသားလူမျိုးတွေအားလုံးရဲ့ ဝတ်စားဆင်ယင်မှုအားလုံးလည်း တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း တစ်ဝကြီး အကုန်လုံးကြည့်ရမယ်။ လူအများကြီး တိုင်းရင်းသားတစ်မျိုးကို လူ ၁၀၀၊ ၂၀၀ ကလို့ရတယ်၊ မနောအကဖြစ်တဲ့အတွက် ကချင်မျိုးနွယ်စုတွေက ဦးဆောင်ပါမယ်။ မြစ်ကြီးနားကနေပြီး မနောတိုင်တွေ သယ်လာရပါတယ်။ မနောတိုင်လည်း ထူထားပြီးပါပြီ။ ၂၃ ရက်နေ့မှာ အစမ်းလေ့ကျင့်မှာ ဖြစ်ပါတယ်။ မနောအကမှာ အားလုံးပါဝင်ကပြနိုင်အောင် အစီအစဉ်တွေလည်းရှိပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေက ကွင်းဖွင့်ပွဲကလွဲလို့ ပုံမှန် ညနေ ၆ နာရီက စပါမယ်။ ည ၁၁ နာရီအထိ ကျင်းပဖို့ ကြိုးစားထားပါတယ်။ တိုင်းရင်းသား ပြည်သူတွေအားလုံးကို လာစေချင်ပါတယ်။ ပိုက်ဆံပွဲလည်းမဟုတ်ပါဘူး၊ လူတိုင်း မိသားစုလိုက်လာလည်စေချင်ပါတယ်။ တိုင်းရင်းသားအားလုံး တစ်စုတစ်စည်းတည်း ကြုံတောင့်ကြုံခဲပွဲ၊ အသံလေးတွေ၊ အကလေးတွေ တကူးတက နယ်တွေထိ သွားစရာမလိုဘဲနဲ့ ဒီကျိုက္ကဆံကွင်းလာလိုက်တာနဲ့ အကအလှပေါင်းစုံ၊ ဝတ်စားဆင်ယင်မှုပေါင်းစုံကို မြင်ရမှာပါ အားလုံးကို လာဖို့ ဖိတ်ခေါ် ပါတယ်။

မိုင်ထွန်းကျော်(ရန်ကုန်တအာင်းလူငယ်အဖွဲ့) တအာင်း (ပလောင်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယဉ်ကျေးမှုပြခန်း

ဒီပြခန်းမှာ ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှု၊ ပစ္စည်းအသုံးအဆောင်တွေပြမယ်။ နောက်ပြီး ခေတ်သစ်မှာ ကျွန်တော်တို့ ဒေသထွက်ကုန်တွေရှိတယ်။ ရိုးရာအဆင်လေးတွေ ပြသမယ်။ နောက်တစ်ခုက ခရီးသွားလာရေးနဲ့ ပတ်သက်ပြီး သွားလည်လို့ရတဲ့နေရာတွေကို ပရိုဂျက်တာနဲ့ ပြသထားမယ်။ ဘယ်နေရာတွေက လှပတယ်၊ လည်လို့ရတယ်ဆိုတာတွေကို ရှင်းပြမယ်။ ဒေသထွက်ကုန်တွေကို ပြသထားမယ်။ တကယ်လို့ ဝယ်ချင်တယ်ဆိုလည်း ကျွန်တော်တို့ အရောင်းဆိုင်ဖွင့်ထားတဲ့နေရာမှာ သွားဝယ်လို့ရပါတယ်။ တအာင်းအကနဲ့ အဆိုတွေလည်း ပါပါမယ်၊ ဒီမှာလာပြတဲ့အခါကျတော့ တစ်ဦးနဲ့တစ်ဦး စည်းလုံးမှု ရှိပါလားဆိုတာ ခံစားမိလာတယ်။ တခြားတိုင်းရင်းသားတွေရဲ့ယဉ်ကျေးမှုတွေလည်း လေ့လာခွင့်ရလာတယ်။

တွေ့ဆုံမေးမြန်း-သီသီမင်း

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံကြီး၌ အခမဲ့ကုသပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးအနီးရှိ အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းဆေးရုံ ခုတင် ၃၀၀ တွင် ဇန်နဝါရီ ၁၉ ရက်မှ စတင်ကာ ၂၇ ရက်အထိ နှုတ်ခမ်းကွဲ၊ နှာခေါင်းကွဲ၊ အာခေါင်ကွဲ၊ မီးလောင်ဒဏ်ရာရရှိသူများကို အမေရိ ကန်နိုင်ငံမှ Dr.Brian Rubinsteil ဦးဆောင်သော Face of tomorrow (USA)အဖွဲ့က အဖွဲ့ဝင်ဆရာဝန် ၂၆ ဦးနှင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းအထူးကု ဆရာဝန်များပူးပေါင်း၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ လူနာများအား အခမဲ့ ကုသပေးလျက်ရှိသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဆေးရုံကြီးသို့ ဇန်နဝါရီ ၂၀ ရက်က နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း လာရောက်၍ ဆေးရုံ အုပ်ကြီးနှင့် ဆရာဝန်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသော လူနာများကို အားပေးစကားပြောခဲ့သည်။

အဆိုပါ ဆေးရုံကြီးတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှပေးပို့ထားသည့် မြန်မာနိုင်ငံအတွင်းရှိ နှုတ်ခမ်းကွဲ၊ နှာခေါင်းကွဲ၊ မီးလောင်ဒဏ်ရာရရှိထားသူ ၅၇ ဦးနှင့် ဇန်နဝါရီ ၂၁ ရက်အထိ မိမိအစီအစဉ်ဖြင့် လာရောက်ကုသ လျက်ရှိသော ပြင်ပလူနာ ၆၂ ဦး၊ အတွင်း လူနာ ၄၄ ဦး စုစုပေါင်း ၁၆၃ ဦး ကုသပေးပြီးဖြစ်ကြောင်းနှင့် လာမည့်ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ အမေရိကန်နိုင်ငံ Samaritan's Pusse အဖွဲ့ကလည်း ယင်းဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ နှာခေါင်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ကြော်ငြာ

မေတ္တာရပ်ခံ တောင်းပန်ခြင်း

၂၁-၁-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ တွင် ဖော်ပြပါရှိသည့် စာရေးဆရာ ဝိသုဇ္ဇက (ပဲခူး) ၏ စာအုပ်အပေါ် စာရေးသူစာဖတ်သူ ဆွေးနွေးပွဲသတင်း ခေါင်းစဉ်နှင့် သတင်းစာသား ပထမပိုဒ်တွင်ပါရှိသည့် စာအုပ်အမည်ကို **"ရက္ခပူရ ယဉ်ကျေးမှုအလှ"** ဟု ပြင်ဆင်ဖတ်ရှုပေးနိုင်ပါရန်နှင့် ယင်းအမှားသည် ကျွန်တော့်တွင် တာဝန်ရှိပါ၍ ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

သတင်းထောက်အမှတ် - ၁၄၂

ဦးဖြေ (ဝိသုဇ္ဇက - ပဲခူး)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၁-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၀၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၂၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၀၁၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၂၀/၈၉၀	ကျပ်	၉၀၀/၉၁၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၃၀/၉၀၀	ကျပ်	၉၁၅/၉၂၅	ကျပ်
အောက်တိန်း ၉၂	၆၄၅/၇၁၀	ကျပ်	၇၄၅/၇၈၀	ကျပ်
အောက်တိန်း ၉၅	၇၃၀/၇၉၀	ကျပ်	၈၄၀/၈၅၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၈ ・ ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၇၄၈ ・ ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၃၁ ・ ၇
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၈၂ ・ ၀
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၀၂ ・ ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၁၀၀ ・ ၀
တရုတ်	တစ်ယွမ်	ကျပ် ၂၂၆ ・ ၂၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၆၀
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၆ ・ ၁၆
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၂ ・ ၈၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၃၉၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

The Voice Myanmar သီချင်းဆိုပြိုင်ပွဲ Season (2) ကို စည်းကမ်းသစ်များဖြင့် ကျင်းပမည်

မြန်မာနိုင်ငံ၏ အောင်မြင်ပြီး လူသိအများဆုံး သီချင်းဆိုပြိုင်ပွဲများထဲမှ တစ်ခုဖြစ်သည့် The Voice Myanmar သီချင်းဆိုပြိုင်ပွဲ Season(2) ကို ယခု ဇန်နဝါရီလထဲတွင် စည်းကမ်းအသစ်များဖြင့် ပြန်လည်စတင်ကျင်းပသွားမည်ဟု သိရသည်။ သီချင်းဆိုပြိုင်ပွဲအတွက် ၂၀၁၈ စက်တင်ဘာလမှ စတင်ကာ အွန်လိုင်းမှတစ်ဆင့် ပြိုင်ပွဲဝင်များကို ခေါ်ယူခဲ့ပြီး တေးရေးဆရာ စောခူဆဲလ်နှင့် Big Bag Band တို့ ပူးပေါင်း၍ လူတွေ့စစ်ဆေးမှု(Blind Audition)အဖြစ် အယောက် ၁၀၀ ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

"အဆင့်ဆင့် ရွေးချယ်လာတဲ့ ပြိုင်ပွဲဝင်တွေထဲကနေ တစ်ဖွဲ့မှာ လေးဦးစီနဲ့ ၁၆ ဦးကို အဖွဲ့တစ်ဖွဲ့ချင်းထဲကနေ တစ်ဦးစီ ယှဉ်ပြိုင်ရမှာပေါ့နော်၊ Live Show ပထမပတ်မှာကို Coach နှစ်ဦးနဲ့ group ပြိုင်ပွဲဝင် လေးဦးစီ ယှဉ်ပြိုင်မယ်၊ အဲဒီထဲကနေ နှစ်ဦးစီ နုတ်ထွက်ရမှာပေါ့နော်၊ အဲလိုနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ရွေးချယ်သွားရာကနေ The Voice Myanmar ရဲ့ Winner တစ်ဦးကို ရွေးချယ်သွားမှာပါ"ဟု Forever Bec-Tero မှ Production Manager ကိုရဲမျိုးထက်က ပြောသည်။

ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူများအနေဖြင့် ပထမအဆင့်အဖြစ် စင်ပေါ်တွင် အသံတစ်ခုတည်းဖြင့် ဒိုင်များနှစ်သက်လာအောင် သီဆိုနိုင်ရမည်ဖြစ်ပြီး ဒိုင်များက ကျောပေးထိုင်နေလျက် ပြိုင်ပွဲဝင်သူ သီဆိုသည့် အချိန် နှစ်မိနစ်အတွင်း သဘောကျ နှစ်သက်သူအား ခုံလှည့်ရွေးချယ်သောစနစ်ကို စီစဉ်ထားကြောင်း၊ ဒုတိယအနေဖြင့် ပြိုင်ပွဲဝင်များသည် မိမိ၏အဖွဲ့က အခြားအဖွဲ့နှင့် သီချင်းတစ်ပုဒ်တည်းကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် စည်းမျဉ်းအသစ်တစ်ခုအဖြစ် Steal ဟု ခေါ်သော အဆင့်အသစ်တစ်ခု ပါဝင်လာမည်ဖြစ်ပြီး ဒိုင်များက မိမိအဖွဲ့မှ ပြိုင်ပွဲဝင်ခြောက်ဦးအပြင် အခြားအဖွဲ့မှ နှစ်သက်သော ပြိုင်ပွဲဝင်နှစ်ဦးကို မိမိအသင်းသို့ ခေါ်ယူခွင့်ရှိကြောင်း၊ အကယ်၍ ပြိုင်ပွဲဝင်အား ဒိုင်တစ်ဦးထက်ပို၍ ခေါ်ယူချင်နေပါက ပြိုင်ပွဲဝင်၏အဆုံးအဖြတ်သာဖြစ်ကြောင်း၊ Battle Round အပြီးတွင် အဖွဲ့တိုင်း၌ Coach ကိုယ်တိုင် ရွေးချယ်ထားသော ပြိုင်ပွဲဝင် ခြောက်ဦးအပြင် Steal လုပ်ထားသော ပြိုင်ပွဲဝင် နှစ်ဦး စုစုပေါင်း ရှစ်ဦး ကျန်ရှိမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ပြိုင်ပွဲအဖွဲ့အစည်းဖြစ်သော The Voice ၏ တရားဝင်ခွင့်ပြုချက်ဖြင့် MRTV-4 နှင့် Forever Bec-Tero တို့ ပူးပေါင်းကျင်းပသော The Voice Myanmar Season (2) ကို ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့ ည ၉ နာရီ အချိန်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

ငါးနှစ်ခန့်ကင်းကွာနေခဲ့သည့် သရုပ်ဆောင်အလုပ်ကို ပြန်လုပ်ရန်မရှိသေးကြောင်း ဝိုင်းစုခိုင်သိန်း ပြောကြား

သရုပ်ဆောင် အနုပညာအလုပ်များနှင့် ငါးနှစ်ကျော်ကြာအောင် ကင်းကွာနေခဲ့သည့် ဝိုင်းစုခိုင်သိန်းက ဂီတဘက်ကိုသာ ပို၍ ဦးစားပေးသွားမည်ဖြစ်ပြီး သရုပ်ဆောင်အလုပ်ကို ပြန်လည်လုပ်ကိုင်ရန် အစီအစဉ်မရှိသေးကြောင်း ပြောကြားသည်။

"ဝိုင်းစု မရိုက်ဖြစ်တာတောင် ငါးနှစ်လောက်ရှိပြီ၊ ဘာမှဖြစ်လို့တော့မဟုတ်ဘူး၊ ဝိုင်းစုက အဆိုဘက်ကိုပဲ တစိုက်မတ်မတ် လုပ်ချင်လို့ပါ၊ အခု လာခေါ်တဲ့ကားတွေလည်းရှိတယ်၊ အဲဒီအထဲမှာ ဝိုင်းစုမအားတာတွေလည်း ရှိတယ်၊ တချို့ဇာတ်လမ်းလေးတွေ အဆင်ပြေတယ်ဆိုရင်တော့ ဝိုင်းစု ရိုက်သွားမှာပါ၊ အဓိကက ကိုယ်ကြိုက်တဲ့ ကာရိုက်တာက လုပ်ကွက်များမများ ဆိုတာထက် သမားရိုးကျမဟုတ်ဘဲနဲ့ နည်းနည်းဆန်းဆန်းလေး ရိုက်ရမယ်ဆိုလို့ရှိရင်တော့ ရိုက်ဖြစ်မယ်ပေါ့၊ ဒါပေမယ့် ဒီဘက်မှာ သီချင်းဆိုဖို့အတွက် အလုပ်လက်မခံထားဘူး၊ မရှိဘူးဆိုရင်ပေါ့၊ ရှိတယ်ဆိုရင်တော့ ဝိုင်းစုက ဂီတဘက်ကို ပိုပြီးဦးစားပေးလိုက်တဲ့အတွက် ဂီတကို ပိုပြီးရွေးချယ်ရမှာပေါ့"ဟု ဝိုင်းစုခိုင်သိန်းက ပြောသည်။

လက်ရှိအချိန်မှာ ပွဲတော်ရာသီဖြစ်၍ ပွဲများ တောက်လျှောက် ဆိုနေကြောင်းနှင့် တစ်ကိုယ်တော်ခွေအတွက်လည်း ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ကိုလင်း

အခြေခံလူတန်းစားများ၏ဘဝကို ထင်ဟပ်ရိုက်ကူးမည့် စပါကလင်ဇာတ်ကား မိတ်ဆက်

အကြည်တော်၏ဝတ္ထုကို ညီညီဘမောင် (ညောင်ညောင်)နှင့် မင်းသခင်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကိုပေါက်က ဖန်တီးရိုက်ကူးသွားမည့် စပါကလင် ရုပ်ရှင်ဇာတ်ကားအတွက် ကန်တော့ပွဲပေးသည့် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့ပြီး အဆိုပါရုပ်ရှင်ကို ရွှေမြန်မာရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်တွင် ဇာတ်ညွှန်းရေးသားထားသူ ညီညီဘမောင် (သရုပ်ဆောင် ညောင်ညောင်) က "ဒီဇာတ်ကားက အခြေခံလူတန်းစားတွေရဲ့ဘဝကို အခြေခံပြီး ရိုက်ထားတာပါ၊ ဒီကားလေးက အခုလက်ရှိဖြစ်နေတဲ့အဖြစ်ကို ရိုက်ကူးမယ်ဆိုလည်း ဟုတ်ပါတယ်၊ ကိုဇင်ဝိုင်းက အမတ်တစ်ယောက်အဖြစ်နဲ့ ဝင်ရောက်အရွေးအချယ်ခံမယ့် ကာရိုက်တာပုံစံလေးပေါ့၊ ပရိသတ်အတွက် ပညာပေးကားလေးဆိုရင်လည်း မမှားပါဘူး၊ ရသမျိုးစုံအောင် ထည့်ပေးထားတယ်၊ ဟာသလေးတွေလည်းပါတယ်၊ အချစ်အကြောင်းလေးလည်းပါတယ်၊ မကြီးစိုးရဲ့ကာရိုက်တာလေးကတော့ ထောင်ကနေထွက်လာတဲ့ စရိုက်ကြမ်းကြမ်း အမျိုးသမီးတစ်ဦးနေရာကနေ တွေ့ရမှာပါ၊ ထောင်တွင်းမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်လေးတွေကိုလည်း ဒီကားမှာတွေ့ရမှာပါ"ဟု ပြောသည်။

သရုပ်ဆောင် စိုးမြတ်သူဇာကလည်း သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာနှင့်ပတ်သက်၍ "မကြီးက ဒီဇာတ်ကားလေးမှာ တစ်ခါမှမလုပ်ဖူးတဲ့ ကာရိုက်တာလေးနဲ့ ပါဝင်သရုပ်ဆောင်ရမယ်၊ မကြီး ဒီကားထဲမှာ သေသေချာချာ ကြိုးစားသွားမှာပါ၊ မကြီးအတွက်တော့ ဒီကားထဲက ကာရိုက်တာက အတွေ့နည်းတဲ့ ကာရိုက်တာမျိုးပါ၊ သိပ်လုပ်လေ့လုပ်ထမရှိတဲ့ ပုံစံလေးပေါ့"ဟု ပြောသည်။

အဆိုပါရုပ်ရှင်တွင် သရုပ်ဆောင်များအနေဖြင့် မြင့်မြတ်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ မိုးဒီ၊ တိမ်ညွှန့်၊ ဇော်ဝင်းနိုင်၊ ညောင်ညောင်၊ ခင်လှိုင်၊ ဆင်မ၊ အေးသီတာနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး အခြေခံလူတန်းစားများ၏ ဘဝအကြောင်းကို အချစ်နှင့်ဟာသနှောကာ ရိုက်ကူးပြသမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် စတင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

မျက်မမြင် အဆိုရှင်များ ပါဝင်သီဆိုထားသည့် မြတ်ဆရာကျေးဇူး တေးစီးရီး စတင်ဖြန့်ချီ

ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)မှ ပထမဆုံးအကြိမ် ထုတ်လုပ်ဖြန့်ချီသည့် မြတ်ဆရာကျေးဇူး တေးစီးရီးကို ၂၀၁၈ ခုနှစ် အောက်တိုဘာလဆန်းက စတင်အကောင်အထည်ဖော်ခဲ့ပြီးနောက် ဇန်နဝါရီ ၁၈ ရက်က စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

ရန်ကုန်မျက်မမြင် (ခဝဲခြံ)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး မြန်မာနိုင်ငံ ခရစ်ယန်မျက်မမြင်များ မိတ်သဟာယ၏ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်က "ဒီစီးရီးလေးကို စတင်ပြီး လုပ်ဖြစ်တာကတော့ ကလေးတွေက ခဝဲခြံ မျက်မမြင် ကျောင်းကပါ၊ သူတို့လေးတွေအနေနဲ့ အများကြီး ကြိုးစားထားကြတယ်၊ ၂၀၁၇ အောက်တိုဘာ ၅ ရက်က ကျွန်တော်တို့ နေပြည်တော်မှာလုပ်ခဲ့တဲ့ ကမ္ဘာ့ဆရာများနေ့ပွဲမှာ ကျောင်းက ကလေးတွေ ပါဝင်သီဆိုရာကနေ နောက်ပိုင်းမှာ ဆရာများနေ့မရောက်ခင် ဆရာဆရာမတွေကို ဂုဏ်ပြုချင်တာကြောင့် ဒီအခွေလေး လုပ်ဖြစ်ခဲ့တာပါ၊ ကိုယ်တိုင်ကလည်း သီချင်းတွေ သိပ်မသိတော့ နားမလည်တော့ တေးရေးဆရာမ စိမ့်ကို အကူအညီတောင်းခဲ့တယ်၊ ဆရာမက ကိုနိုင်ဇော်ကိုခေါ်လာပြီး ကျွန်တော်တို့မှာရှိတဲ့ သီချင်း ၁၀ ပုဒ်ကို သံစဉ်ရှာပြီး တီးခတ်မှုတွေလုပ်ခဲ့ကြရင်း အခုလို ခွေတစ်ခွေဖြစ်လာတာပါ၊ ဒီထဲမှာပါတဲ့ သီချင်းလေးတွေက ဆရာ ဆရာမတွေအတွက်ရော၊ အားလုံးအတွက်ပါ ကြည်နူးစရာပါ"ဟု ပြောသည်။

အဆိုပါတေးစီးရီးကို တေးရေးဆရာမတစ်ဦးဖြစ်သည့် စိမ့်က စီစဉ်ပြီး ဂီတ နိုင်ဇော် (Art Robot)က တီးခတ်ပေးထားကာ မျက်မမြင်အနုပညာရှင်များက သီဆိုထားကြကြောင်း၊ ပါဝင်သော တေးသီချင်းများကို တေးရေး စိမ့်၊ Oliver Awng၊ မခေါင်ဘရန်နန်နှင့် အောင်နိုင်ထွန်းတို့က ရေးသားထားကြောင်း သိရသည်။

ကိုလင်း

ချန်လုံ အလှမောင် / မယ်များ ဖိလစ်ပိုင်နှင့် အီဂျစ်နိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည်

ချန်လုံ(Chan Lone Beauty)မှ မွေးထုတ်ပေးလိုက်သော အလှမောင် နှစ်ဦးနှင့် အလှမယ် လေးဦးတို့အား ဖိလစ်ပိုင်နိုင်ငံနှင့် အီဂျစ်နိုင်ငံများတွင် ကျင်းပမည့် Miss & Mister International 2019 ပြိုင်ပွဲများသို့ စေလွှတ်၍ ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီက သွားရောက်ယှဉ်ပြိုင်ပြီဆိုရင် ကိုယ့်ရဲ့နာမည်နဲ့ နိုင်ငံကို ခေါင်းစဉ်တပ်ပြီးတော့ သွားပြိုင်ရတဲ့အခါမှာ ဂုဏ်သိက္ခာရှိရှိနဲ့ ဖြစ်စေချင်တယ်၊ အဲဒါကြောင့် ၂၀၁၈ မှာ ကျွန်တော်တို့က Miss တွေ၊ Mister တွေကို ပြိုင်ပွဲပြုလုပ်ပေးခဲ့ပါတယ်၊ အဆင့်ဆင့်ရွေးချယ်ကျော်ဖြတ်လာပြီးတော့မှ Winner တွေကို မွေးထုတ်ပေးခဲ့တာဖြစ်ပါတယ်၊ ဒီနှစ်ဆိုရင် ကျွန်တော်တို့ International အနေနဲ့ အီဂျစ်နိုင်ငံက Miss Eco International Egypt ပြိုင်ပွဲကို Miss Eco Myanmar ပန်းနုနုထွေးက မတ်လမှာ သွားရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်၊ ဖိလစ်ပိုင်နိုင်ငံကိုလည်း Miss Glamour Look Myanmar ပန်ဒိုရာက ဖေဖော်ဝါရီလထဲမှာ သွားရောက်ယှဉ်ပြိုင်မှာပါ၊ ကျွန်တော့်ဆီက Miss တွေ၊ Mister တွေကို သူတို့ပြိုင်ရမယ့် နိုင်ငံအသီးသီးကို သွားရောက်ယှဉ်ပြိုင်ရာမှာ အားပေးကြဖို့ ဒီနေရာကနေ မြန်မာနိုင်ငံမှာရှိတဲ့ ပရိသတ်တွေထံကို အခုလို အပ်နှံပေးတာဖြစ်ပါတယ်"ဟု ပြိုင်ပွဲသို့သွားရောက်မည့် Miss & Mister များ မိတ်ဆက်ပွဲတွင် Chan Lone Beauty မှ ကိုချန်လုံက ပြောသည်။

အဆိုပါမိတ်ဆက်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံနှင့် အီဂျစ်နိုင်ငံများသို့ မြန်မာနိုင်ငံကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်မည့်သူများဖြစ်သည့် Miss Eco Myanmar ၂၀၁၉ ပိုင်သူသူသွေး၊ Miss Glamour Look International 2019 များဖြစ်ကြသော နန်းမိုးမိုးလေးနှင့် ထူးနန့်သာဝင်း၊ Mister Universe Model 2019 ဟန်ကျော်ဇောနှင့် Mister Glam International 2019 နေမင်းတိမ်ယံတို့အား မီဒီယာများနှင့် မိတ်ဆက်ပေးခဲ့သည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

ချွေးမဖြစ်သူ ဟေးလီဟာ သူ့အတွက်လက်ဆောင်တစ်ခုလို့ ဂျက်စတင်ဘီဘာရဲ့မိခင် ပြောကြား

ဂျက်စတင်ဘီဘာရဲ့ မိခင်ဖြစ်သူနဲ့ ဂျက်စတင်ဘီဘာရဲ့ ဇနီးဖြစ်သူတို့ဟာ အလွန်ကို အဆင်ပြေသင့်မြတ်နေတယ်လို့ သိရပါတယ်။ ဂျက်စတင်ဘီဘာရဲ့မိခင်ဖြစ်သူ ပက်တီမော်လက်ဟာ အသစ်စက်စက် ချွေးမလေးနဲ့ အတူရိုက်ထားတဲ့ ဓာတ်ပုံကို အင်္ဂါနေ့ကပဲ အင်စတာဂရမ်ပေါ်မှာ တင်ခဲ့ပါတယ်။ ဓာတ်ပုံရဲ့အောက်မှာလည်း ချွေးမဖြစ်သူ ဟေးလီဟာ သူ့အတွက် လက်ဆောင်တစ်ခုဆိုပြီး စာရေးသားထားပါတယ်။

အသက် ၂၄ နှစ်အရွယ် ဂျက်စတင်ဘီဘာနဲ့ အသက် ၂၂ နှစ်အရွယ် ဟေးလီတို့ဟာ ၂၀၁၈ ဇူလိုင်လအတွင်းမှာ စေ့စပ်ခဲ့ပြီး စက်တင်ဘာလမှာ လက်ထပ်လိုင်စင်ရခဲ့ပါတယ်။ သူတို့စုံတွဲဟာ နယူးယောက်မြို့မှာရှိတဲ့ ဒေသန္တရအုပ်ချုပ်ရေးရုံးမှာ တိတ်တဆိတ် လက်ထပ်ခဲ့ကြတယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။

ပေါ့စတားဖြစ်တဲ့ ဂျက်စတင်ဘီဘာကတော့ သူနဲ့ဟေးလီတို့ဟာ လက်ထပ်ပြီးပြီဖြစ်တဲ့အကြောင်း နိုဝင်ဘာလမှာ အတည်ပြု ပြောကြားခဲ့ပါတယ်။ ဂျက်စတင်ဘီဘာဟာ သူ့ကိုယ်သူ အိမ်ထောင်ရှင်တစ်ယောက်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ ကျေးဇူးတော်နေ့ကို အိမ်ထောင်ရှင်တစ်ယောက်အဖြစ် ပထမဆုံးအကြိမ်ဖြတ်သန်းတာဖြစ်ပြီး နှစ်ဖက်မိဘဆွေမျိုးတွေကိုလည်း ပထမဆုံးအကြိမ် ဧည့်ခံတာဖြစ်တယ်လို့ လူမှုကွန်ရက်မှာ တင်ခဲ့ပါတယ်။ အဲဒီလိုရေးသားပြီးမကြာမီမှာပဲ ဟေးလီဟာလည်း သူ့ရဲ့ အင်စတာဂရမ်အကောင့်မှာ ဟေးလီဘီဘာဆိုပြီး နာမည်ပြောင်းခဲ့ပါတယ်။ ပက်တီမော်လက် တင်ထားတဲ့ပုံကိုကြည့်ရင် ယောက္ခမနဲ့ ချွေးမနှစ်ဦးသားဟာ အလွန်ကို အဆင်ပြေနေတယ်ဆိုတာ သိသာလှပါတယ်။ **စီအင်န်အင်န်**

အပြီးသတ်ကွာရှင်းမှုအပြီး ဘင်အက်ဖလက်နဲ့ ဂျနီဖာဂါနာတို့ အနေစိမ်းသွားကြ

ဘင်အက်ဖလက်နဲ့ ဂျနီဖာဂါနာတို့ဟာ ချာ့ချ်ကျောင်းကထွက်အလာ နှစ်ဦးသားမျက်နှာမှာ အပြုံးတွေမတွေ့ရဘဲ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာဖြစ်နေတာကို တွေ့ရပါတယ်။ ပူပူနွေးနွေးကွာရှင်းထားတဲ့စုံတွဲဟာ တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ကင်းနေသလိုပါပဲ။ အနေလည်း စိမ်းလာကြပါတယ်။

ဘင်အက်ဖလက်နဲ့ ဂျနီဖာဂါနာတို့ဟာ ၂၀၁၈ ခုနှစ် အောက်တိုဘာလကမှ အပြီးသတ်ကွာရှင်းမှု ပြုလုပ်ခဲ့တာပါ။ သူတို့နှစ်ဦးဟာ ကွာရှင်းခဲ့ပြီးပေမယ့် အများရှေ့မှာတော့ စည်းလုံးတဲ့မိသားစုတစ်ခုအဖြစ် ပြသနိုင်အောင် ကြိုးပမ်းကြဆဲပါပဲ။ သူတို့နှစ်ဦးရဲ့ ကလေးတွေဖြစ်ကြတဲ့ အသက် ၁၃ နှစ်အရွယ် ဗိုင်အိုလက်၊ အသက် ၁၀ နှစ်အရွယ် ဆာရာဖီနာ၊ အသက် ၆ နှစ်အရွယ် ဆန်မြူရယ်တို့နဲ့အတူ မကြာခဏဆိုသလို အပြင်ထွက်တာကို တွေ့မြင်ရပါတယ်။ သူတို့ဟာ ကွာရှင်းပြီးတာတောင် ကျေးဇူးတော်နေ့ အခမ်းအနားကို မိသားစုဝင်တွေအားလုံးနဲ့အတူ ဆင်နွှဲခဲ့ပါတယ်။

ဒါပေမယ့်လည်း ဂျနီဖာဂါနာမှာ ချစ်သူသစ်ရှိနေပြီဖြစ်ပြီး သူ့ချစ်သူနာမည်ကတော့ ဂျွန်မေလာလို့ ခေါ်ပါတယ်။ ဂျနီဖာဂါနာဟာ လာမယ့်နွေဦးမှာ လက်ထပ်မယ်ဆိုရင်တောင် ပရိသတ်တွေက အံ့ဩမှာ မဟုတ်ပါဘူး။ ၂၀၁၈ နိုဝင်ဘာကျမှ သူတို့ရဲ့ အချစ်ဇာတ်လမ်းကို ပရိသတ်ကို တရားဝင်အသိပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ခင်ပွန်းဟောင်းဖြစ်သူ ဘင်နဲ့လည်း အပြီးသတ်ကွာရှင်းမှုတွေ ပြုလုပ်ပြီးသွားပါပြီ။ ဘင်အက်ဖလက် အရက်အလွန်အကျွံစွဲလမ်းတဲ့အတွက် ပြန်လည်ထူထောင်ရေးစခန်းမှာ နေထိုင်ပြီး ရက်ပေါင်း ၄၀ အကြာမှာ သူတို့နှစ်ဦး အပြီးသတ်ကွာရှင်းပြီးတဲ့ သတင်းထွက်ပေါ်လာခဲ့ပါတယ်။ ဘင်အက်ဖလက်ဟာလည်း Playboy မော်ဒယ်တစ်ဦးဖြစ်သူ ရှာနာဆက်တွန်နဲ့ တွဲနေကြတယ်ဆိုပြီး သတင်းတွေ ထွက်လာခဲ့ပေမယ့် အခုအချိန်ထိတော့ စုံတွဲမရှိဘဲ တစ်ယောက်တည်းဖြစ်နေတုန်းပါပဲ။ **ဟောလိဝုဒ်လိုက်ဖ်ဒေးလ်ဂျွန်း**

ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၅၇)

အသရေယုတ်စေသော မေးခွန်းများ

ဦးဟန်ညွန့် (ဥပဒေ)

လူငယ်ရှေ့နေ၏ မေးခွန်း

လူငယ်ရှေ့နေ၏ မေးခွန်းများကို အလျဉ်းသင့်သလို ကျွန်တော်ဖြေဆိုခဲ့ပါသည်။ ထိုသို့ ဖြေဆိုရာတွင် ဥပဒေရည်ညွှန်းချက်များဖြင့် ဖြေဆိုခဲ့ပါသည်။ အလွတ်သဘောဖြေ၍ မရပါ။ ထင်ရာမြင်ရာ ဖြေ၍မရပါ။ အကိုးအကားနှင့် ဖြေရပါသည်။ အထောက်အထားနှင့် ဖြေရပါသည်။ ရည်ညွှန်းချက်နှင့် ဖြေရပါသည်။ အတွေ့အကြုံနှင့် ဖြေရပါသည်။ သုံးသပ်ချက်မတူချင် မတူနိုင်သော်လည်း ကိုးကားမည့် မူရင်းဥပဒေကိုတော့ တလွဲရေး၍ မရပါ။ ဥပဒေအမြင် ကွဲပြားလျှင်လည်း မည်သူ၏ အမြင်ဆိုတာကို တိတိကျကျ ရေးသင့်၊ ပြောသင့်ပါသည်။

ယခုမေးခွန်း

ယခုမေးခွန်း တစ်ခွန်းကို လူငယ်ရှေ့နေက ကျွန်တော့်အား မေးလာပြန်ပါသည် -

"အသရေယုတ်စေသော မေးခွန်းဆိုတာ ဘာလဲ ဆရာ။ ရှေ့နေဆိုတာ အမှုသည်ကို ကိုယ်မေးချင်တာ မေးလို့မရဘူးလား။ ဒီလောက်မှ မလွတ်လပ်ရင် ရှေ့နေလုပ်ဖို့ လိုသေးသလား ဆရာရယ်"

အရှင်သခင်ပုံစံ

ဩော်-လူငယ်ရှေ့နေ၏ မေးခွန်းကို ကျွန်တော် ဘယ်လိုဖြေရပါ့။ သူက ရှေ့နေမို့ မေးချင်တာ မေးနိုင်သည်။ လွတ်လပ်သည်။ အမေးခံရသော သက်သေမှာ သူခိုင်းတာ လုပ်ရမည်။ သူညွှန်ကြားတာ နာခံရမည်။ ငါသာ အရှင်သခင်ဆိုသည့် ပုံစံ။

သက်သေခံ ဥပဒေ

သက်သေကို စစ်မေးသည့်ကိစ္စတွင် သက်သေခံဥပဒေနှင့်အညီ လိုက်နာရမည်။ ရှေ့နေမဖြစ်မီ ဥပဒေဘွဲ့ရခဲ့သည်ပဲ။ ဥပဒေပညာ သင်ယူခဲ့သည်ပဲ။ ရှေ့နေစာမေးပွဲ အောင်မြင်ခဲ့သည်ပဲ။ အလုပ်သင်ရှေ့နေ လက်တွေ့သင်တန်း ဆင်းခဲ့သည်ပဲ။ ဤအရည်အချင်းများနှင့် ပြည်စုံခြင်း ရှိ၊ မရှိကိုမူ တရားခွင်လက်တွေ့ဘဝများက ထောက်ပြပေလိမ့်မည်။ လက်တွေ့စစ်မြေပြင် (တရားခွင်အမှုစစ်ဆေးခြင်း) မှာ အောင်မြင်မှု ရ၊ မရ အကဲဖြတ်ကြရမည် -

သက်သေခံ ဥပဒေပုဒ်မ ၁၅၁

မတင့်တယ်၊ မလျောက်ပတ်၊ အသရေယုတ်စေသည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မ ဖြစ်ပါသည်။

ဤသို့မေးလာလျှင် တရားရုံးက ဘာလုပ်မည်လဲ။

(၁) မတင့်တယ်၊ မလျောက်ပတ် (သို့မဟုတ်) အသရေယုတ်စေသည်ဟု တရားရုံးက ထင်မြင်သည့်မေးခွန်း (သို့မဟုတ်)

(၂) စစ်ချက်တစ်စုံတစ်ရာသည် တရားရုံးက သိလိုသည့်အချက်များနှင့် အနည်းငယ်မျှ သက်ဆိုင်သော်လည်း အငြင်းထွက်အခြင်းအရာနှင့်ဖြစ်စေ၊ အငြင်းထွက်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန် ချင့်ချိန်ရသည့် အကြောင်းအရာများနှင့်ဖြစ်စေ၊ မသက်ဆိုင်သည့်မေးခွန်းကို မမေးစေရန် တရားရုံးက တားမြစ်ခွင့်ရှိသည်။

ဤပြဋ္ဌာန်းချက်ကို သိဖို့လိုသည်။ ရှေ့နေအတော်များများက ဤပြဋ္ဌာန်းချက်ကို သိကြပါရဲ့လား။ သိကြပါသည်။ လွယ်လွယ်ကလေးပါဗျာဟု ပြောကြမှာပါ။

သက်သေခံဥပဒေပုဒ်မ ၁၅၁ နှင့်အညီ မတင့်တယ်၊ မလျောက်ပတ်အသရေယုတ်စေသည့် မေးခွန်း မမေးရန် လိုအပ်လှပါသည် -

ပုဒ်မ ၁၅၂

သက်သေခံဥပဒေပုဒ်မ ၁၅၂ တွင် မလေးမခန့် ပြုလိုသည့် အကြံနှင့် မေးသောမေးခွန်းများအကြောင်း ပြဋ္ဌာန်းထားပါသည်။ ဥပဒေပညာရှင်တိုင်း သိပြီး၊ ဖတ်ပြီးသားပါ။ လူငယ်ရှေ့နေ ကလေးတော့ သိသလား၊ မသိသလား။ သိလျှင်လည်း သတိထား၊ မထား ပြန်လည်ဆန်းစစ်ရဦးမည်။

ပုဒ်မ ၁၅၂ ပြဋ္ဌာန်းချက်က ဤသို့ပါ။

မလေးမခန့်ပြုလိုသည့်အကြံနှင့်မေးခြင်း။

(၁) မလေးမခန့်ပြုလိုသည့်ဆန္ဒနှင့် မေးသည်ဟု တရားရုံးက ထင်မြင်သောမေးခွန်း

(၂) မေးသင့်သည့် မေးခွန်းဖြစ်သော်လည်း အကြောင်းမဲ့ထိခိုက်သည့် မေးခွန်းမျိုးဖြစ်သည်ဟု တရားရုံးက ထင်မြင်သည့် မေးခွန်းတို့ကို မမေးစေရ၊ **တားမြစ်ရမည်။** ဟု ပြဋ္ဌာန်းထားပါသည်။

တရားသူကြီး၏ တာဝန်

ရှေ့နေက မေးနေပြီ။ တရားသူကြီးက မတားမြစ်ဘူးလား။ ရှေ့နေမေးချင်တိုင်း မေးနေတာကို တရားသူကြီးက လက်ပိုက်ကြည့်နေသလား။ အချို့(အချို့) တရားသူကြီးများက တားမြစ်ခြင်းမရှိ။ လုပ်သက်နုသော တရားသူကြီးဖြစ်၍ ဥပဒေမကျွမ်းကျင်သေး၍လား။ သက်သေခံဥပဒေပုဒ်မ ၁၅၂ နှင့်အညီ လုပ်သင့်ပါလျက် မလုပ်ဘူးလား။ တရားခွင်မြင်ကွင်းမှာ ကြည့်၍ မကောင်း။ နားထောင်၍မကောင်း။ (ကြည့်၍မကောင်း၊ နားထောင်၍မကောင်းဟုဆိုရာတွင် ဥပဒေနှင့်မညီဘဲ မလေးမခန့်မေးနေသော မေးခွန်းကို ရှေ့နေက မေးနေချိန်မှာ တားမြစ်ရမည့်တရားသူကြီးက မတားမြစ်ခြင်း၊ လက်ပိုက်ကြည့်နေခြင်း၊ တာဝန်မကျေခြင်း) ကို ဆိုလိုပါသည်။

နှစ်ဖက်ရှေ့နေ

နှစ်ဖက်ရှေ့နေပါလျှင် တစ်မျိုးဖြစ်ကောင်းဖြစ်မည်။ တရားခံရှေ့နေ၏ မေးခွန်းကို တရားလိုရှေ့နေက ကန့်ကွက်နိုင်သည်။ တရားလို၏ရှေ့နေ၏ မေးခွန်းကို တရားခံရှေ့နေက ကန့်ကွက်နိုင်သည်။ **နှစ်ဖက်စလုံး ဥပဒေနှင့်အညီ လုပ်လျှင်** ပြဿနာမရှိ။ တရားသူကြီးကတော့ တာဝန်အရှိဆုံးဖြစ်ပေလိမ့်မည်။

ဘယ်သူ၊ ဘယ်သူကမှ တာဝန်မကျေလျှင်မူ ကြားထဲက အမှုသည် (သက်သေ) နစ်နာမည်။ ဥပဒေ အခွင့်အရေးရှိပါလျက် ဥပဒေကို အသုံးမချသည့် သဘောဖြစ်မည်။

အကျင့်စာရိတ္တ

သက်သေ၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ မေးခွန်းမေးခြင်းမှာလည်း အဓိကကျသည်။

အချို့က အကျင့်စာရိတ္တပျက်ယွင်းမှုအကြောင်း မေးမြန်းရာတွင် စိတ်ဒေါသထွက်အောင်၊ မခံချင်အောင်၊ မကြားဝံ့၊ မနာသာ မေးကြသည်။ ရိုင်းရိုင်းစိုင်းစိုင်း မေးကြသည်။ အမှုအတွက် သက်သေခံချက်ရဖို့ မေးသည်နှင့်မတူ။ ရန်သူနှင့် တူသည်။ အမှုအနိုင်အရှုံးထက် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု များသည်။ အမုန်းတရားဖန်တီးသည်။ လက်စားချေသည်။ မြင်မကောင်း၊ ရှုမကောင်း၊ ကြားမကောင်း။

"အချို့က အကျင့်စာရိတ္တပျက်ယွင်းမှုအကြောင်း မေးမြန်းရာတွင် စိတ်ဒေါသထွက်အောင်၊ မခံချင်အောင်၊ မကြားဝံ့၊ မနာသာ မေးကြသည်။ ရိုင်းရိုင်းစိုင်းစိုင်း မေးကြသည်။ အမှုအတွက် သက်သေခံချက်ရဖို့ မေးသည်နှင့်မတူ။ ရန်သူနှင့် တူသည်။ အမှုအနိုင်အရှုံးထက် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု များသည်။ အမုန်းတရားဖန်တီးသည်။ လက်စားချေသည်။ မြင်မကောင်း၊ ရှုမကောင်း၊ ကြားမကောင်း"

တရားရုံးမှာ ရန်ပွဲလာဖြစ်နေသလိုမျိုး၊ အမှန်တရားဖော်ထုတ်ရမည့်နေရာ။ ဥပဒေနှင့်အညီ ကျင့်သုံးရမည့်နေရာ။ ဂုဏ်သိက္ခာ မြင့်မားရမည့်နေရာ။ ငါးစိမ်းတန်းကဲ့သို့ ရိုင်းရိုင်းစိုင်းစိုင်း၊ ကြမ်းတမ်းခြင်းအသွယ်သွယ်၊ ဒေါသအသွယ်သွယ်နှင့် မလိုလားအပ်သော ဖြစ်စဉ်မျိုး မဖြစ်သင့်။ မဖန်တီးသင့်။

သက်သေ၏ ဂုဏ်ရည်

တရားရုံးမှာ သက်သေခံလာရသည့် ပြည်သူတွေ စိတ်ချမ်းသာပါစေ။ ဥပဒေနှင့်အညီ အခွင့်အရေးတွေ ရကြပါစေ။ ဥပဒေမဲ့ မလုပ်ကြပါနှင့်။ မခြိမ်းခြောက်ကြပါနှင့်။ မဟိန်းဟောက်ကြပါနှင့်။ ပုဂ္ဂိုလ်ရေးညစ်ပတ်မှု အစား ဥပဒေဘောင်ထဲက တည်တည်ငြိမ်ငြိမ် သက်သေပြုကြပါ။ သက်သေအခွင့်အရေးပေးကြပါ။ သက်သေခံဥပဒေနှင့်အညီ ဆောင်ရွက်ကြပါ။ ဤသို့ ကျွန်တော် မေတ္တာရပ်ခံလိုသည်။

အမှန်တရားထွက်ဆိုမည့် သက်သေအား (တစ်စုံတစ်ဦး၏ ပယောဂကြောင့်) အမှန်မထွက်ရဲဘဲ တလွဲမဖြစ်ပါစေနှင့်။ အမှန်ကို အမှားမလုပ်သင့်။ အမှားကိုလည်း အမှန်မလုပ်သင့်။

တရားရုံးရှေ့လိမ်ညာသည့် သက်သေနှင့် အမှန်ထွက်မည့်သက်သေ

တရားရုံးလိမ်ညာသည့်သက်သေနှင့် အမှန်တရားကို ထွက်သည့်သက်သေ မတူညီပါ။ မလိမ်အောင် မညာအောင်၊ အမှန်ထွက်အောင် ဝိုင်းလုပ်ကြပါ။ ကြိုးပမ်းကြပါ။ ဥပဒေနှင့်ထိန်းကြပါ။ မှားအောင်၊ ယွင်းအောင် တိမ်းစောင်းအောင် မလုပ်မိကြပါစေနှင့်။ ဤသို့ရေးချင်သည်။

"လိမ်မှ စားရသည်။ မုသားမပါ၊ လင်္ကာမချော" ဟု တချို့က ပြောကြသည်။ **ဒီလောက်တော့ရှိမှာပေါ့** ဟု ဆိုသူလည်းရှိသည်။ ဘယ်လို သုံးသပ်လက်ခံကြမည်လဲ။

စေတနာ

ကျွန်တော်လူငယ်ရှေ့နေ၏ မေးခွန်းကို ဖြေကြည့်တာပါ။

(သဘောထားကွဲလွဲမှုရှိနိုင်ပါသည်) မည်သို့ပင်ဖြစ်စေ၊ အသရေယုတ်စေသော မေးခွန်းများ အကြောင်းကို ဥပဒေနှင့်အညီ မေးမြန်းသင့်ကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာပါ...။ ။

နိုင်ငံတကာနဲ့ အဆက်မပြတ်ဖွံ့ဖြိုး တိုးတက်နေတဲ့ နည်းပညာတွေကို လက်လှမ်းမီဖို့ အတွက်ဆိုရင် သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်

ပါမောက္ခဌာနမှူး ဒေါက်တာ သဲမောင်မောင်

ကျောင်းသူ ကျောင်းသားများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသည်နှင့် ပတ်သက်သည့် စကားဝိုင်း

ကျောင်းသူ ကျောင်းသားများ သုတေသနလုပ်ဆောင်သည့်အခါ မည်သို့လုပ်ဆောင်နေသလဲနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် (အထက ၁၁) ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုး၊ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခဒေါက်တာနီနီသန်း၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီ၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်း ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ် မောင်းသူမဲ့ လေယာဉ်သုတေသနဌာန ပါမောက္ခဌာနမှူး ဒေါက်တာ သဲမောင်မောင် တို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။

ကျောင်းအုပ်ကြီး
ဒေါက်တာ သန်းထိုက်စိုး

ပါမောက္ခချုပ်
ဒေါက်တာ သိင်္ဂီ

ပါမောက္ခဌာနမှူး
ဒေါက်တာ သဲမောင်မောင်

ပါမောက္ခ
ဒေါက်တာ နီနီသန်း

ဒုတိယညွှန်ကြားရေးမှူးချုပ်
ဒေါက်တာ သန်းသန်းဝင်း

ဒုတိယညွှန်ကြားရေးမှူးချုပ်
ဒေါက်တာ ဖြူဖြူဝင်း

ဇန်နဝါရီ ၂၀ ရက်နေ့မှအဆက်

အစီအစဉ်မှူး။ ။ **သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနအနေနဲ့ အခြေခံပညာကနေ တက္ကသိုလ်အဆင့်အထိ ကျောင်းသား ကျောင်းသူတွေ သုတေသနလုပ်ငန်းတွေ လုပ်ကိုင်နိုင်အောင် ဘယ်လိုမျိုးတွေ ပံ့ပိုးကူညီပေးနေသလဲဆိုတာကိုလည်း ဆွေးနွေးပေးပါဦး။**

ဒေါက်တာဖြူဖြူဝင်း။ ။ အခြေခံပညာအထက်တန်းကျောင်းတွေမှာ ရှိတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် သူတို့ စိတ်ဝင်စားနိုင်တဲ့သုတေသနလုပ်ငန်းတွေကို သိပ္ပံဆိုင်ရာပြပွဲတွေမှာ သွားရောက်ပြသပြီးတော့ သူတို့ရဲ့ စူးစမ်းချင်တဲ့စိတ်တွေကို မြှင့်တင်ပေးတာတွေ ဆောင်ရွက်ပေးပါတယ်။ တက္ကသိုလ်အဆင့်မှာတော့ ကျွန်မတို့ဌာနက ပံ့ပိုးပေးတာ အများကြီးရှိပါတယ်။ နည်းပညာတက္ကသိုလ်တွေရော၊ ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်တွေရော တက္ကသိုလ်အသီးသီးမှာ ပထမနှစ်ကနေစပြီးတော့ နောက်ဆုံးနှစ်အထိ ကျောင်းသား ကျောင်းသူတွေဟာ ကျွန်မတို့ဌာနမှာ သူတို့ရဲ့သုတေသနတွေ စူးစမ်းဖို့ဆိုပြီး လာရောက်လေ့လာတာ ရှိပါတယ်။ နောက်ဆုံးနှစ်မှာလုပ်ရတဲ့ နှစ်လကနေ သုံးလအထိ လုပ်ရတဲ့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ပြီး လက်တွေ့လာလုပ်တာရှိပါတယ်။ သူတို့ရဲ့ PHD နဲ့ မဟာဘွဲ့တွေအတွက်ကိုလည်း ကျွန်မတို့ဆီမှာ သုတေသနကျမ်းပြုတာတွေ လာလုပ်တာရှိပါတယ်။ ဆရာမတို့က ဘာကြောင့် ဒါတွေလုပ်လဲဆိုရင် တက္ကသိုလ်တွေနဲ့ MoU ထိုးထားပါတယ်။ MoU ထိုးထားတဲ့အတွက်၊ သူတို့ရဲ့မဟာဘွဲ့တွေအတွက် ကျမ်းပြုဖို့အတွက် ကျွန်မတို့ဌာနမှာ သုတေသနဆောင်ရွက်လို့ရသလို ကျွန်မတို့ ဌာနမှာရှိတဲ့ စက်ပစ္စည်းကိရိယာတွေနဲ့လည်း သူတို့ကို ဓာတ်ခွဲစမ်းသပ်တာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်။

အစီအစဉ်မှူး။ ။ **University Research Institute ပူးပေါင်းလုပ်ကိုင်ရတဲ့ ရည်ရွယ်ချက်ရယ်။ သုတေသနလုပ်မယ့် ဆရာဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေရရှိမယ့် အကျိုးကျေးဇူးတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးပါဦး။**

ဒေါက်တာဖြူဖြူဝင်း။ ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် နည်းပညာက အလွန်အရေးကြီးပါတယ်။ နည်းပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင်လည်း သုတေသနနှင့် ဆန်းသစ်တီထွင်မှုတွေ ဆောင်ရွက်ဖို့ လိုလာတယ်။ ဒါတွေ ဆောင်ရွက်တဲ့အခါမှာ တက္ကသိုလ်တွေ၊ သုတေသနဌာနတွေ၊ စက်မှုလုပ်ငန်းတွေရော ပူးပေါင်းပြီးတော့ ဆောင်ရွက်ဖို့ လိုလာပါတယ်။ ဒါကြောင့် URI Collaboration ဆိုပြီး လုပ်ခြင်းအားဖြင့် တက္ကသိုလ်မှာရှိတဲ့ ပါမောက္ခတွေ၊ ဆရာမတို့ဆီက သုတေသီတွေ၊ ပညာရှင်တွေ၊ ကုန်ထုတ်လုပ်ငန်းရှင်တွေရောဟာ နိုင်ငံ့အကျိုးပြု သုတေသနလိုလုပ်ငန်းတွေ၊ သူတို့ရဲ့နိုင်ငံတကာ ဈေးကွက်ကိုထိုးဖောက်မယ့် စီးပွားရေးလုပ်ငန်းတွေနဲ့ လိုအပ်တဲ့ နည်းပညာတွေကို ဆရာမတို့က ပူးပေါင်းဆောင်ရွက်လိုက်တဲ့အတွက် သုတေသနလုပ်တဲ့အခါမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ ကုန်ကျစရိတ်တွေ၊ သုတေသနအသုံးစရိတ်တွေ၊ စက်ပစ္စည်းကိရိယာအတွက် လိုအပ်တဲ့စရိတ်တွေ လျှော့ချနိုင်တယ်။ သုတေသနလုပ်ငန်းတွေကို လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်တဲ့အတွက် အဲဒီအတွက်ရည်ရွယ်ပြီး URI Collaboration ကို လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ဖန်တီးနိုင်မှုမြင့်လာမယ်

ဒီလို URI Collaboration လုပ်တဲ့အတွက်ကြောင့် ကျောင်းသူ ကျောင်းသားများအနေနဲ့က သူတို့ဟာ တက္ကသိုလ်ပါမောက္ခတွေရယ်၊ သုတေသနပညာရှင်တွေ၊ ပူးပေါင်းဆောင်ရွက်ရတဲ့အတွက်ကြောင့် အများနဲ့ပူးပေါင်းဆောင်ရွက်တဲ့ Team Work ။ စွမ်းဆောင်ရည်တွေ မြင့်တက်လာနိုင်တယ်။ သူတို့ရဲ့ သုတေသနအတွက်လိုအပ်တဲ့ Information တွေ။ ဒီသတင်းအချက်အလက်တွေ ရှာဖွေတဲ့စိတ်တွေ ပိုပြီးတော့ စွမ်းဆောင်ရည်မြင့်လာမယ်။ သူတို့ရဲ့ Idea တွေ၊ ဖန်တီးနိုင်မှုတွေလည်း မြင့်တက်လာမယ်။ သူတို့ကိုယ်သူတို့လည်း လက်တွေ့လုပ်ဆောင်တဲ့အတွက် အကျိုးကျေးဇူးတွေရလာတာ သိလာတဲ့အခါကျရင် သူတို့ဟာ အပြင်မှာလည်း တကယ့်အတွေ့အကြုံကောင်းတွေရလာတဲ့အတွက် သူတို့ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိလာနိုင်တယ်။ နောက်ပြီးတော့ တက္ကသိုလ်ဆရာ ဆရာမများအနေနဲ့ သူတို့ရဲ့သုတေသနစွမ်းဆောင်ရည်တွေလည်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုပြီးမြင့်မားလာမယ်။ နိုင်ငံတကာအဆင့်မီတဲ့ သုတေသနစာတမ်းတွေကို ဖတ်ကြားနိုင်မယ်။ ရေးသားလာနိုင်မယ်။ သူတို့ရဲ့ သုတေသနလုပ်ခြင်းအားဖြင့် မူပိုင်ခွင့်တွေ ရရှိလာနိုင်မယ်။ ဒါကြောင့်မို့ တက္ကသိုလ်တစ်ခုရဲ့အဆင့်အတန်းလည်း မြင့်တက်လာနိုင်မယ်ဆိုတဲ့ အကျိုးကျေးဇူးတွေရလာနိုင်ပါတယ်။

သုတေသနလုပ်ငန်းတွေ ပံ့ပိုးပေးနိုင်

ကျွန်မတို့ဌာနကနေ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေအတွက် ပံ့ပိုးပေးနိုင်တဲ့ သုတေသနလုပ်ငန်းတွေက ဘာတွေလဲဆိုရင် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာဖြစ်တဲ့ လေစွမ်းအင်၊ Solar၊ Bio Gas ထုတ်တာတို့ ဘက်ထရီတည်ဆောက်ပြီး မီးထွန်းတာမျိုးတွေလည်း ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ အဲဒီအပြင် အီလက်ထရွန်နစ်နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းတွေကိုလည်း ကူညီပံ့ပိုးပေးနိုင်ပါတယ်။ နောက်ပြီး ဓာတုဗေဒအခြေခံသော စိုက်ပျိုးရေးထွက်ကုန်တွေဖြစ်တဲ့ စားသောက်ကုန်ပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ ဆေးဖက်ဝင်အပင်တွေနဲ့ သုတေသနဆောင်ရွက်တာတွေလည်း ကျွန်မတို့ ကူညီနိုင်ပါတယ်။ ဝါးအလေအလွင့်၊ သစ်အလေအလွင့်ပစ္စည်းတွေကနေ Composis ထုတ်တာတွေလည်း ကူညီပေးနိုင်ပါတယ်။ Nano နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းတွေကိုလည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် စက်ပစ္စည်းတွေရော၊ သုတေသနလုပ်ငန်းတွေမှာရော ကျွန်မတို့က ကူညီပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ အခြေခံပညာအထက်တန်းအဆင့်ကျောင်းသား ကျောင်းသူတွေအတွက်ဆိုရင် ဆရာမတို့ဌာနကနေ ဘယ်လိုတွေ ကူညီပံ့ပိုးပေးနိုင်လဲဆိုရင် သူတို့ရဲ့ Curriculum မှာ ပါတဲ့ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒတို့နဲ့ပတ်သက်တဲ့ လက်တွေ့လုပ်ဆောင်ချက်လေးတွေ၊ Equipment တွေ ကူညီပံ့ပိုးပေးနိုင်ပါတယ်။ စဉ်းစားတွေးခေါ်ချင်တဲ့ စိတ်တွေကို မြှင့်တင်ပေးဖို့အတွက် သိပ္ပံပရောဂျက်တွေ၊ သုတေသနလုပ်ငန်းတွေမှာလည်း ဒီကျောင်းသားကျောင်းသူတွေအတွက်ကို လက်တွေ့ပြသတာမျိုးတွေ ကူညီပံ့ပိုးပေးနိုင်ပါတယ်။

> “ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနအနေနဲ့ကတော့ မောင်းသူမဲ့လေယာဉ်တွေကို ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲပြီးတော့ မောင်းသူမဲ့လေယာဉ်အမျိုးအစား ခုနစ်မျိုးကို တည်ဆောက်ပြီး အောင်မြင်စွာနဲ့ အကျိုးပြုလုပ်ငန်းတွေဆောင်ရွက်လျက်ရှိ ”

အစီအစဉ်မှူး။ ။ **ဟုတ်ကဲ့ပါ။ သုတေသနလုပ်ငန်းတွေကို တက္ကသိုလ်အဆင့်ကနေ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေအထိ ဘယ်လိုမျိုးဆောင်ရွက်ရမလဲဆိုတာ ဆွေးနွေးပေးပါဦး။**

ဒေါက်တာသဲမောင်မောင်။ ။ သုတေသနလုပ်ငန်းတွေကို တက္ကသိုလ်အဆင့်ကနေ နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ဆိုရင် ရှေ့က ဆရာကြီး ဆရာမကြီးတွေ ဆွေးနွေးခဲ့တဲ့ သုတေသနလုပ်ငန်းဆောင်ရွက်ရာမှာ လိုအပ်ချက်တွေ၊ ကြိုးစားဆောင်ရွက်ရမယ့်ပုံစံတွေ၊ နိုင်ငံတကာနဲ့ ဆိုင်တဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေကို ဆွေးနွေးတင်ပြခဲ့ပါတယ်။ အဲဒီ အချက်အလက်တွေအတိုင်း ကြိုးစားဆောင်ရွက်ရမှာဖြစ်ပြီးတော့ တက္ကသိုလ်မှာရှိတဲ့ ဆရာမတွေကနေပြီးတော့ ပထမဆုံး သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီမှာ ကျောင်းသားကျောင်းသူတွေက ပူးပေါင်းပါဝင်ပြီးတော့ လွတ်လပ်စွာ တီထွင်ဖန်တီးခွင့်တွေ၊ တွက်ချက်ပြီးတော့ နှိုင်းယှဉ်လေ့လာချက်တွေနဲ့ လက်တွေ့တည်ဆောက်မှုလုပ်ငန်းတွေကနေ စတင်ပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ သုတေသနခေါင်းစဉ်တွေကို ရွေးချယ်ရာမှာလည်း ရှေ့က ဆရာ ဆရာမကြီးတွေ ဆွေးနွေးခဲ့သလိုပဲ နိုင်ငံအတွက် လိုအပ်တဲ့အကျိုးပြုလုပ်ငန်းတွေဆောင်ရွက်နိုင်တဲ့ သုတေသနခေါင်းစဉ်တွေ၊ ဒေသန္တရအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ့် သုတေသနခေါင်းစဉ်တွေကို ရွေးချယ်ရမှာဖြစ်တဲ့အပြင် နိုင်ငံတကာနဲ့ အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေတဲ့ နည်းပညာတွေကို လက်လှမ်းမီဖို့အတွက်ဆိုရင်လည်း မျက်ခြည်မပြတ်သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အကျိုးပြုလုပ်ငန်းတွေမှာ ဆောင်ရွက်လျက်ရှိ

နောက်တစ်ခုကတော့ သုတေသနဆိုင်ရာလုပ်ငန်းအတွက် ခေါင်းစဉ်တွေရွေးချယ်တဲ့အခါမှာလည်း ဘက်ပေါင်းစုံပြည့်စုံတဲ့ သုတေသနခေါင်းစဉ်တစ်ခုဖြစ်ဖို့ဆိုရင် အထူးပြုဘာသာရပ်တစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ မိမိတက္ကသိုလ်မှာရှိတဲ့၊ အခြားဌာနတွေမှာရှိတဲ့ အထူးပြုဘာသာရပ်တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဘက်ပေါင်းစုံပြည့်စုံတဲ့ သုတေသနတစ်ခုဖြစ်ပြီးတော့ နိုင်ငံအကျိုးပြုလုပ်ငန်းတွေဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာနအနေနဲ့ကတော့ မောင်းသူမဲ့လေယာဉ်တွေကို ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲပြီးတော့ မောင်းသူမဲ့လေယာဉ်အမျိုးအစား ခုနစ်မျိုးကို တည်ဆောက်ပြီး အောင်မြင်စွာနဲ့ အကျိုးပြုလုပ်ငန်းတွေဆောင်ရွက်လျက်ရှိပါတယ်။ အင်ဂျင်ပါဝင်တပ်တဲ့ မောင်းသူမဲ့လေယာဉ်တွေ၊ Survey တိုင်းတာနိုင်တဲ့ မောင်းသူမဲ့လေယာဉ်တွေ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် အသုံးချနိုင်တဲ့ ဆေးဖျန်းသုံးမောင်းသူမဲ့လေယာဉ်တွေ၊ စိုက်ပျိုးရေးရဲ့ သီးပင်တွေကို လေ့လာနိုင်တဲ့ ကင်မရာတပ်ဆင်ထားတဲ့ မောင်းသူမဲ့လေယာဉ် အမျိုးအစားတွေကို တီထွင်စမ်းသပ်တည်ဆောက်ပြီးတော့ အကျိုးပြုလုပ်ငန်းတွေမှာ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ သုတေသနဌာနအနေနဲ့ကတော့ ဝန်ကြီးဌာနရဲ့ အားပေးမှုနဲ့အတူ ဆောင်ရွက်လာတာဆိုရင် မြန်မာနိုင်ငံမှာ ပထမဆုံးမောင်းသူမဲ့စနစ်နဲ့ မိုင် ၂၀ ကို စမ်းသပ်မောင်းနှင်ပျံသန်းနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကနေစပြီးတော့ အကျိုးပြုလုပ်ငန်းတွေနဲ့

စာမျက်နှာ ၂၁ သို့

မြစ်ဝကျွန်းပေါ်ဒေသ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် သောင်တူးဖော်ရေး လုပ်ငန်းများကို မိုးမကျမီ အပြီးဆောင်ရွက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြစ်ပေါ်နေသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် သောင်တူးဖော်ရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရရန်ပုံငွေအပြင် တိုင်းဒေသကြီး အစိုးရရန်ပုံငွေတို့ဖြင့် မိုးရာသီမတိုင်မီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသက မြစ်ချောင်းတွေဟာ ကွေ့ကောက်ပြီးစီးဆင်းနေတာ များတယ်။ ဒီအပေါ်မှာသဲနုန်းအနည်ထိုင်မှုများပြီး မြစ်ရဲ့တစ်ဖက်ကမ်းမှာသဲသောင်ဖြစ်ထွန်းတယ်။ အခြားတစ်ဖက်ကမ်းမှာက ကမ်းပါးရေတိုက်စားပြီး ကမ်းပါးပြိုတယ်။ ကမ်းပါးလျှောစောက်တွေကလည်း မတ်စောက်ပြီး သဲနုန်းဆန်တဲ့ မြေအမျိုးအစားတွေဖြစ်တာကြောင့် ကမ်းပါးပြိုကျမှုတွေက နှစ်စဉ်လိုလိုဖြစ်ပေါ်နေပါတယ်။ ဒါကိုပြည်ထောင်စု အစိုးရရန်ပုံငွေရော၊ တိုင်းဒေသကြီး အစိုးရရန်ပုံငွေတွေနဲ့ပါ အခုလာမယ့် မိုးရာသီမတိုင်မီ အပြီးဆောင်ရွက်ပေးသွားဖို့ စီစဉ်နေပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးက ပြောသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေကျပ်သန်း ၅၅၀၀ ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် ပုသိမ်ခရိုင်တွင် လုပ်ငန်းခြောက်ခု၊ ဟင်္သာတခရိုင်တွင် လုပ်ငန်း ခုနစ်ခု၊ မြောင်းမြခရိုင်တွင် လုပ်ငန်း သုံးခု၊ မအူပင်ခရိုင်တွင် လုပ်ငန်းရှစ်ခု၊ ဖျာပုံခရိုင်တွင်လုပ်ငန်း နှစ်ခု၊ လပွတ္တာခရိုင်တွင် လုပ်ငန်းတစ်ခုနှင့် တိုင်းဒေသကြီးအတွင်း မိုးရာသီဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်ကာကွယ်ရေး လုပ်ငန်းတစ်ခုအပါဝင် စုစုပေါင်း

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းလုပ်ဆောင်နေစဉ်။

လုပ်ငန်း ၂၈ ခု ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအတွက် တင်ဒါခေါ်ယူသည့်လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး မိုးရာသီ(သို့) ရေများ ရာသီမတိုင်မီ လုပ်ငန်းများ ပြီးစီးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဆက်လက်၍ ၂၀၁၈- ၂၀၁၉ ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၉၄၁ သန်းဖြင့် မအူပင်ခရိုင်တွင် လုပ်ငန်းသုံးခုဖြစ်သော ဓနုဖြူမြို့နယ် မရမ်းချောင်းကျေးရွာအနီး ရေလမ်းကောင်းမွန်ရေးသောင်တူးဖော်ခြင်းနှင့် အထောက်အကူပြု ရေကာတာများ တည်ဆောက်ခြင်းအတွက် ငွေကျပ်သန်း ၂၂၀ အသုံးပြုသွားမည်ဖြစ်သည်။ မအူပင်ခရိုင် ဓနုဖြူမြို့နယ် စံကင်းကျေးရွာရေလမ်းကောင်းမွန်ရေး သဲသောင် တူးဖော်ခြင်းအတွက် ငွေကျပ် ၂၇၅ သန်း၊ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားရေလမ်းကောင်းမွန်ရေးအတွက် ရေလွှဲရေကာတာ တည်ဆောက်ခြင်း ငွေကျပ်သန်း ၁၅၀၊ ဟင်္သာတခရိုင်တွင် လုပ်ငန်းတစ်ခုဖြစ်သော ဟင်္သာတခရိုင် ဇလွန်အိုးဘို- ဒေါင်ကြီး ရေလမ်းကောင်းမွန်ရေး သဲသောင်တူးဖော်ခြင်းအတွက် ငွေကျပ် ၂၉၆ သန်းတို့ဖြင့် အကုန်အကျခံကာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ-မျိုးကြီး

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ပဲခူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၄ ခရိုင် အသက် ၂၅ နှစ်နှင့်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ပဲခူးမြို့ ဟံသာဝတီ ယူနိုက်တက် အားကစားကွင်း၌ ယမန်နေ့က ကျင်းပသည်။ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပဲခူးခရိုင်အသင်းနှင့် ပြည်ခရိုင်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးခရိုင်ဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမရရှိသော ပဲခူးခရိုင်အသင်းအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က တံခွန်စိုက်ဆုဖလားနှင့်ငွေသားဆု ငွေကျပ်လေးသိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သန်းလွင်

ရွှေစက်တော် ရွှေသမင်ဘေးမဲ့ဥယျာဉ်ကို ဘုရားပွဲတော်မတိုင်မီ ဖွင့်လှစ်မည်

မင်းဘူး ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော် ဘုရားအဝင်ရှိ ရွှေသမင် ဘေးမဲ့ဥယျာဉ်ကို ဘုရားဖူးလာပြည်သူများ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် ဘုရားပွဲတော်အမီ ကြိုတင်ပြင်ဆင်မှုများပြုလုပ်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော် ဂေါပကအဖွဲ့မှ သိရသည်။

ရွှေသမင်ဘေးမဲ့ဥယျာဉ်ကို မန်းရွှေစက်တော် သုံးမိုင်လမ်းရှိ လှေတင်တံတား အနောက်ဘက်တွင် ဆောက်လုပ်ထားရှိပြီး ဘုရားပွဲတော်လာပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန် လွန်ခဲ့သော ရှစ်နှစ်ခန့်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ရွှေသမင်ဘေးမဲ့ဥယျာဉ်တွင် ရွှေသမင် အထီး ၁၀ ကောင်၊ အမ ၁၁ ကောင်နှင့် ချေတစ်ကောင်တို့ကို မွေးမြူထားရှိ သည်။ ရွှေသမင်ဘေးမဲ့ဥယျာဉ်တွင် ရွှေသမင်များကို ကျွေးမွေးစောင့်ရှောက်ရန် ဝန်ထမ်းများထားရှိပြီး ရွှေသမင်များကို ကျန်းမာရေးစောင့်ရှောက်မှုကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆရာဝန်များက လာရောက်ဆောင်ရွက်ပေးကြောင်း သိရသည်။

"ရွှေသမင်ဘေးမဲ့ဥယျာဉ်က ရွှေစက်တော်ဘုရားအဝင်ကားလမ်းဘေးမှာရှိတာကြောင့် ဘုရားဖူးလာကြတဲ့ ပြည်သူတွေက အပန်းဖြေရင်း နေ့စဉ်ဝင်ရောက်ကြည့်ရှုကြပါတယ်။ ဒီရွှေသမင်လေးတွေက ရွှေစက်တော် ဘေးမဲ့ကြိုးဝိုင်းအတွင်းမှာ ကြီးပြင်းပေါက်ဖွားတဲ့ ရှားပါးတဲ့ ရွှေသမင်မျိုးစိတ်ဖြစ်ပါတယ်။ အရင်တုန်းကတော့ ရွှေသမင်တွေ အများကြီးရှိခဲ့ပေမယ့် ခိုးယူသတ်ဖြတ်စားသောက်တာတွေကြောင့် တဖြည်းဖြည်း လျော့နည်းလာလို့ သေချာ ပြုစုထိန်းသိမ်း စောင့်ရှောက်နေရတာပါ။ အဲဒါကြောင့် ရွှေစက်တော်ဘေးမဲ့တောအတွင်း ရွှေသမင်များကို အမဲလိုက်ခြင်း၊ သတ်ဖြတ်ခြင်းကို တွေ့ရှိပါက သစ်တောဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း သတိပေး ဆိုင်းဘုတ်များနဲ့ ကြော်ငြာထားပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

ရွှေစက်တော်ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်မှ ဧပြီ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာသော ပြည်သူများသည် ရွှေစက်တော်ဘုရားကို ကြည်ညိုဖူးမြော်ရင်း စိတ်အပန်းဖြေရန် ရွှေသမင်ဘေးမဲ့ဥယျာဉ်သို့လည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မေသူလွင်(မကွေး)



ရွှေသမင်ဘေးမဲ့ဥယျာဉ်အတွင်းမှ သမင်များ

စာမျက်နှာ ၂၀ မှ

လျှပ်စစ်ဝန်ကြီးဌာနအတွက် လိုအပ်တဲ့ ၅၀၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်မှု တောင်ငူကနေ ဘုရားကြီး ၁၉၂ ကီလိုမီတာအကွာအဝေးကို မောင်းသူမဲ့လေယာဉ် ပျံသန်းပြီး ကောင်းကင်ဓာတ်ပုံရိုက် Servey တိုင်းတာပြီး မြေပုံထုတ်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ မောင်းသူမဲ့လေယာဉ်နဲ့မြေပုံထုတ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်တဲ့ဟာက နည်းပညာအသစ်ဖြစ်ပြီးတော့ နိုင်ငံမှာလည်း မောင်းသူမဲ့လေယာဉ်တွေ အသုံးချပြီးတော့ Detail တွေ၊ Mapping တွေ ထုတ်လုပ်လျက်ရှိပါတယ်။ ပုံမှန်အားဖြင့် လူနဲ့တိုင်းတာမယ်ဆိုရင်တော့ ရရှိလာမယ့်မြေပုံတွေဟာ တိကျမှုနည်းမယ်၊ ကုန်ကျစရိတ်တွေများမယ်၊ လူအင်အားတွေ အများကြီးအသုံးချရမှာ ဖြစ်ပါ တယ်။ အချိန်တွေလည်း ကုန်မှာဖြစ်ပါတယ်။ မောင်းသူမဲ့လေယာဉ်တွေ အသုံးချပြီးတော့ မြေပုံတိုင်းတာတဲ့အခါမှာ အချိန်တိုအတွင်းမှာပဲ တိကျတဲ့ Detail တွေ၊ Mapping တွေ ရရှိမှာ ဖြစ်ပါတယ်။ ဒီနည်းပညာအသစ်တွေကိုလည်း တီထွင်ပြီး စမ်းသပ်ပြီးတော့ အကျိုးပြုလုပ်ငန်းတွေမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၆ ပုဂံငလျင်မှာ ဆိုရင်လည်း ပုဂံ-ညောင်ဦးဧရိယာကြီး တစ်ခုလုံးကို သာသနာရေးဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနကို အကူအညီတောင်းပြီး ကျွန်တော်တို့တက္ကသိုလ်ကနေ သွားရောက်ပြီးတော့ Survey တိုင်းတာခြင်း၊ Damage Assessment လုပ်ငန်းတွေအတွက်၊ World Heritage လုပ်ငန်းတွေအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း INGO အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီးတော့ FAO နဲ့ ပူးပေါင်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် မောင်းသူမဲ့လေယာဉ်လေးစင်း တည်ဆောက်ပြီးတော့ Survey တိုင်းတာခြင်းနဲ့ သီးနှံဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် တည်ဆောက်ပြီး သင်တန်းပေးတာတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းတွေမှာလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ FAO နဲ့ ညှိပြီး ကျွန်တော်တို့ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး စတဲ့ ရေဘေးသင့်ဒေသတွေ၊ မြေပြိုတဲ့ ဒေသတွေမှာ မောင်းသူမဲ့ လေယာဉ်အသုံးချပြီးတော့ Damage Assessment လုပ်တဲ့ လုပ်ငန်းတွေနဲ့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေမှာ မောင်းသူမဲ့လေယာဉ်တွေကို အသုံးချပြီးတော့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆောက်လုပ်ရေး ဝန်ကြီးဌာနအတွက်လည်း တံတားတည်ဆောက်ရေးလုပ်ငန်းတွေ၊ လမ်းအူကြောင်းရှာဖွေရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လက်ရှိဆောင်ရွက်နေတာကတော့ မန္တလေး စည်ပင်သာယာရေး ကော်မတီကနေပြီးတော့ ပညာရေးဝန်ကြီးဌာနကို အကူအညီတောင်းခံမှုနဲ့ မန္တလေးတစ်မြို့လုံး ဧက ၄၈၀၀၀ ကျော်ကို မောင်းသူမဲ့လေယာဉ်အသုံးချပြီးတော့ မြေပုံထုတ်ပါတယ်။ မြေပုံထုတ်ပြီးရရှိလာတဲ့ မြေပုံကနေ တစ်ဆင့် စည်ပင်သာယာနဲ့ဆိုင်တဲ့အချက်အလက်တွေ၊ ရေသွင်းရေထုတ်နဲ့ ဆိုင်တဲ့အချက်အလက်တွေ၊ Smart City နဲ့ ဆိုင်တဲ့ အချက်အလက်တွေ၊ e-Government နဲ့ဆိုင်တဲ့အချက်အလက်တွေ ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်အဆင့် သုတေသနလုပ်ငန်းတွေကနေ တစ်ဆင့် အကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ရှေ့က ဆရာ ဆရာမကြီးတွေ တင်ပြခဲ့သလို လိုအပ်တဲ့ ကြိုးစားဆောင်ရွက်မှုတွေကို အထူးကြိုးစား ဆောင်ရွက်ပြီးတော့ ရရှိလာမယ့် သုတေသနထုတ်ကုန်တွေကို နိုင်ငံ့အကျိုးပြုလုပ်ငန်းတွေအတွက် ကြိုးစားဆောင်ရွက်နေတာကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ရဲ့ သုတေသနလုပ်ငန်းတွေ၊ သုတေသနဆောင်ရွက်ထားတဲ့ မောင်းသူမဲ့ လေယာဉ်တွေကို အစိုးရဝန်ကြီးဌာနတွေအပြင် ပြည်တွင်း ပြည်ပအဖွဲ့အစည်း၊ ကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ PPP စနစ်နဲ့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေရှိပါတယ်။ ပရောဂျက်လုပ်ငန်းတွေကနေတစ်ဆင့်လည်း နိုင်ငံ့အတွက် ဘဏ္ဍာငွေများကို သုတေသနလုပ်ငန်းကနေပြီး ထည့်ဝင်ပေးနိုင်ခဲ့ပါတယ်။

အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ပါ။ ဒီကနေ့ဆွေးနွေးချက်တွေထဲကနေ ပြီးတော့ ဖြည့်စွက်ဆွေးနွေး လိုတာရှိရင်လည်း ဆွေးနွေးပေးပါဦး။

ဒေါက်တာသိင်္ဂီ။ ။ တက္ကသိုလ်အဆင့် တောင်မကဘဲနဲ့ အခြေခံကနေ စပြီးတော့ ကျောင်းသား ကျောင်းသူတွေအားလုံးအတွက် Eye Research Support Center ပေါ်ပေါက်လာစေချင်ပါတယ်။ နောက်တစ်ခုက ပြည်တွင်းကနေရရှိတဲ့ ရန်ပုံငွေတွေတင်မကဘဲ ပြည်ပကပါ သုတေသနရန်ပုံငွေတွေကို တောင်းခံလာနိုင်မယ့် Research ကော်မတီတွေကိုလည်း ဖွဲ့စည်းစေချင်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ သုတေသနလုပ်ငန်းတွေကနေ စုစုစည်းစည်းနဲ့ အင်ပြည့်အားပြည့် ဆောင်ရွက်နိုင်ဖို့ National Research Council လိုမျိုး ပေါ်ပေါက်လာစေချင်ပါတယ်။

အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ပါ။ ကျေးဇူးအထူးတင်ပါတယ်။

နိုင်လင်းကြည်

ထိုင်းနိုင်ငံ၏ အကြီးမားဆုံးစီးပွားရေးလုပ်ငန်းစုကြီးက မန္တလေး၌ ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်မည်

မန္တလေး ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံ၏ အကြီးမားဆုံး စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုက ၎င်း၏ နိုင်ငံတကာ အဆင့်မီ မော်တော်ဆိုင်ကယ်များကို မြန်မာနိုင်ငံအတွင်း မန္တလေးမြို့၌ တပ်ဆင် ထုတ်လုပ်၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်း၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေး နှင့် ဖြန့်ချိရေးလိုင်စင်ကို ခွင့်ပြုပေးလိုက်သည့်အတွက် Charoen Pokaphan (CP) Group က ကုမ္ပဏီကို မန္တလေးမြို့၌ ၂၀၁၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ထိုင်း၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းအစိတ်အပိုင်းများကို မှာယူ၍ မန္တလေးမြို့တွင် တပ်ဆင်ထုတ်လုပ် ရောင်းချသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက်က ပြုလုပ်သည့် အဆိုပါဆိုင်ကယ်ထုတ်လုပ်ဖြန့်ချိရေးနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲတွင် CPM ၏ မန်နေးဂျင်းဒါရိုက်တာက ပြောသည်။

"မော်တော်ဆိုင်ကယ်စီးတဲ့နေရာမှာ သွားလာဖို့တစ်ခုတည်းအတွက်သာမက ဖက်ရှင်ကျနမှု၊ သက်သောင့်သက်သာရှိမှုတွေကိုပါ ခံစားရစေဖို့ အပြောင်းအလဲတစ်ခုအနေနဲ့ ထုတ်လုပ်ခြင်းဖြစ်ပါတယ်၊ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ မော်တော်ဆိုင်ကယ်တွေကို ယုံကြည်စိတ်ချစွာနဲ့ လူတိုင်းစီးနင်းနိုင်ဖို့အတွက် သင့်တင့်မျှတတဲ့ ဈေးနှုန်းဖြစ်ရမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ မော်တော်ဆိုင်ကယ်များကို တပ်ဆင်ထုတ်လုပ်ရန် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မြေတစ်ဧကပေါ်၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်ထားပြီး Classy နှင့် Sawasdee ဟူ၍ အမျိုးအစားနှစ်မျိုး ထုတ်လုပ်မည်ဖြစ်ကာ အမျိုးအစားအပေါ်မူတည်၍ ကျပ်ကိုးသိန်းခွဲမှ ကျပ် ၁၂ သိန်းအတွင်း ဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မန္တလေး၌ထုတ်လုပ်မည့် CPM အမှတ်တံဆိပ် ဆိုင်ကယ်များ

ဆန်ဈေးကျနေစဉ် တစ်နှစ်စာအတွက်သိုလှောင်ထားရန် ငွေကြေးတတ်နိုင်သူများ ပြင်ဆင်နေ

ရန်ကုန် ဇန်နဝါရီ ၂၂

ယခုလပိုင်းတွင် ဆန်ဈေးကွက်အတွင်း ဆန်ဈေးနှုန်းများ ဈေးအနိမ့်ပိုင်းတွင်ရှိနေသလို ဆန်ခြောက်သွေ့မှု ရှိလာချိန်လည်းဖြစ်သဖြင့် ငွေကြေးတတ်နိုင်သူအချို့ အနေဖြင့် နှစ်စဉ်သိုလှောင်ထားတတ်သော တစ်နှစ်စာ စားသုံးမည့် ဆန်အတိုင်းအတာကို သိုလှောင်ထားရန် ပြင်ဆင်နေမှုများကို မြင်တွေ့လာရသည်။

ဆန်လှောင်သူများအနေဖြင့် မိမိတို့အိမ်သားများ တစ်နှစ်စာစားသုံး၍ ကုန်ကျမည့် ဆန်ပမာဏကို ပီပါများ၊ ပုံးများအတွင်း ထည့်သွင်းကာ အဖုံးအလုံပိတ်ထားကြပြီး စားသုံးမည့်အချိန်တွင်မှ တစ်ပုံးချင်း ထုတ်ယူလေ့ရှိသည်။ ဆန်ထည့်သွင်းခြင်းမပြုမီတွင် ပီပါများ၊ ပုံးများကို ဆေးကြော၍ နေရောင်အောက်တွင် ရက်အနည်းငယ်ထားပြီး အခြောက်ခံကြသည်။ ဂါလန် ၅၀ ဝင် ပီပါတစ်လုံးလျှင် ဆန်တစ်တင်းခွဲအိတ် လေးအိတ် ဝန်းကျင် ထည့်နိုင်ပြီး ဆန်ထည့်ပြီးချိန်တွင် လေလုံအောင် သေချာစွာပိတ်ရသည်။ လေမလုံပါက ဆန်ပိုး အမည်းသာမက ဆန်ပိုးရွှကောင်အဖြူများပါ ပါဝင်လာတတ်ကြောင်း သိရသည်။ ဆန်လှောင်သည့် စားသုံးသူအချို့အနေဖြင့် အဖုံးမပိတ်မီ မီးမွှေးသည့် ထင်းရှူးသားအနည်းငယ်ကို ဆန်ပုံးအတွင်းစိုက်ပြီးမှ လေလုံအောင် အဖုံးပိတ်ကြသည်။ အချို့ကမူ ကြက်သွန်ဖြူ အနည်းငယ်ကို ထိပ်ဖြတ်ပြီးထည့်ကာ အချို့ကလည်း ငရုတ်သီးတောင့် ထည့်တတ်သည်။ ထိုအနံ့များကြောင့် ဆန်ပိုး မတက်နိုင်ဟု သိရသည်။

ဆန်သစ်ပေါ်ချိန်တွင် ဆန်ဈေးနှုန်းသည် အနိမ့်တွင် ရှိတတ်၍ ထိုအချိန်တွင် မိမိအိမ်ထောင်စု တစ်နှစ်တာ စားသုံးကုန်ကျမည့်ဆန်ကို သိုလှောင်ထားခြင်းကြောင့် နှစ်လယ်နောက်ပိုင်းတွင် ကြုံရလေ့ရှိသော ဆန်ဈေး မြင့်တက်လာမှုကို ခံစားရခြင်းမျိုးမရှိဟု ဆန်လှောင်သူများက ဆိုသည်။

ငွေကြေးတတ်နိုင်သူအချို့သည် ဆန်သိုလှောင်မှုကို အစိုဓာတ်နည်းပြီး ခြောက်အားကောင်းသော တပေါင်းလတွင် ပြုလုပ်လေ့ရှိသည်။ သို့သော် တပေါင်းလမှာ နေ့အပူချိန်မြင့်၍ ဆန်ကြိတ်ခွဲရာတွင် အကျိုးအကြေများခြင်း ဖြစ်တတ်သဖြင့် တပေါင်းလမတိုင်မီကပင် ဆန်များကို ကြိုတင်ဝယ်ယူပြီး သိုလှောင်ရန် ပြင်ဆင်မှုများကို ယခုလကုန်ပိုင်းတွင် စတင်ပြုလုပ်လာကြခြင်း ဖြစ်ကြောင်းနှင့် ဆန်များသိုလှောင်ရာတွင် ပေါ်ဆန်း ဆန်ကိုသာ သိုလှောင်မှုများသည်ဟု လမ်းမတော် မြို့နယ်မှ ဆန်ရောင်းဝယ်သူတစ်ဦးထံမှ သိရသည်။

၂၀၁၈ နှစ်လယ်နောက်ပိုင်းက ရန်ကုန်ဈေးကွက်၌ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၆၃၀၀၀ ဝန်းကျင်၊ ပုသိမ်-မြောင်းမြပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၃၀၀၀ ဝန်းကျင်၊ နယ်စုံ မြစ်ဝကျွန်းပေါ်ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ ဝန်းကျင်၊ ပေါ်ကျွဲ တစ်အိတ်လျှင် ကျပ် ၄၄၀၀၀ ဝန်းကျင်နှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ခန့် ရှိခဲ့ပြီး ဆန်သစ်များထွက်ပေါ်ထားသည့် ယခုလပိုင်းတွင်မူ ရွှေဘိုပေါ်ဆန်းဆန်သစ် တစ်အိတ်လျှင် ကျပ် ၄၇၀၀၀၊ ပုသိမ်-မြောင်းမြပေါ်ဆန်းဆန်သစ် တစ်အိတ်လျှင် ကျပ် ၄၂၀၀၀၊ နယ်စုံပေါ်ဆန်းဆန်သစ် တစ်အိတ်လျှင် ကျပ် ၃၅၀၀၀ မှ ၃၈၀၀၀၊ ပေါ်ကျွဲ တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ နှင့် ဆန်ကြမ်း ငစိန် ဆန်သစ် တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ ခန့်သာ ဈေးရှိနေသည်ဟု ရန်ကုန်မြို့ရှိ ကုန်စည်ဒိုင် ဆန်ဈေးကွက်နှင့် မြို့လယ်ဆန်ဈေးကွက်မှသိရသည်။

ခင်ဆိုင်

ကျောင်းကုန်းမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေး ရှောင်တခင်စစ်ဆေး

ကျောင်းကုန်း ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေး အတွက် ရှောင်တခင် စစ်ဆေးခြင်းနှင့် ဖမ်းဆီးအရေးယူမှုများကို မြို့မရဲစခန်းက ဦးဆောင်၍ ဇန်နဝါရီ ၂၁ ရက်က အမှတ်(၂)ရပ်ကွက် ဆေးရုံလမ်းနှင့် မင်းလမ်းထောင့်၌ ဆောင်ရွက်ခဲ့သည်။

ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြရန်နှင့် ယာဉ်တိုက်မှုများတွင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းကြခြင်း ကြောင့် အသက်အန္တရာယ်ထိခိုက်မှုများ ရှိနေသဖြင့် ယခုလို စစ်ဆေးအရေးယူ ရခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးသည့်အဖွဲ့တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမင်းမင်းဖိုလ်၊ မြို့မ ရဲစခန်းမှူး ဒုရဲမှူးမောင်မောင်သန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ် မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့များ ပါဝင်ခဲ့ပြီး အသိပညာပေး လက်ကမ်း စာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း၊ စစ်ဆေးဖမ်းဆီးမှုအရ ဆိုင်ကယ်စီးစဉ် ဦးထုပ်မဆောင်းသူ ခြောက်ဦးအား ဖမ်းဆီးရမိ၍ ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်ကာ မြို့နယ်တရားရုံးသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းကုန်းမြို့တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာကြရေး အတွက် စစ်ဆေးအရေးယူမှုကို တစ်ပတ်လျှင်နှစ်ကြိမ် တနင်္လာနှင့် ဗုဒ္ဓဟူးနေ့တိုင်း ပြုလုပ်နေပြီး ပြီးခဲ့သည့် တနင်္လာနေ့က ၁၅ စီး ဖမ်းဆီးရမိခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။ **ဝင်းကြိုင် (ပြန်/ဆက်)**

ယာဉ်စည်းကမ်းစစ်ဆေးနေသော တာဝန်ရှိသူများ

ဥပဒေနှင့်ညီညွတ်မှုမရှိသည့် လူသုံးကုန်များကို ကျိုင်းတုံ၌ မီးရှို့ဖျက်ဆီး

ကျိုင်းတုံ ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်း စားသုံးသူအကာကွယ်ပေးရေးဥပဒေ ပုဒ်မ-၁၉(င)နှင့် (စ)အရ သိမ်းဆည်း အရေးယူခဲ့သည့် စားသောက်ကုန်နှင့် လူသုံးကုန်များကို ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဇန်နဝါရီ ၂၁ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ စားသုံးသူအကာကွယ်ပေးရေးဥပဒေနှင့် မညီညွတ်သောကြောင့် ၂၀၁၈ နိုဝင်ဘာ ၁၁ ရက်မှ ၂၀၁၉ ဇန်နဝါရီ ၂၁ ရက်အတွင်း သိမ်းဆည်းခဲ့သည့် စားသောက်ကုန်နှင့် လူသုံးကုန်များ (ကာလတန်ဖိုး ကျပ်ခြောက်သိန်းကျော်)ကို ကျိုင်းတုံမြို့ဘူတာဟောင်းအနီး၌ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ **ခရိုင် (ပြန်/ဆက်)**

သာစည်မြို့နယ်တွင် ဇန်နဝါရီလအတွင်း ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်မည်

သာစည် ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ဆင်ခြေထောက်ရောဂါ ကာကွယ်ရေး အတွက် ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အထိ ကာကွယ်ဆေးတိုက်ကျွေးသွားမည် ဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သော 'ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်း လုပ်ငန်း' မြို့နယ်အဆင့် အသိပေးရှင်းလင်းဆွေးနွေးပွဲမှ သိရသည်။

သာစည်မြို့နယ်အတွင်း ဆေးတိုက်ရာတွင် မြို့ပေါ်ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအုပ်စု ၈၀ တို့၌ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာလင်းထင်ကျော်က နိုင်ငံတော်မှမျှော်မှန်းထားသည့် ၂၀၂၀ ခုနှစ်တွင် တစ်နိုင်ငံလုံး ဆင်ခြေထောက် ရောဂါကင်းဝေးရေးအတွက် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေမှု အခြေအနေများနှင့် မြို့နယ်အတွင်း အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ အမှန်တကယ် ဆေးသောက်သင့်သူအားလုံး ဆေးသောက်နိုင်အောင် အားလုံး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြေစို-မုံတော ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးစိုးနိုင်က ဆင်ခြေထောက်ရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ရောဂါ လက္ခဏာများ၊ သန်ချဆေးပေါင်းတိုက်ကျွေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူး များ၊ ဆေးမသောက်သင့်သူများစသည့် လူကုန်ဆေးကျွေးခြင်းလုပ်ငန်း ဆောင်ရွက် ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေး သည်။ ဆက်လက်၍ ဆင်ခြေထောက်ရောဂါနှင့်ပတ်သက်သော ပညာပေးဗီဒီယိုကို ပြသပြီးနောက် ရောဂါကင်းဝေးရေးစီမံချက်နှင့်ပတ်သက်၍ တက်ရောက်လာသူ များ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အသိပေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံရေးပါတီဝင်များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ **ထွန်းထွန်း(သာစည်)**

တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့ အမှတ် (၁၊၂၊၃) ရပ်ကွက်နေ ဒေသခံမိဘပြည်သူ များ ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးပေါင်းတိုက်ကျွေးခြင်းနှင့် အသိပညာပေးခြင်းကို ဇန်နဝါရီ ၂၂ ရက်က နေအိမ်အရောက်ကွင်းဆင်းဆောင်ရွက် ခဲ့စဉ်။ ကရသူရီ (ပြန်/ဆက်)

မိဘမဲ့နှင့် ချို့တဲ့နွမ်းပါးသော ကလေးများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

သံတောင်ကြီး ဇန်နဝါရီ ၂၂

ကရင်ပြည်နယ်အတွင်း တောင်ပေါ်ဒေသဖြစ်သည့် သံတောင်ကြီးမြို့နယ် ဥသျှစ်ကုန်း ကျေးရွာ ရန်အောင်မြင်သာသနာပြုကျောင်းတိုက်ရှိ မိဘမဲ့နှင့် ချို့တဲ့နွမ်းပါး ကျောင်းသား ကျောင်းသူ ၅၀ ကျော်တို့အား တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လုနှင့် သမာဓိ မိသားစုက အာဟာရဒါန ကုသိုလ်ပြုခြင်းနှင့်အတူ ကော်ဖီမစ်နှင့် အချိုရည်များ၊ ထောက်ပံ့အလှူငွေများကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏထံသို့ ဇန်နဝါရီ ၂၀ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါကျောင်းကို ၁၉၈၄ ခုနှစ်တွင် တောများကိုရှင်းလင်း၍ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပညာဒါနအဖြစ် မူလတန်းနှင့် အလယ်တန်းအဆင့် တိုင်းရင်းသား ပေါင်းစုံ မိဘမဲ့နှင့် ချို့တဲ့နွမ်းပါး ကလေးများအား ပညာရေးနှင့် စားဝတ်နေရေး ကိစ္စ အဝဝအတွက် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိရာ သံတောင်ကြီးမြောက်ခြမ်းဒေသရှိ ကျေးရွာများမှ ကရင်ဖြူတိုင်းရင်းသား ကလေးများ အပါအဝင် လူမျိုးပေါင်းစုံ ချို့တဲ့နှင့် မိဘမဲ့ကလေးများအား စောင့်ရှောက်ပေးလျက်ရှိကြောင်းနှင့် ဆက်သွယ်လှူဒါန်း လိုသူများအနေဖြင့် ဖုန်း-၀၉-၇၉၇၄၇၉၄၉၁ နှင့် ၀၉-၆၉၄၀၆၆၄၉၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဝ၄၈**

ကလေးများအား အာဟာရဒါန ကျွေးမွေးလှူဒါန်းစဉ်။

အမည်မှန်

ဦးမြင့်ကြည်၏သား သန်လျင်မြို့နယ်၊ ရုံးသပြေကန်စံပြကျေးရွာ၊ အထက(ခွဲ) အဋ္ဌမတန်း(B)မှ မောင်ဆန်းလင်းထွန်း၏ အမည်မှန်မှာ မောင်အောင်ဆန်းလင်းထွန်း ဖြစ်ပါသည်။

မိဘအမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ)၊ ကော့ပနော တတိယတန်းမှ မင်းထက်လင်း၏ မိဘအမည်မှန်မှာ စောမုခိ ၃/ကကရ(နိုင်)၁၆၅၉၉၂နှင့် ဒေါ်အေးသန်း ၁၀/ကမရ(နိုင်) ၀၇၁၈၁၅ တို့ဖြစ်ပါသည်။

စောမုခိ- ဒေါ်အေးသန်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/6864 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/9780 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ မြေကွက်အမှတ် (၁၄၃)၊ ၀ဒသမ၀၂၈ဧက မြေကွက်တည်နေရာအမှတ်(၇)၊ ၃လမ်း၊ (၃)ရပ်ကွက်၊ နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဦးဇော်ဝင်း (ဘီအက်စ်အင်န်/ဒဗလျူ-၂၀၆၄၉၄) မြေအား အမည်ပေါက် ဦးဇော်ဝင်းသည် ၂-၉-၂၀၁၈ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါက်တာ ဒေါ်နှင်းနှင်းနွယ် ၁၂/ကမတ(နိုင်)၀၄၆၂၀၀က မိမိတစ်ဦးတည်းသာတရားဝင် ဇနီးတော်စပ်ကြောင်းနှင့် အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ၂၅-၉-၂၀၁၈ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာတစ်စောင်၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်းတို့ကို တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းများတွင် YGN WEEKEND MARKET ဖွင့်လှစ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် ရန်ကုန်တိုင်းဒေသကြီး တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီရုံးတွင် ၂၄-၁-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း တင်ဒါဖောင်များကို အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီး ၁၅-၂-၂၀၁၉ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဈေးနှုန်းနှင့်အချက်အလက်များ ပြည့်စုံစွာဖြင့် တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်၍ လုပ်ငန်းရှင်များသိရှိလိုသည့် အချက်အလက်များ ရှင်းလင်းပွဲကို ၁-၂-၂၀၁၉ရက် ညနေ ၃နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)တွင် ပြုလုပ်သွားမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါက်တာထွန်းမြင့်နှင့်ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်သန်းသန်းထွေး
အသက်(၅၄)နှစ်

၁၀-၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈း၅၃နာရီတွင် ကွယ်လွန်သွားသော ဒေါ်သန်းသန်းထွေး၏နာမကျန်းဖြစ်ချိန်မှ ကွယ်လွန်ချိန်ထိ စေတနာအပြည့်ဖြင့် အစစအရာရာ ဝိုင်းဝန်းကုသစောင့်ရှောက်ပေးခဲ့ကြသော ပင်လုံဆေးရုံကြီးမှ ဒေါက်တာဝမ်းမောင်၊ ဒေါက်တာဌေးဌေးကြည်၊ ဒေါက်တာမင်းဒင်၊ ဒေါက်တာစိုးညွန့်၊ ဒေါက်တာချောချောဝင်း၊ ဒေါက်တာမောင်မောင်ခင်၊ ဒေါက်တာဟယ်လင်၊ ဒေါ်အေမာအောင်နှင့် အနီးကပ်ပြုစုစောင့်ရှောက်ပေးပါသော Medical Ward(3)မှဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဝါဝါမဋ္ဌူ၊ အောင်ရတနာဆေးရုံမှ ဒေါက်တာဝင်းထွန်း၊ Bangkok Hospital မြန်မာပြည်ရုံးခွဲမှ ဆရာဝန်ကြီးများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး
ဒေါက်တာထွန်းမြင့်နှင့် ကျန်ရစ်သူမိသားစု

မွေးသက္ကရာဇ်အမှန်

ဟင်္သာတမြို့နယ်၊ ဇရပ်ကွင်းအုပ်စု၊ သဃ်န်းတောရွာနေ ဦးပါစတား၏ သမီးနော်စန်းသီတာအောင် ၁၄/ဟသတ(နိုင်)၃၃၉၀၅၈၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၇-၁၉၉၆ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 39W/26885 ယာဉ်အမည်ပေါက်သူ ဦးခင်မောင်ဝင်း ၉/စကတ(နိုင်)၀၂၈၀၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

ဦးမျိုးမြင့် (လူရှင်တော်ကင်းကောင်)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဩဘာလမ်း၊ အမှတ်၁၄နေ (ဦးစိုးဝင်း)-ဒေါ်သန်းမြင့်(MPPE, ငြိမ်း)တို့၏သားလတ်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၃၂နေ (ဦးကျင်ဖေ-ဒေါ်ခင်ဆုံ)တို့၏သားသမက်၊ ဒေါ်အေးအေးမွန်(အမက-၇၊ စမ်းချောင်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမွန်အောင်၏ဖခင်၊ ဦးစိုးသန်းထွန်း-ဒေါ်နုနုဆွေ(ထ-၆၊ အလုံ)၊ ဦးသိန်းတိုး-ဒေါ်စမ်းစမ်းငွေ၊ မယုယုငယ်တို့၏အစ်ကို၊ ညီ၊ မောင်သည် ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကင်းကောင်(ခ)ဦးမျိုးမြင့်

အသက်(၅၅)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခိုင်မြဲသစ္စာအငြိမ့်အဖွဲ့အတွက် အငြိမ့်သဘင်/လူရွှင်တော်ပညာရပ်များ သင်ကြားပေးခဲ့သော မြင်ဆရာ သင်ဆရာ ကြားဆရာဖြစ်သူ နိုင်ငံကျော်သရုပ်ဆောင် /အနုပညာရှင်ဦးကင်းကောင်(ဦးမျိုးမြင့်)သည် ၂၂-၁-၂၀၁၉ရက် နံနက်ပိုင်းတွင် ကွယ်လွန်ကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သောမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရွှေဇင်၊ [အင်ဂျင်နီယာချုပ်(မြို့ပြ)၊ လမ်းဦးစီးဌာန]
ဦးသန်းတိုးအောင်၊ [အင်ဂျင်နီယာချုပ်(မြို့ပြ)၊ လမ်းဦးစီးဌာန] နှင့်
ခိုင်မြဲသစ္စာအငြိမ့်အဖွဲ့သားများ

ဝမ်းနည်းကြေကွဲခြင်း

မိတ္ထီလာမြို့၊ အောင်ဇေယျရပ်ကွက်နေ ဦးစိန်မောင်-ဒေါ်စန်းရင်တို့၏ သား၊ ရပ်စောက်မြို့၊ ဈေးတန်းရပ်ကွက်နေ ဒေါ်သန္တာစိုး၏ ခင်ပွန်း၊ မောင်ကျော်ထက်ဟန်၊ မမြတ်ပန်းဖြူဇင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထူး (ငြိမ်း) (အသက် - ၄၉ နှစ်) သည် ၂၁-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ် အမှတ်စဉ် (၃၅) မှ သူငယ်ချင်းများ

အများသိစေရန် ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၂၁၉)တွင် ၂ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦဆောက်လုပ်ခွင့်အားမြေရှင်ဒေါ်အေးမြင့်(SP) ဦးရဲမင်းထွဋ်၊လိုင်စင်ရကန်ထရိုက်တာ ဦးချစ်စိန်(LC-424)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်နိုင်ဇင်မြင့်(LS-2002)တို့မှ လျှောက်ထားလာပါသဖြင့် ဤဌာန၏(၈-၁၂-၂၀၁၇)ရက်စွဲပါစာအမှတ်၊၁၇၉၂/ ၁၇၉၁/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ၂ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ခွင့်အား မူလကြီးကြပ် လိုင်စင်ရကန်ထရိုက်တာ ဦးချစ်စိန် (LC-424)အစားလိုင်စင်ရကန်ထရိုက်တာဦးသူရ(LC-809)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင် (SP) ဦးရဲမင်းထွဋ်နှင့် လိုင်စင်ရ ကန်ထရိုက်တာ(၂)ဦးတို့မှလျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
အဆောက်အအုံဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊မြေကွက်အမှတ်(၉၅၉)၊မြေကွက်တည်နေရာအမှတ်(၉၅၉)၊ဗိုလ်ထွန်းမင်းလမ်း၊(၄၆)ရပ်ကွက်၊ဒဂုံမြောက်ပိုင်းမြို့နယ်၊ ဦးခင်မောင်မြင့်(၁၂/လမန(နိုင်)၁၀၄၇၀၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးခင်မောင်မြင့်(၁၂/လမန(နိုင်)၁၀၄၇၀၈)ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၇၂/၇၊၅-၁၅) ဖြင့်လွှဲအပ်ခြင်းခံရသူ SP-ဦးဇော်မျိုးသန့်(၉/မခန(နိုင်)၁၉၁၁၇၉)မှဂရန်မူရင်းနိုင်ကတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင်ပြုလုပ်ထားသည့် (၃.၁၀.၂၀၁၈)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်စဉ်(၁၀/၂၄၂)တို့တင်ပြ၍အရောင်းမြေပုံကူး လျှောက်ထားလာပါသည်။မြေစာရင်းမှတ်ချက်ရှိ(၂၀၀၄)ခုနှစ်တွင်ဦးခင်မောင်မြင့်မှ ဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့သော်လည်းဘဏ်ချေးမြေပုံမှာမည်သည့်နေရာတွင် မျှအသုံးပြုခဲ့ခြင်းမရှိပါဘဲနေရာအထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်ဆိုသူအရာရှိရှေ့ တွင်ပြုလုပ်ထားသည့်(၃.၁၂.၁၈)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်စဉ်(၁၂/၁၀)တို့ ပူးတွဲ၍(၅.၁၂.၁၈)ရက်စွဲပါစာအမှတ်-၁၁၃၅၈ဖြင့်ဝန်ခံကတိပြုတင်ပြလာပါသဖြင့် SP-ဦးဇော်မျိုးသန့်၏ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးထွေးပို(ခ)ဦးစန်းမြင့်

(မုံရွာ)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း (အထက်)၊ အမှတ်၈၃၊ (သုံးလွှာ)နေ (ဦးဘသောင်း-ဒေါ်သန်း)(မုံရွာ) တို့၏သား၊ (ဦးမောင်မောင်-ဒေါ်အုန်းကြည်) တို့၏သားသမက်၊ (ဒေါ်ဖြူဖြူမောင်)၏ ခင်ပွန်း၊ မုံရွာမြို့နေ(ဦးအောင်စိုး-ဒေါ်မာသောင်း)၊ ဦးဟန်တင့်-ဒေါ်ညွန့်ဝေ၊ ဦးလှဟန်-(ဒေါ်အေးမြင့်မူ)၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းသောင်း တို့၏ညီ၊ ရန်ကုန်မြို့နေ ဦးသန်းဆွေ-ဒေါ်ချိုချို၊ ဦးကျော်ဝင်းရွှေ-ဒေါ်ဝင်းဝင်း၊ ဦးထွန်းထွန်းလင်းတို့၏မောင်၊ ဦးအောင်ကျော်ရှိန်း-ဒေါ်စုစုလှိုင်(ခေတ္တ Netherland)၊ ဦးမျိုးဇော်ထက်-ဒေါ်စုမြတ်စံ (ရောဝတီဘဏ်လီမိတက်)၊ (ဒေါ်ပွင့်ဖြိုးထက်သာ) တို့၏ဖခင်၊ မဖူးပွင့်ပြည့်စုံ(အလက-၁ ဒဂုံ) (Grade-9C)၊ Ryker ခိုင်ခန့်နေရှိန်း၊ Skyler သုတရှိန်း(ခေတ္တ Nertherland)တို့၏အဘိုးသည် ၂၁-၁-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/4352,CHENG LONG 375,Dum Truck (8x4)L, ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ချမ်းမြေ့ ၉/အမရ(နိုင်)၁၀၇၀၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၅၅၈၀၄၊ Honda Wave Alpha 100M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆီကွေ့ ၁၃/ကခန(နိုင်)၀၆၁၇၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက် အမှတ်(၅၅)၊ မြေကွက် တည် နေရာ အမှတ် (၅၅)၊ ကျောက်စိမ်းလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမန်းဝင်းထိန်-KPW-063517) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည် ပေါက်ဦးမန်းဝင်းထိန် (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်စိန်ငွေ၊(၁၂/မရက (နိုင်) ၀၉၀၉၉၁)ထံမှ အထွေထွေ ကိုယ်စား လှယ်လွှဲစာ အမှတ် (၁၀၃၆၀/၁-၁၀-၁၈)ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်စန္ဒာဝင်း(၁၂/မရက(နိုင်) ၀၉၀၉၈၇)မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ် ရေးကတ်၊ ပါဝါ/ကျမ်းကျိန်လွှာ၊ တစ်ဦးတည်းသော လိုင်းဖြစ်ကြောင်း ဒေါ်စိန်ငွေမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျမ်းကျိန်ဆိုသူအရာရှိရှေ့ တွင်ပြုလုပ်ထားသည့် (၁၆-၁၁-၂၀၁၈)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၁၁/၁၂၆၈) ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင် အမည်ပေါက်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့ တင်ပြ၍ပိုင်ဆိုင်+အရောင်း မြေပုံကူး လျှောက်ထားလာပါသည်။ ကွင်းဆင်းစိစစ်ဆေးခဲ့ရာ အုတ်ကာ၊ သွပ်မိုး (၁) ထပ်အိမ်ရှိပြီး လူမနေ၊ ကွင်းဆင်းစဉ်သော့ဖွင့်ပြသပါသည်။ ကွင်းဆင်းသိရှိကြောင်း ဒေါ်စန္ဒာဝင်းမှ လက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်စန္ဒာဝင်း၏ပိုင်ဆိုင်+အရောင်း မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဥက္ကဋ္ဌ(ခ)ဦးထွန်းလှိုင် (သူကြီး)

B.Com(AA)၁၉၇၁-၇၅ ရန်ကုန်စီးပွားရေးတက္ကသိုလ်
ဥက္ကံ ဘုရားကြီး မဏ္ဍိုင် ပရိယတ္တိစာသင်တိုက် သုံးခွမြို့
သက်တော်(၇၀)၊ သိက္ခာတော်(၄၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ ဥက္ကံသွန်းဘုရားလမ်း၊ (၈)ရပ်ကွက်၊ ဥက္ကံဘုရားကြီး မဏ္ဍိုင် ပရိယတ္တိစာသင်တိုက်နေ ဥက္ကဋ္ဌ(ခ)ဦးထွန်းလှိုင်(သူကြီး)သည် ၂၀-၁-၂၀၁၉ ရက် နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ (၁၉၇၁-၁၉၇၅)

ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်အေးကြည်

အသက်(၉၀)

ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းခွဲစိတ်ပညာဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခ/ဌာနမှူး ဒေါက်တာရွှေဝင်း-ဒေါက်တာမလေးတင့် [တွဲဖက်ပါမောက္ခ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)]တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးကြည်သည် ၁၉-၁-၂၀၁၉ရက်(စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဦးဘုန်းမြင့်နှင့်
ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းခွဲစိတ်ကုဌာန မိသားစု
သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်း

ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အသက်(၈၅)နှစ်

သူငယ်ချင်း ဒေါ်ကျော့ကျော့၏ချစ်လှစွာသောဖခင် ဦးဝင်း အသက်(၈၅)နှစ်သည် ၁၉-၁-၂၀၁၉ရက်(စနေနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

RIT(Civil), 1987&1991 Batch
အင်ဂျင်နီယာသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်ဒီအိုအေဘယ်(လ်) ဝန်ကြီး(ငြိမ်း)

ကြည်း-၇၀၈၆

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ (ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဒင်ဇယ်အေဘယ်(လ်)(ညွှန်မှူး-ငြိမ်း၊ MOFA)-ဒေါ်နုနုယဉ်တို့၏အစ်ကိုဖြစ်သူ စိတ်ထားဖြူစင်ကောင်းမြတ်ပါသော အာဘဗိုလ်မှူးချုပ်ဒီအိုအေဘယ်(လ်)ဝန်ကြီး(ငြိမ်း)သည် ၂၀-၁-၂၀၁၉ ရက်(တနင်္ဂနွေနေ့)နံနက်၈း၅၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်သိန်း(ဦးစီးအရာရှိ၊ငြိမ်း၊ စစစ)-
ဒေါက်တာမိမိခင်(ဒု-ဆေးရုံအုပ်ကြီး၊ ရန်ကင်းကလေးဆေးရုံ)မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဒေါက်တာချမ်းငြိမ်း (ကန့်ဘလူမြို့)

B.E(Mech),D.I.C,M.Sc(London), Ph.D(London)၊ ပညာရေးဝန်ကြီး(ငြိမ်း)

အသက်(၇၅)နှစ်

ကန့်ဘလူမြို့နေ (ဦးတင်မောင်-ဒေါ်အိုဇာ)တို့၏သား၊ ဒေါက်တာစန္ဒာအောင် (ပါမောက္ခ၊ စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာချမ်းငြိမ်း(ပညာရေးဝန်ကြီး၊ငြိမ်း)သည် ၁၇-၁-၂၀၁၉ရက် (ကြာသပတေးနေ့)ညနေ ၆း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅-၁၉၈၁)
အင်ဂျင်နီယာနှင့်ဗိသုကာ ကျောင်းသား၊ ကျောင်းသူဟောင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့်သန်း (ဂုန်လျှော်-ငြိမ်း)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၄၄)၊ သီရိဂုဏ်အိမ်ရာနေ (ဦးခင်ဦး-ဒေါ်ရင်မြ) တို့၏သမီး၊ (ဦးထွန်းစံ)-ဒေါ်မြမြတို့၏သမီးချွေးမ၊ (ဦးမိုးနိုင်)DGM-(ငြိမ်း) မြန်မာ့မီးရထား ၏ချစ်လှစွာသောဇနီး၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ဒေါ်အေးအေး(ကလေးပါရဂူ)၊ ဦးနေဝင်း-ဒေါ်မူမူစိန်တို့၏ညီမ၊ ဒေါက်တာဉာဏ်ဇော်-ဒေါ်မူမူအေး၊ ဦးအုန်းထွန်း-ဒေါ်ခင်အေးမူ၊ ဦးမိုးဟိန်း၊ ဒေါ်လေးလေးငယ်တို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား သည် ၂-၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၄၂နာရီတွင် တပ်မတော်ဆေးရုံ ခုတင် ၅၀၀၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကျော်ဝင်းဦး (ငြိမ်း)

ကြည်း-၃၂၉၅၁၊တေဇ (၂၇)

အသက်(၄၁)နှစ်

မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ အင်းတန်ကျေးရွာနေ ဒေါ်ဇာပန်းသွယ်၏ခင်ပွန်း၊ မဆုရတီထွန်း၊ မဆုရည်မွန်ကျော်၊ မဆုဖြူစင်သန့်တို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးကျော်ဝင်းဦး(ငြိမ်း)သည် ၂၁-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ (၂၇)ကျောင်းဆင်းအရာရှိ မိသားစုများ

သွေးသည် အသက်

ဘုရား၊ ကျောင်းဒါယိကာမကြီး

ဒေါ်လှကြည် (ကညွတ်ကွင်း)

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၁၅ (လေးလွှာ)နေ (ဦးကိုကိုကြီး)၏ဇနီး၊ ဒေါ်မာမာဦး၊ ဦးသိန်းထွဋ်ဝင်း-ဒေါ်မာမာနွယ်တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ပြုံးဝင်း(ခ)ဒေါ်ခင်နု

အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းသွယ်၊ အမှတ် ၂၂၇နေ (ဦးလှ-ဒေါ်ရှင်)တို့၏သမီး၊ (ဦးဘရွှေ-ဒေါ် စိန်တင်)တို့၏ သမီးချွေးမ၊ (ဦးဝင်းအောင်)၏ဇနီး၊ (ဦးစောနိုင်ဝင်း)-ဒေါ်မူမူမြင့်၊ ဦးစစ်ဝင်း-(ဒေါ်မြင့်မြင့်ဝင်း)၊ (ဦးလှမြင့်ဝင်း)-ဒေါ်မာရီလှအောင်၊ [ဦးနေမျိုးဝင်း(ခ)ကိုချို]၊ ဦးချမ်းသာဝင်း-ဒေါ်စိုးစိုးသန်း၊ ဦးသန်းဆွေ-ဒေါ်မီမီသက်၊ [ဦးရဲအောင်(ခ)ကိုမျိုး]-ဒေါ်ချယ်ရီဝင်း၊ ဦးသန်းနိုင်ဦး-ဒေါ်စုစုဝင်း၊ ဦးကျော်ကျော်လင်း-ဒေါ်မိုးမိုးဝင်းတို့၏မိခင်၊ မြေး၃၀၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၀-၁-၂၀၁၉ရက် ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရှဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ်ဒါယကာကြီး

ဦးထွန်းအုန်း

အသက်(၈၂)နှစ်

(လုပ်ငန်းစုမန်နေဂျာ-ငြိမ်း) (ဆေးနှင့်ဆေးပစ္စည်းကော်ပိုရေးရှင်း-၁၀)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသဇ္ဇန၊ မဟာဗောဓိပင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသတို့ကို အမှူးထား၍ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာနေ (ဦးမောင်သင်-ဒေါ်မိရီ)တို့၏သား၊ (ဒေါ်စောတင်)၊ (ဒေါ်စောရင်)၊ (ဒေါ်စောခင်)၊ (ဒေါ်ရင်သိန်း)၊ (ဦးသိန်း)တို့၏ညီ/မောင်၊ (ဗိုလ်မှူးအောင်ဆန်း-ငြိမ်း)-ဒေါ်မြင့်ကြည်တို့၏အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်နေ အရာခံဗိုလ်ငွေကြည်(ငြိမ်း)-ဒေါ်ရီရီသန်း၊ မန္တလေးမြို့နေ ဦးအိုကေ-ဒေါ်ရင်ရင်ကြည်တို့၏ဦးလေး၊ ထောက်ကြန့်၊ တိလောကာရုံရပ်ကွက်နေ ဦးမင်းသူ-ဒေါ်ခင်မြတ်လင်း၊ ဦးထင်ကျော်-ဒေါ်ဖြူဖွေး၊ ဦးရန်နိုင်ထွန်း-ဒေါ်စန္ဒာစိုး၊ ဦးငွေစိုး-ဒေါ်မြတ်သန်းထိုက်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်စောမြင့်၏ခင်ပွန်းသည် ၂၁-၁-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိလောကာရုံရပ်ကွက်၊ မိတ္တလမ်း၊ အမှတ်(၂၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါက်တာဒေါ်တင်ညို [(M.B,B.S(Rgn).,M.Sc(O&G)]

မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး
မြောင်းမြမြို့

အသက်(၇၈)နှစ်

မြောင်းမြမြို့နေ (ဦးရာမ-ဒေါ်သန်း)တို့၏သမီး၊ ရတနာကုန်သည်(ဦးကျော်မြ-သုဓမ္မသီဂီ ဒေါ်ကြင်မြိုင်)တို့၏ တူမ၊ ဆရာမ ဒေါ်တင်အေးအေး(မေရန်နိုင်-မြောင်းမြ)၏ညီမ၊ သုဓမ္မသီဂီဒေါ်ပြုံးရီ၊ ဦးရွှေ-ဒေါ်တင်မြင့်(သီဂီရတနာ)၊ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး)(မြောင်းမြ)-သီဟသုဓမ္မသီဂီ ဒေါ်ခင်ခင်စိန်၊ သုဓမ္မမဏိဇောတဓရ ဦးကျော်ခင်သိန်း(ကျော်ရေခဲစက်၊ ဆန်စက်၊ ရွှေစည်းစိမ်တည်းခိုခန်း)-သုဓမ္မသီဂီ ဒေါ်ရီရီငွေ၊ ဦးကျော်ခင်ငြိမ်း-ဒေါ်ခင်စမ်းဝေ(ရွှေစင်ရတနာ)၊ ဦးကျော်ခင်လတ်-ဒေါ်မိုမို ဆွေ (မြဒါလီရတနာ)တို့၏အစ်မ၊ တူ၊ တူမ ၁၄ ယောက်တို့၏ကြီးကြီးသည် ၂၀-၁-၂၀၁၉ရက် နံနက် ၆ နာရီတွင် ဟေမာဝန် ကမ္ဘဌာန်းကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ရက်(တနင်္လာနေ့)တွင် မြောင်းမြမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်ဝင်းကြည် (ဗဟန်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် (၁၅၁/F)နေ (ဦးလှထွန်း-ဒေါ်ချို)တို့၏သမီး၊ (ဦးသံတိုင်-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးလှမျိုး)၏ချစ်လှစွာသောဇနီး၊ ဦးထွန်းလှ-ဒေါ်ခင်ချို၊ (ဦးမျိုးသန့်)၊ ဦးစောနိုင်၊ ဦးကျော်သူ (ဓာတ်လှေကား)၊ ဒေါ်ကေသီမျိုး၊ (ဦးအောင်မျိုး)၊ ဦးမျိုးသီဟတို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်နွဲ့နွဲ့အေး၊ ဦးသန်းငွေ-ဒေါ်မြင့်မြင့်အေး၊ ဦးကျင်စိုး-ဒေါ်မူမူအေးတို့၏အဒေါ်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်တင်တင်မြင့်

စက်မှု(၁)ထွေထိန်း(ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်၅၁၊ (လေးလွှာ)ခေါင်းရင်းခန်းနေ(ဦးမောင်မောင်) (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၏ဇနီး၊ ဦးသွင်မောင်မောင်၊ ဒေါ်ကြည်ပြာဝင်း၊ ဦးဇေယျာအောင်၊ ဒေါ်သီတာမောင်မောင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၉ရက်(တနင်္လာနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှုများနှင့် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် တပ်မတော်၏ထုတ်ပြန်ချက်ကို တရုတ်နိုင်ငံကထောက်ခံသည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း AA သောင်းကျန်းသူအဖွဲ့က နယ်ခြားစောင့်ရဲကင်းစခန်းများအား တိုက်ခိုက်ခဲ့ခြင်းသည် လက်မခံနိုင်စရာ တာဝန်မဲ့လုပ်ရပ်ဖြစ်၍ တရုတ်နိုင်ငံမှ ပြင်းထန်စွာ ရှုတ်ချသည့် အခြေအနေများအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

လေဖိအားနည်းရပ်ဝန်းတည်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ **မိုး/ဇလ**

မွန်ပြည်နယ်တွင် ခြောက်ရက်တာအတွင်း စည်းကမ်းမဲ့ယာဉ်အစီးရေ ၂၆၀၀ ကို အရေးယူ

စာ » ၁၃

အိန္ဒိယဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်းသည် အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းလေးသင်းဖြင့် ကျင်းပမည်ဖြစ်ကာ လက်ရှိအချိန်ထိ မြန်မာနှင့် အိမ်ရှင်အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျန်နှစ်သင်းအတွက် အခြားအသင်းများ ဖိတ်ကြားလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းမှာမူ အိုလံပစ်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မူလက ယင်းကာလတွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ကစားရန် စီစဉ်ထားသော်လည်း ယင်းပြိုင်ပွဲကြောင့် အပြောင်းအလဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်နိုင်ရန် အချိန်ယူပြင်ဆင်လျက်ရှိပြီး ပဏာမကစားသမား ၂၉ ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက် ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုလအတွင်း ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက်တွင် ယူ-၁၆ လက်ရွေးစင် အမျိုးသမီးအသင်း၊ *စာမျက်နှာ ၆ ကော်လံ ၁* ✤

မြန်မာအမျိုးသမီးအသင်း လက်ထောက်နည်းပြ ဦးစထက်နိုင်ဝင်း သင်ကြားပြသနေစဉ်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်စည်ပင် ရွေးကောက်ပွဲကြီး နီးလာပြီ

တင်ဝင်းလေး (ကြည့်မြင်တိုင်)

NLD အစိုးရတက်လာပြီးနောက် ရှေ့သမ္မတသက်တမ်းနှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည်လည်း ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့တော်သူ မြို့တော်သားတို့ အဓိကမျှော်လင့်ထားသည်က အများက တင်မြှောက်ခွင့်ရသော ကိုယ်စားလှယ်စည်ပင်လူကြီးများပင် ဖြစ်သည်။ သို့သော် အစိုးရခန့်ဟုခေါ်သည့် မြို့တော်ဝန်အပါအဝင် စည်ပင်သာယာရေး ကော်မတီဝင် ငါးဦးကို မဖြစ်မနေဆောလျင်စွာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ရန်ကုန်မြို့၏ စည်ပင်နှင့်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်စေခဲ့သည်။

ကိုယ်စားလှယ်များအနေဖြင့် မြို့တော်သူ မြို့တော်သားများအတွက် လိုအပ်သောအတိုင်းအတာတစ်ခုရောက်အောင် ဆောင်ရွက်ပေးနိုင်ပါ့မည်လားဟုအတွေးများ ရှိနေခဲ့ကြသည်။

အသစ်ပြန်လည်ရေးဆွဲလိုက်သော ရန်ကုန်စည်ပင်သာယာရေးဥပဒေ ၂၀၁၈ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးပေးခဲ့ပြီး မြို့နယ်အလိုက် ရှင်းလင်းဟောပြောပွဲများ ပြုလုပ်၍ အောက်တိုဘာ ၁ ရက်တွင် သက်ဝင်စေခဲ့သည်။

မေးမြန်းမှုများ ပေါ်ထွက်လာ

စည်ပင်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အချိန်များကြာလာသည် နှင့်အမျှ မြို့တော်သူ မြို့တော်သားများက အစိုးရအပေါ် သို့လော.... သို့လော အတွေးများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများ ပေါ်ထွက်လာခဲ့သည်။ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ရန်ကုန်စည်ပင်ဥပဒေသစ် ရေးဆွဲနေသောကြောင့် ရွေးကောက်ပွဲကျင်းပရန် နောက်ကျရခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်တွင် ရှင်းလင်းပြောကြားမှုရှိခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အောင်ပွဲရအရပ်သား အစိုးရ တက်လာပြီးနောက် မြို့၏ စည်ပင်ကော်မတီဝင်များအားလုံးမှာ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် သက်တမ်းချုပ်ငြိမ်းသွားခဲ့ရသည်။

ယနေ့ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည် ဖြစ်သည့်အတွက် ရွေးချယ်ခံ စည်ပင်ကိုယ်စားလှယ်များ ပေါ်ထွက်လာတော့မည် ဖြစ်သည်။

လိုအပ်သော အတိုင်းအတာဆောင်ရွက်ပေးနိုင်မလား

တက်လာမည့် ရွေးချယ်ခံစည်ပင်ကိုယ်စားလှယ်များသည် ၂၀၁၈ ခုနှစ် စည်ပင်သာယာရေးဥပဒေအရ အစိုးရသက်တမ်းနှင့်အညီဟု ဆိုသည့်အတွက် နှစ်နှစ်ခံ ကိုယ်စားလှယ်များသာ ဖြစ်ပေသည်။ သို့အတွက် တိုတောင်းသည့် သက်တမ်းအပေါ် အရွေးချယ်ခံ

ရွေးချယ်ခံ ခြောက်ဦးထဲမှ တစ်ဦးကိုမူ ဒုတိယမြို့တော်ဝန်အဖြစ် မူလအစိုးရခန့် ကော်မတီ ငါးဦးနှင့် တက်လာမည့် ကော်မတီဝင် ခြောက်ဦး စုစုပေါင်း ၁၁ ဦးတို့က လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ပေးရမည်ဖြစ်သည်။ သို့အတွက် ငယ်ရွယ်သော၊ တက်ကြွသော အသက် ၂၅ နှစ်အရွယ်ထဲမှလည်း ဒုတိယမြို့တော်ဝန် ဖြစ်လာနိုင်စရာ အခွင့်အရေးတစ်ရပ်ရှိလာနိုင်မည်ဖြစ်

အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့် ရှိလာမည်

၂၀၁၄ ခုနှစ် သမ္မတ ဦးသိန်းစိန်လက်ထက်က မဲပေးခဲ့ရသည့် ပုံစံမျိုးမဟုတ်ပေ။ ထိုစဉ်က တစ်အိမ်ထောင်လျှင် အသက် ၁၈ နှစ်ပြည့် ပြီးသူတစ်ဦးသာလျှင် မဲပေးခွင့်ရခဲ့သည်။ ယခု ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့် ရှိလာမည် ဖြစ်သည်။ ယခု ပင်လျှင် အိမ်ထောင်စုအလိုက် မဲစာရင်းများ ပြုစုနေကြပြီဖြစ်သည်။

ကျင်းပမည့် စည်ပင်ရွေးကောက်ပွဲတွင်လည်း ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့သည့် စည်ပင်ရွေးကောက်ပွဲကဲ့သို့ပင် တပ်ဖွဲ့များတွင် နေထိုင်သူများ၊တပ်မြို့စည်ပင်သာယာရေးအဝန်းအဝိုင်းတွင် နေထိုင်သူများ မဲပေးရာတွင် ပါဝင်ခြင်းမရှိကြောင်း သိရသည်။

အာမခံငွေ မြို့တော်ဘဏ်တွင် ကြိုတင်ပေးသွင်းထားရမည်

ရွေးချယ်ခံကိုယ်စားလှယ်လောင်းများအနေဖြင့် အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ ကိုယ်စားပြု ယှဉ်ပြိုင်မည့်နေရာတွင် သုံးနှစ်တစ်ဆက်တည်းနေထိုင်သူဖြစ်ရမည်။ အာမခံငွေကြေးအနေဖြင့် မြို့တော်ကော်မတီဝင်တစ်ဦးအတွက် အာမခံငွေကျပ် ငါးသိန်း၊ မြို့နယ်ကော်မတီဝင်တစ်ဦးအတွက် ငွေကျပ်နှစ်သိန်းစီကို မြို့တော်ဘဏ်တွင် ကြိုတင်ပေးသွင်းထားရမည် ဖြစ်သည်။

စည်ပင်သာယာနယ်နိမိတ်အတွင်း ၃၃ မြို့နယ်ရှိရာ တစ်မြို့နယ်လျှင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ **အချပ်ပို (ယ) သို့**

"ကန်တော်ကြီးဝန်းကျင်မှာလည်း တိရစ္ဆာန်ဥယျာဉ်နဲ့ မကြာမီကဖွင့်လှစ်ခဲ့တဲ့ ကန်သာယာစင်တာအပြင် လာမယ့်လအနည်းငယ်အတွင်းမှာ နိုင်ငံတကာအဆင့်မီ ငါးပြတိုက်ကို ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ပါတယ်"

ကန်တော်ကြီးဝန်းကျင်မှ ထွက်ပေါ်လာဦးမယ့် ရန်ကုန်မြို့ရဲ့ ပုံရိပ်သစ်

ဝေယံဦး

ပုံရိပ် တွေစုံလင်တဲ့ မြို့ပြရန်ကုန်မှာတော့ ရှေးဟောင်းမြို့ပြအမွေအနှစ်အဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေသလို အသစ်အသစ်သော အဆောက်အအုံပုံရိပ်အသစ်တွေလည်း ထွက်ပေါ်နေပါတယ်။ မကြာခင်ကာလမှာတော့ ပြည်သူတွေ အပန်းဖြေလာရောက်ကြည့်ရှုလေ့လာနိုင်မယ့် ရေအောက်ငါးပြတိုက်တစ်ခုကို တည်ဆောက်ပြီးစီးတော့မှာ ဖြစ်ပါတယ်။

အဲဒီ နိုင်ငံတကာအဆင့်မီ ရေအောက်ငါးပြတိုက်ကို ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်း ယခင်ငါးပြတိုက်နေရာမှာ တည်ဆောက်နေတာဖြစ်ပါတယ်။ ကလေးငယ်တွေအပါအဝင် အရွယ်စုံ လူကြီးလူငယ်တွေအားလုံး လာရောက်လေ့လာနိုင်မယ့် ငါးပြတိုက်ဖြစ်တာမို့ မြန်မာနိုင်ငံမှာတော့ ပထမဆုံး ပေါ်ထွက်လာတော့မယ့် ငါးပြတိုက်ဖြစ်ပါတယ်။

မြန်မာ့ပထမဆုံးငါးပြတိုက်

"ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်နေသည့် မြန်မာ့ပထမဆုံး ငါးပြတိုက်ကို ၂၀၁၉ ခုနှစ် ဧပြီလမှာ ဖွင့်လှစ်နိုင်ရေး ကြိုးစားနေတယ်"ဟု ဇန်နဝါရီ ၉ ရက်က ကျင်းပသည့် ကန်သာယာစင်တာဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

အခုတည်ဆောက်နေတဲ့ ငါးပြတိုက်ကို စင်ကာပူနိုင်ငံ Sd Surbena မှ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပြီး ယခင်ငါးပြတိုက်ဟောင်းရဲ့ မြေဧက ၅ ဧကခန့်ပေါ်မှာ တည်ဆောက်နေတာဖြစ်ပါတယ်။ စတင် တည်ဆောက်တာကတော့ ၂၀၁၄ ခုနှစ် နှစ်ဆန်းကစပြီး ငါးပြတိုက်တည်ဆောက်ရေးဆိုင်ရာ ပြည်ပပညာရှင်တွေကိုလည်း ခေါ်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။

ရေချို ရေငန် ငါးမျိုးတွေပြသ

အရင်ကတည်ရှိခဲ့တဲ့ ငါးပြတိုက်ဟောင်းမှာတော့ ရေချိုငါးမျိုးစိတ်တွေကိုသာ ထည့်သွင်းပြသခဲ့ပေမယ့် အခုတည်ဆောက်နေတဲ့ နိုင်ငံတကာအဆင့်မီ ငါးပြတိုက်မှာတော့ ရေချိုငါးမျိုးတွေရော ရေငန်ငါးမျိုးတွေပါ ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အရင်ကပြည်ပနိုင်ငံတွေရဲ့ငါးပြတိုက်တွေလိုသာ ရုပ်ရှင်တို့၊ ရုပ်မြင်သံကြားတို့၊ ဓာတ်ပုံတို့မှာ မြင်တွေ့ခဲ့ရဖူးပေမယ့် အခုတော့ လက်တွေ့လေ့လာနိုင်တော့မှာဖြစ်ပါတယ်။

အခု တည်ဆောက်နေတဲ့ ငါးပြတိုက်မှာ ရေအောက်သတ္တဝါမျိုးစုံ၊ ရှားပါးရေအောက်သတ္တဝါတွေ၊ ထူးခြားတဲ့ ဒီဇိုင်းနဲ့ အရောင်အသွေးစုံလင်တဲ့ အရွယ်စုံငါးမျိုးတွေ စတဲ့ ရေချို ရေငန် ငါးမျိုးတွေကို သဘာဝအတိုင်း ကူးခတ်သွားလာနေတာကို နီးနီးကပ်ကပ် လေ့လာနိုင်မှာဖြစ်ပါတယ်။

ငါးပြတိုက်တည်ဆောက်မှုလုပ်ငန်းကိုတော့ ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာန၊ မုတ္တမဟိုးဒင်းလီမိတက်နဲ့ ပြည်တွင်းကမိတ်ဖက်ကုမ္ပဏီတစ်ခုတို့က ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီ ကုမ္ပဏီတွေကပဲ နှစ်ရှည်ငှားရမ်းစာချုပ်နဲ့ လုပ်ကိုင်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

အပန်းဖြေလေ့လာစရာ နေရာသစ်

တည်ဆောက်နေတဲ့ ငါးပြတိုက်ဒီဇိုင်းပုံစံကတော့ ခေတ်မီလှပပြီး ဆန်းသစ်မှုရှိတဲ့ ပုံစံဖြစ်တာမို့ ကန်တော်ကြီးဝန်းကျင်မှာတော့ အပန်းဖြေသွားရောက်လေ့လာစရာ နေရာသစ်တစ်ခု ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ကန်တော်ကြီးရေိယာအတွင်းမှာ ပြည်သူတွေအတွက် ပန်းခြံ၊ သစ်သားတံတား၊ လျှောက်လမ်း၊ သစ်ပင်ပန်းမန်တွေနဲ့ တည်ရှိနေတာဖြစ်သလို ကန်တော်ကြီးဝန်းကျင်မှာလည်း တိရစ္ဆာန်ဥယျာဉ်နဲ့ မကြာမီက ဖွင့်လှစ်ခဲ့တဲ့ ကန်သာယာစင်တာအပြင် လာမယ့်လအနည်းငယ်အတွင်းမှာ နိုင်ငံတကာအဆင့်မီ ငါးပြတိုက်ကို ဖွင့်လှစ်နိုင်တော့မှာဖြစ်ပါတယ်။

ငါးမျိုးစိတ်မျိုးစုံ ခွဲခြားပြသ

အခုတည်ဆောက်နေတဲ့ ငါးပြတိုက်အတွင်းမှာ ပြခန်းတွေပါဝင်ဖွဲ့စည်းထားမှာဖြစ်ပြီး အန်ဒမန်ပင်လယ်၊ ဘင်္ဂလားပင်လယ်အော်၊ မြိတ်ကျွန်းစု၊ အင်းလေး စတဲ့ နေရာတွေနဲ့ ရှားပါးငါးတွေ၊ ငါးမျိုးစိတ်မျိုးစုံတွေကို ခွဲခြားပြသထားမှာ ဖြစ်ပါတယ်။ လာရောက်လေ့လာကြည့်ရှုသူတွေကိုယ်တိုင် အနီးကပ်မြင်တွေ့နိုင်၊ လေ့လာနိုင်အောင် ဖန်တီးပေးထားမှာ ဖြစ်ပါတယ်။ ပင်လယ်သမုဒ္ဒရာတွေအတွင်းမှာ ကျင်လည်ကျက်စားနေတဲ့ ရေနေသတ္တဝါတွေကို အနီးကပ်ရင်သပ်ရှုမောဖွယ် မြင်တွေ့ရမယ့် အနေအထားအထိ ထည့်သွင်းတည်ဆောက်ထားတာ ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်နိုင်အောင် ပြည်တွင်းပြည်ပက ပညာရှင်တွေနဲ့ ပူးပေါင်းပြီး တည်ဆောက်နေတာမို့ ကန်တော်ကြီးဝန်းကျင်မှာ အပန်းဖြေလေ့လာစရာ အဆောက်အအုံတစ်ခုအဖြစ် တည်ရှိလာမှာဖြစ်တဲ့အပြင် ရန်ကုန်မြို့ပြအတွက်လည်း ဖွံ့ဖြိုးမှုပုံရိပ်သစ်တစ်ခုအဖြစ် ထွက်ပေါ်လာဦးမှာ သေချာနေပါတယ်။ ။

ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်အတွင်း တည်ရှိသည့် ငါးပြတိုက်

ရန်ကုန်သူတို့ အပန်းပြေစေဖို့ ကန်တော်ကြီး မဟာမြိုင်ကျွန်းသာယာဆီသို့

ထင်ပေါ်ဝင်း
ဓာတ်ပုံ-ထိန်လင်း

ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အလှဆင်ယင်ထားသော ပန်းရုပ်တုများကြားဝယ် လူးလာခေါက်တုံ့ ပျံသန်းရင်း ပန်းဝတ်ရည်သောက်သုံးနေသော အင်းဆက်ပိုးကောင်လေးများကို တွေ့မြင်နေရသည်။ အရောင်အသွေးစုံလှသော ပန်းအလှတို့ဖြင့် ထုဆစ်ပုံဖော်ထားသော ပန်းရုပ်တုတစ်ခုချင်းစီတိုင်းတွင် ဖန်တီးသူ အနုပညာရှင်၏ စိတ်ခံစားမှုအလိုက် သတ်မှတ်ပေးထားသော အမည်နာမတို့က ရှိနေကြသည်။ နေ့အပိုင်းအခြားအချိန် တစ်ခုတွင် ရောက်ရှိသွားသောကြောင့် ပြည့်ဝသောနေအလင်းရောင်က ပန်းရုပ်တုများအပေါ် ဖြန့်ကြက်ကျဲဝနေသည်။ ရောင်စုံအသွေးအရောင်တို့ဖြင့် လှချင်တိုင်းလှနေသော ပန်းရုပ်တုတို့သည် နေမင်း၏ အလင်းအောက်ဝယ် အတားအဆီးမရှိ လှချင်တိုင်းလှပနေပါတော့သည်။

ကန်တော်ကြီးဥယျာဉ်အတွင်း ပန်းအလှရုပ်တု

ဤသည်ကား ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း ဆင်ယင်ထားသော ပန်းအလှရုပ်တုများကို ကြည့်ရင်း ဇန်နဝါရီ ၁၈ ရက်က မှတ်တမ်းတင်ထားခဲ့မိခြင်းဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် (၁၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲနှင့် ပြိုင်ပွဲကို ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်းရှိ မဟာမြိုင်ကျွန်းတွင် ဇန်နဝါရီ ၂၂ ရက်အထိ ကျင်းပနေခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသတင်းရယူပြီး ပန်းရုပ်တုများ၊ ပန်းပြခန်းပြကွက်များကို တစ်ခုစီ လိုက်လံလေ့လာမိခဲ့သည်။

ပိတ်ရက်များတွင်ပိုများ

ပြခန်းတစ်ခုချင်းအလိုက် ပြသထားသော ပြကွက်များက

ကန်တော်ကြီးဥယျာဉ်အတွင်း ပန်းပွဲတော်၌ ပြသထားသည့် ပန်းများကို ပန်းချစ်သူပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြစဉ်။

ပြောင်းလဲနေသည်။ မြန်မာ့အဖိုးတန်သစ်ခွများ၊ သဇင်ပန်းမျိုးစုံများသာမက အမျိုးမျိုးအဖုံဖုံသော အရွက်အလှပင်များ၊ အပွင့်အလှပင်များက ပွဲတော်လာသည့်ပရိသတ်များကို မခွဲနိုင်မခွာရက်အောင် ဆွဲဆောင်ထားနိုင်စွမ်းရှိသည်။ လူတစ်ယောက်၏ စိတ်နှလုံးအေးချမ်းမှုကို ပေးစွမ်းနိုင်သော ပန်းအလှပင်တို့က ပွဲတော်ကျင်းပရာ ကန်ရေပြင်နှင့် လိုက်ဖက်၍ ပနံတင့်နေသည်။ အရွယ်သုံးပါးမရွေး လာရောက်ကြည့်ရှုကြမည့် ရန်ကုန်သူရန်ကုန်သားတို့က စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ပို၍များမည်ထင်။ ပန်းပွဲတော် စတင်ဖွင့်သည့်ရက်ဖြစ်သော ၁၈ ရက်နေ့ကပင် လာရောက်ကြည့်ရှုသူက ဒုနှင့်ဒေး။ သပ္ပာယ်ကြည်ညိုဖွယ်ရာ ရွှေတိဂုံစေတီတော်၊ အရိပ်အာဝါသကောင်းရာ ကန်တော်ကြီးရေပြင်တို့က ပန်းပွဲတော်လာသူအပေါင်း၏ စိတ်ချမ်းမြေ့မှုကို ပြည့်ဝစေသည်။

ထိုသို့ ရန်ကုန်သူ ရန်ကုန်သားတို့၏ စိတ်နှလုံးချမ်းမြေ့မှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းပေးခဲ့သည့် ပန်းပွဲတော် ကျင်းပသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံရန် ကြိုးစားနေခိုက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် (၅)ဖြစ်သူ ဒေါ်သန်းမြင့်အောင်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။

"ဒီပန်းမန်ပြပွဲက အရင်အဆက်ပြတ်နေတာ ကြာပြီပေါ့နော်။ ဟိုးအရင်တွေတုန်းကတော့ ၁၆ ကြိမ်အထိ သူတို့လုပ်ခဲ့ဖူးတယ်ပေါ့။ ဒါပေမယ့် အဲဒါက နောက်ပိုင်းမှာ မလုပ်ဖြစ်တာကြာပြီ။ ဒီအစိုးရတက်တဲ့အခါကျတော့ မနှစ်ကစပြီး ပြန်လုပ်တယ်ပေါ့။ (၁၇)ကြိမ်မြောက်၊ ဒီနှစ်ကတော့ (၁၈)ကြိမ်မြောက်ပေါ့နော်။ အကြိမ်အားဖြင့် (၁၈)ကြိမ်မြောက်၊ သို့သော် ဒီအစိုးရလက်ထက်မှာ ဒုတိယအကြိမ်မြောက်ပေါ့နော်။ ဒီပန်းမန်ပြပွဲပြိုင်ပွဲလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ဒီလိုပန်းဆိုတာက ပြုစုပျိုးထောင်ပြီးတော့ အလှအပကြိုက်တဲ့သူ၊ သဘာဝကို ချစ်မြတ်နိုးတဲ့သူ၊ နှလုံးသားလှတဲ့သူ။ ဒီပန်းလေးတွေက မြန်မာနိုင်ငံမှာ ဘယ်လို သစ်ခွမျိုးစိတ်တွေရှိသလဲ၊ မြန်မာနိုင်ငံရဲ့ ပန်းတွေက ဘယ်လောက်အလှဆင်လို့ရသလဲ၊ ကျွန်မတို့တောတွေတောင်တွေထဲမှာရှိတဲ့ သစ်ခွတွေက မြန်မာ့သစ်ခွမျိုးနွယ်စုတွေလေ။ ဒါတွေကိုလည်းပဲ ဒီနေရာမှာ တစ်စုတစ်စည်းတည်းတွေ့ရတယ်။ နောက်တစ်ခါ ပန်းချစ်တဲ့သူတွေပေါ့။ ပန်းအသင်းတွေအနေနဲ့လည်း ဒါဟာ လှုပ်ရှားမှုတစ်ခုပေါ့။ အရင်တုန်းကဆိုလို့ရှိရင် ပြင်ဦးလွင်တို့ ဘာတို့တက်ပြီးတော့ ပြိုင်ချင်ပြိုင်ရမယ်၊ ပြချင်ပြရမှာပေါ့။ ဒီမှာ ရန်ကုန်မှာလည်းပဲ မြေပဒေသာကျွန်းရှိတယ်။ ရန်ကုန်မြို့မှာရှိတဲ့သူတွေလည်းပဲ အလှအပကို ခံစားတတ်မယ်။ အလှအပကို စိတ်ဝင်စားမယ်ပေါ့။ ဒီပန်းချစ်သူအသင်းကလည်း ပန်းပြပွဲလုပ်ချင်တာ။ သူတို့ ပြုစုပျိုးထောင်ထားတဲ့ ပန်းကလေးတွေကို ပြချင်တယ်။ ကျွန်မတို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဆိုတာလည်း ပတ်ဝန်းကျင်စိမ်းလန်းသာယာရေးအတွက် ပန်းဥယျာဉ်ဌာနရှိတယ်။ နောက်ပြီးတော့ ရန်ကုန်မြို့တော်ကြီး လှပသာယာသန့်ရှင်းဖို့ကလည်း ကျွန်မတို့အနေနဲ့ ဘယ်သူနဲ့မဆို ကျွန်မတို့ပူးပေါင်းလုပ်ရမှာ။ အဲဒါကြောင့်မို့လို့ ပန်းအသင်းနဲ့ မြို့တော်စည်ပင်သာယာကော်မတီနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ကြတာပါ။

အထောက်အကူအများကြီးပြု

ဒီမှာပန်းထိုးထားတဲ့ ပြိုင်ပွဲဝင် ၁၇ ဦးရှိတယ်။ လန်းစကိတ်ပြိုင်ပွဲ ခုနစ်ခုရှိတယ်။ နောက်တစ်ခုက ပန်းပြခန်းတွေ ပန်းအရောင်းဆိုင်တွေက ၅၁ ခန်းရှိပါတယ်။ အများပြည်သူအတွက်ကျတော့လည်း **အချပ်ကို (ဃ) သို့**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ၁၁၃ နှစ်ပြည့် အခမ်းအနား ယခင်နှစ်ထက် စည်ကားစွာ ကျင်းပမည်

ပျော်ရွှင်စရာ၊ စိတ်လှုပ်ရှားစရာ ပြပွဲများဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် (၁၁၃)နှစ်ပြည့် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်မှစ၍ သုံးရက်တိုင် ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

■ သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် (၁၁၀)နှစ်ပြည့် အခမ်းအနားမှ စ၍ ယခုနှစ်ထိ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပွဲတော်တွင် ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကိုကျင်းပခဲ့ကာ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူလေးများ၏ အကပဒေသာ၊ မျက်လှည့်ပညာနှင့် ဆပ်ကပ်ပွဲများ ထည့်သွင်းထားရှိကာ ပညာပေးအစီအစဉ်များဖြစ်သော ဂိမ်းများ၊ ဆင်လိမ္မာ၊ မျောက်လိမ္မာအကများ၊ တိရစ္ဆာန်များနှင့် ဓာတ်ပုံတွဲရိုက်သော အခမဲ့အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

ထူးခြားသောအစီအစဉ်များပါဝင်

သုံးရက်မြောက် နောက်ဆုံးနေ့(တနင်္ဂနွေနေ့)တွင် အဆိုတော် ဟဲလေး၊ အိမ့်ချစ်နှင့် အခြားအဆိုတော်များ သီဆိုဖျော်ဖြေမှုနှင့်အတူ သိန်းငှက်လိမ္မာပြပွဲကိုလည်း ထူးခြားသော အစီအစဉ်များဖြင့် ပြသွားမည် ဖြစ်ပြီး ယမန်နှစ် (၁၁၂)နှစ်ပြည့် ပွဲတော်တွင် ပရိသတ်သုံးသောင်းကျော် လာရောက်ကြည့်ရှု၍ ယခုနှစ်တွင် ထူးခြားသော အစီအစဉ်များဖြင့် ပရိသတ်ပိုမို လာရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ရှေးမူမပျက်စီမံထား

"ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးက နှစ်ပေါင်းရာကျော်သွားပြီဆိုတော့ ရှေးဟောင်းတိရစ္ဆာန်ဥယျာဉ်ဆိုရင်လည်း မမှားပါဘူး။ ရှေးမူလည်းမပျက်အောင် အထူးဂရုစိုက်ပြီး ခေတ်နဲ့အညီလည်းဖြစ်အောင် စီမံထားပါတယ်။ ဒီနှစ် (၁၁၃)နှစ်ပြည့်ပွဲမှာ ပရိသတ်ငါးသောင်းကျော် ဝင်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ မနှစ်ကထက် ပိုပြီးစည်ကားမှာပါ"ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ စီမံမန်နေဂျာ ဦးမျိုးကျော်သူက ပြောသည်။

တိရစ္ဆာန်မျိုးစုံတွေ့မြင်နိုင်

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၀၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုဆိုလျှင် နှစ်ပေါင်း ၁၁၃ နှစ်ရှိပြီဖြစ်ရာ မြန်မာပြည်တွင် ကိုလိုနီလက်ထက်က တည်ဆောက်ဖွင့်လှစ်ခဲ့သော တိရစ္ဆာန်ဥယျာဉ်ကြီးတစ်ခုအဖြစ် တွေ့မြင်နိုင်သည့်အပြင် ရန်ကုန်မြို့၏ အရိပ်အာဝါသကောင်းမွန်သော စိမ်းစိုအေးချမ်းရာ နေရာတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ၏ ၁၁၃ နှစ်ပြည့်ပွဲတော်တွင် မျိုးစိတ်ပေါင်း ၁၅၀၀ ကျော်နှင့် ပြခန်းပေါင်း ၅၀ ကျော်မှ တိရစ္ဆာန်မျိုးစုံကို တွေ့မြင်ရမည်ဖြစ်ပြီး ယခင်နှစ်ထက် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဟု သိရသည်။

အချပ်ပို (ဂ) မှ

ဒီနေ့မနက်အစောကြီး ကျွန်မရောက်တဲ့အချိန်မှာ အသက် ၈၀ ကျော် အဘိုးအဘွားဇနီးမောင်နှံဟာ လူတွဲပြီး ရောက်လာတယ်။ သူတို့က ပန်းကိုသိပ်ချစ်တာတဲ့။ ပန်းကို တစ်စုတစ်စည်းတည်း မြင်ရဖို့ဆိုတာ အခုလိုအချိန်လည်း သူတို့ လာလို့ အဆင်မပြေဘူး။ အဘိုးက တစ်ယောက်တွဲ၊ အဘွားက တစ်ယောက်တွဲ တုတ်ကောက်ကလေးနဲ့ လာရတာ။ ဒါမျိုးကိုလည်း သူတို့ မြင်ချင်လို့၊ ပန်းကိုလည်း သိပ်ဝါသနာပါတာ၊ သူတို့အိမ်မှာ ပန်းစိုက်ထားတယ်တဲ့။ ဒါပေမယ့် အဲဒီပန်းပွင့်လာတဲ့အခါမှာ မခူးရက်ဘူးတဲ့။ ပန်းကို ကြွေတဲ့အထိ ကြည့်တယ်ပေါ့။ ဒီမှာဆို ဒီထက်လှတဲ့ ပန်းတွေကို မြင်ရမှာပေါ့ဆိုပြီး မနက် အစောကြီးက လာကြည့်သွားတယ်။

အများပြည်သူကြည့်ရှုနိုင်

ဒီလိုပဲ ပန်းကို စိတ်ဝင်စား တဲ့သူတွေလည်း လာကြမယ်ပေါ့။ ဒီပန်းလေးတွေကို မြင်ရခြင်း အားဖြင့် စိတ်ထဲမှာသာယာမယ်။ ကြည်နူးမယ်။ အလှအပကို မြတ်နိုးတဲ့သူ၊ ခံစားမှုရှိတဲ့သူ၊ နှလုံးသားပျော့ပျောင်းတဲ့သူ ပြောရမယ်ဆို ချစ်တတ်တဲ့သူပေါ့။ အဲဒီလိုသူမျိုးတွေအတွက်က ဒီပန်းတွေက အထောက်အကူ အများကြီး ပြုပါတယ်။ ဒီလူတွေ အတွက်ကို စိတ်ချမ်းသာစေပါတယ်။ နောက်တစ်ခါက ဒါက ကန်တော်ကြီးနဲ့ နီးတဲ့အတွက် ကြောင့်မို့လို့ ကန်တော်ကြီး လာတဲ့သူတွေ၊ စနေ၊ တနင်္ဂနွေ ပိတ်ရက်သွားလာကြတဲ့သူတွေ အတွက်လည်း ဒါတွေကို အချိန်မရွေး ဝင်ကြည့်နိုင်တယ်ပေါ့။ ကျွန်မတို့အနေနဲ့ ဇန်နဝါရီ ၁၈ ရက်ကစပြီး ဇန်နဝါရီ ၂၂ ရက်အထိ ထားမှာဆိုတော့ အများပြည်သူလည်း လာဝင်ပြီးတော့ ကြည့်ရှုနိုင်ပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

မြင်ရခဲ တွေ့ရခဲတဲ့ ပန်းတွေရှိပါတယ်။ ဥပမာ-သဇင်ပန်း တစ်ခုဆိုရင် သဇင်စုတ်ဖွားဆိုရင် ကျွန်မတို့ တစ်ခါမှမတွေ့ဖူးဘူး။ ကျွန်မတို့တွေဖူးတာဆိုရင် ရိုးရိုးသဇင်ပဲ တွေ့ဖူးတာ။ အဲဒီလိုမျိုးပေါ့နော်။ နည်းနည်းထူးဆန်းတဲ့အရာလေးတွေ ပန်းတွေထဲမှာ အများကြီးရှိပါတယ်။ ပန်းတင်မဟုတ်ပါဘူး။ မှိုစိုက်တဲ့ပြခန်းတို့ ဆလတ်ရွက်ကို မြေကြီးမရှိတဲ့နေရာမှာ ဘယ်လိုစိုက်မလဲဆိုတာ ပြထားတဲ့ပြခန်းတွေရှိတယ်။ နောက်တစ်ခုက ဝါးအသင်းကနေ ဝါးနဲ့ပတ်သက်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြထားတာလည်း ရှိတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဖန်တီးထားတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်"။

စိတ်အပူကို ငြိမ်းအေးစေ

ကန်ရေပြင်ကို တိုက်ခတ်လာသော လေနုအေးနှင့် စိမ်းမြမြ မြက်ခင်းပြင်တို့က ပန်းပွဲတော်လာရောက်ကြည့်ရှုသူအပေါင်း၏ စိတ်ကို အေးချမ်းစေသည်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရွှေတိဂုံစေတီလာ ဘုရားဖူးသူပြည်သူများ၊ နေ့ခင်းနေ့လယ် အချိန်ခါကို သစ်ပင်ကြီးအောက်တွင် နားခိုလိုသူများက ကန်တော်ကြီးရေပြင်ရှိရာ အရောက်လာကြမည်မှာ မလွဲကေန် ဖြစ်သည်။ ထိုထိုသော မြို့သူမြို့သားတို့အတွက် ဆင်ဖြူတော်ရုပ်တုကြီးများအနီးတွင် ခင်းကျင်းထားသော ပန်းမန်ပြပွဲက ဆီးကြို၍ နေမည်ဖြစ်သည်။ ပန်းအလှ ပန်းရနံ့တို့က လာရောက်ကြည့်ရှုသူတို့၏ စိတ်အပူကို ငြိမ်းအေးစေမည်ဖြစ်သည်။ ပန်းချစ်သူ ရန်ကုန်သူတို့အဖို့ လက်မလွှတ်သင့်သော ပန်းမန်ပြပွဲတစ်ခုဆီသို့ အရောက်လှမ်းသင့်ပါကြောင်း . . .။

အချပ်ပို(က)မှ

တစ်ဦးစီနှင့် မြို့နယ်ကော်မတီဝင် နှစ်ဦးစီ ရွေးချယ်ပေးရမည်ဖြစ်သည်။ သို့အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ ၉၉ ဦး ရှိလာမည်ဖြစ်သည်။ မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ခြောက်ဦးကိုမူ ၃၃ မြို့နယ်မှ လူဦးရေဖြင့် မျှ၍ မြို့နယ်စုခြောက်ခု၊ မဲဆန္ဒနယ် ခြောက်နယ်အဖြစ် သတ်မှတ်၍ တစ်ဦးစီရွေးချယ်သွားမည်ဖြစ်သည်။ထို့ကြောင့် စည်ပင်ရွေးကောက်ပွဲမှ ပြည်သူကိုယ်စားလှယ် ၁၀၅ ဦး ပေါ်ထွက်လာမည်ဖြစ်သည်။

ထိုရွေးချယ်ခံ ခြောက်ဦးထဲမှ တစ်ဦးကိုမူ ဒုတိယမြို့တော်ဝန်အဖြစ် မူလအစိုးရခန့် ကော်မတီ ငါးဦးနှင့် တက်လာမည့် ကော်မတီဝင် ခြောက်ဦး စုစုပေါင်း ၁၁ ဦးတို့က လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ပေးရမည်ဖြစ်သည်။ သို့အတွက် ငယ်ရွယ်သော၊ တက်ကြွသော အသက် ၂၅ နှစ်အရွယ်ထဲမှလည်း ဒုတိယမြို့တော်ဝန် ဖြစ်လာနိုင်စရာ အခွင့်အရေးတစ်ရပ်ရှိလာနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ကြီးတွင် နေထိုင်သူ ဦးရေမှာ ခုနစ်သန်းနီးပါး ရှိသည်။ နေ့စဉ် စည်ပင်ကိစ္စနှင့် ကြုံတွေ့နေကြရသောသူများသာ ဖြစ်သည်။ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း စည်ပင်နှင့် မလွတ်ကင်းကြပေ။

အမှိုက်ခွန်ကအစ ရေခွန်၊ မြေခွန်၊ မျိုးစုံသော အခွန်များကို ဆောင်ရွက်နေကြသူများဖြစ်သည်။ ကော်မတီအနေဖြင့်လည်း ထိုထိုသော အခွန်များရရှိမှသာလျှင် မြို့တော်သူ မြို့တော်သားတို့ သန့်ရှင်းအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ပြန်လည်ဆောင်ရွက်နိုင်မည်သာဖြစ်သည်။

ယနေ့ကျင်းပမည့် စည်ပင်ရွေးကောက်ပွဲကြီးကိုလည်း မြို့တော်သူ မြို့တော်သားများက ပေးဆောင်ထားသည့် အခွန်ငွေထဲမှ စိုက်ထုတ်ကျင်းပရခြင်းသာ ဖြစ်သည်။ ကုန်ကျစရိတ်ငွေကျပ် ၂ ဘီလီယံဟု ခန့်မှန်းထားကြောင်း သိရသည်။

သို့... ဆိုရသော် မြို့နယ်အဆင့်နှင့် မြို့တော်ကော်မတီဝင် စုစုပေါင်း ၁၀၅ ဦးရှိမည်ဖြစ်ရာ အချိုးကျတွက်ကြည့်မည်ဆိုပါက ကော်မတီဝင်တစ်ဦးအတွက် ငွေကျပ် သိန်း ၁၉၀ ကျော် အကုန်အကျခံရွေးချယ်ပေးခြင်းဟု ဆိုရမည်ဖြစ်ပေသည်။

ငွေကြေးကုန်ကျမှုအပေါ်တွင် ချင့်ချိန်၍ ရွေးချယ်ခံကိုယ်စားလှယ်တစ်ဦးအနေဖြင့် သက်တမ်းနှစ်နှစ်အတွင်း အများအတွက် ဆောင်ရွက်ပေးနိုင်မှုမှာ ညီမျှနိုင်ပါ၏လောဟု မြို့တော်သူ မြို့တော်သားများက သချာနည်းအရ အဖြေရှာနေကြသည်။

သမ္မတဦးသိန်းစိန်လက်ထက် စည်ပင်ရွေးချယ်ခံကော်မတီဝင်(၇) ဦးခင်လှိုင်(ဇောတိက)က " ရန်ကုန်မြို့မှာ စည်ပင်သာယာရေးကော်မတီက အသက်ပဲ၊ အရွေးခံခြောက်ဦးထဲမှ တော်တဲ့လူ ထက်မြက်တဲ့လူ၊ တစ်ယောက်မဟုတ်နှစ်ယောက်လောက်ပါရင် အားကောင်းသွားမယ် အိုကေပေါ့။ အဲဒီလိုလူမျိုးတွေကိုသာ မြို့တော်သူ မြို့တော်သားတွေက စနစ်တကျနဲ့သေချာရွေးပေးနိုင်ရင်တော့ ရန်ကုန်မြို့ကြီးကို တစ်နှစ်ခွဲ နှစ်နှစ်နဲ့ မပြောနဲ့ ခြောက်လနဲ့တောင်ပြောင်းလို့ရတယ်"ဟု ဆိုထားဖူးသည်။

အလုံမြို့နယ်အတွင်းမှ ဦးတင်မောင်ဦးက"ကာလအတိုအရှည်က အဓိကမကျပါဘူး။ ပြည်သူ့အသံကို နားထောင်ပြီး ဆောင်ရွက်ပေးနိုင်တဲ့ ကိုယ်စားလှယ်ဖြစ်ဖို့ အရေးကြီးပါတယ်။ စည်းရုံးရေးကာလတုန်းကအပြောတွေနဲ့ တကယ်ဖြစ်လာတဲ့အချိန်မှာ အပြောနဲ့ အလုပ် တစ်ထပ်တည်းကျဖို့ လိုပါတယ်။ ဒါကလည်း ကြုံခဲ့ရတဲ့ အတွေ့အကြုံအရ ပြောတာပါ"ဟု ဆိုထားသည်။

မည်သို့ပင်ဆိုကြစေကာမူ မြို့တော်သူ မြို့တော်သားတို့၏ ဆန္ဒနှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကြီး မကြာမီ ကျင်းပတော့မည်ဖြစ်သည်။

ငွေကြေးကုန်ကျမှုနှင့်အညီ ထိုက်တန်သော ကိုယ်စားလှယ်များ၊ မြို့တော်သူ မြို့တော်သားများ၏ အကျိုးကို အဂတိကင်းရှင်းစွာ၊ အတ္တကင်းစွာ၊ မာန်မာနတရားကင်းစွာဖြင့် ပရဟိတစိတ်ဖြင့် စွမ်းဆောင်နိုင်ကြသော ကိုယ်စားလှယ်များကို မှန်ကန်စွာ ရွေးချယ်နိုင်ကြစေရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။